www.burmeseclassic.com



# ထူးမြတ်ကြယ်

ဟင့်အင်းမင်းသားနှင့်
အိုးဂေါ့မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

# ဟင့်အင်းမင်းသားနှင့်အိုးဂေါ့မင်းသမီး

စီစဉ်သူ--ဦးအောင်စိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၄၄၈၁၂၁၁
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၄၀၃၁၂၁၁
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျော်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်(၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အချုပ်ချုပ် – ကိုစိုးနိုင်နှင့်အဖွဲ့
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ ဇန်နဝါရီလ။
အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၀၀၀ ကျပ်

ဖြန့်ချိရေး – **ခူနစ်ဇော်ကြယ်စာပေ**

အမှတ် [illegible]၃၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃

ထူးမြတ်ကြယ်

ဟင့်အင်းမင်းသားနှင့်အိုးဂေါ့မင်းသမီး / ထူးမြတ်ကြယ် ။ -ရန်ကုန်၊
သိန်းမင်းစာပေ ၊ ၂၀၁၁ ။
၁၆၄ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ဟင့်အင်းမင်းသားနှင့်အိုးဂေါ့မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

မိန်းမတွေရဲ့အဆင်းကို ဥစ္စာဟု ဆိုကြသည်။ ထိုသို့ဆိုလျှင် ယောကျ်ားတွေရဲ့အဆင်းကို မည်သို့ ဆိုမည်နည်း။

သူသည် မွေးဖွားခဲ့သည်မှစ၍ အလွန်အင်မတန် ထူးခြားလွန်းစွာ ချောမောလှပသော လူသားယောကျ်ားအဖြစ် ကြီးပြင်းလာသည်။

“ဒီကလေးလေးက ချောလိုက်၊ လှလိုက်တာဟယ်၊ ချစ်စရာလည်း အရမ်းကောင်းတာပဲ”

သူ့ကို မြင်လိုက်မိသူတိုင်းက ဤကဲ့သို့ မချီးမွမ်းဘဲ မနေနိုင်ပါ။ အားလုံးက ရင်သပ်ရှုမောပြောဆိုတတ်ကြသည်။

“ပုံပြင်တွေထဲက ရွှေမင်းသားလေးအတိုင်းပဲနော်၊ ဒီရုပ်ရည်နဲ့သာ ရုပ်ရှင်မင်းသားလုပ်ရင်တော့ လူတိုင်း စွဲမက်စရာကောင်းမော



www.burmeseclassic.com

www.burmeseclassic.com



ခေမှာ သေချာတယ်"

သူဟာ တစ်နေ့နေ့၊ တစ်ချိန်ချိန် ပြည်သူချစ်တဲ့ သရုပ်ဆောင်မင်းသားတစ်ယောက် ဖြစ်မည်ဆိုသော အများသူငှာ သုံးသပ်နိမိတ်ဖတ်မှုတွေက နှလုံးသားမှာ အမြစ်တွယ်စွဲထင်နေခဲ့သည်။

သူသည် တစ်ချိန်တွင် နိုင်ငံကျော် (ဒီ့ထက်လောဘကြီးပိုပြောရလျှင် ကမ္ဘာကျော်) ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်ရမည်။ ဖြစ်ကို ဖြစ်ရမည်။

BURMESE CLASSIC

သို့ဆိုပါလျှင် ...

ယောကျ်ားတစ်ယောက်၏အဆင်းသည် ဥစ္စာဖြစ်လာရမည် မဟုတ်ပါလား။

ဤသို့ဖြင့် ... တဖြည်းဖြည်း အရွယ်ရောက်ကြီးပြင်းလာသောသူသည် ရောက်လေရာတိုင်း၌ ချောမောခံ့ညားနူးညံ့လှပတင့်တယ်ခြင်း ဂုဏ်ဒြပ်ပေါင်းစုံနှင့် ရွှေမင်းသားလေးအဖြစ် သတင်းမွှေးလျက် ရှိလေသည်။

"ဒီကလေးက မွေးကတည်းက လောကရဲ့လက်ဆောင်ကောင်းတွေ အများကြီးရခဲ့တာပဲ၊ ချမ်းသာကြွယ်ဝခြင်းလက်ဆောင်၊ ရုပ်ရည်ချောမောတဲ့လက်ဆောင်၊ ပညာတတ်တဲ့လက်ဆောင်၊ လူချစ်လူခင်ပေါတာ၊ ဆွေကောင်းမျိုးကောင်းတွေရှိတာ၊ လုပ်ချင်တိုင်း လုပ်ချင်တာတွေ လုပ်ခွင့်ရတာ၊ ဘာလိုအပ်ချက်မှကို မရှိဘူး"

"ဒါဆို လောကရဲ့အကောင်းဆုံးလက်ဆောင်တွေရဲ့ထားတဲ့သူ့ကို 'လက်ဆောင်'ဆိုတဲ့နည်မည်လေးပဲ ပေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ... သူ၏အမည်သညာခေါ်စရာကား ထူးထူးထွေထွေစဉ်းစားစရာမလိုဘဲ 'လက်ဆောင်' ဟု အမည်တွင်ခဲ့လေသည်။

ထိုသို့ ... အရာရာ ပြည့်စုံခြင်းများနှင့် သူသည် ဘဝတစ်လျှောက်လုံး ကသောင်းကနင်း၊ ကသိကအောက်ဖြစ်အောင် ဒုက္ခပေးခဲ့သော 'အားနည်းချက်' ကြီးတစ်ခုရှိနေတာကိုတော့ မည်သူကမျှ သတိမထားမိခဲ့ကြပါ။ ထိုအားနည်းချက်ကြီးက အလွန်ဆိုးရွားလိမ့်မည်ဟုလည်း မည်သူကမှ ထင်မထားကြပါ။

မှတ်သည်။ သူ့တွင် ... သူ့ဘဝ၊ သူ့ရုပ်ရည်နှင့်မလိုက်ဖက်အောင် အင်မတန်အကျည်းတန်သော အားနည်းချက်ကြီးတစ်ခုက တစ်နေ့တခြား ပိုမိုဆိုးရွားစွာ ပေါ်လာခဲ့သည်။

အနှီ အားနည်းချက်ကြီးကား ... ရုပ်ရှင်မင်းသားလုပ်ရန် ရုပ်ရှင်လောကထဲသို့ ... ခြေစုံပစ်ဝင်လိုက်သောအခါမှ ဖူးပေါ်သလို ထင်းထင်းကြီး ပေါ်လာလေတော့သည်။

— ကက —


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း (၂)

(သေးသေးလေးလား × × × ကြီးကြီးလေးလား × × × သေးသေးလေးပဲလား × × × ကြီးကြီးလေးပဲလား × × × သေးသေးကြီးကြီး × × × ကြီးကြီးသေးသေး × × ×)

"ဒုန်း"

"အောင်မလေးသောက်ခွေး"

ဦးချိုတူးက စားပွဲခုံကို လက်သီးဖြင့် အားကုန်ထုလိုက်သည်။ "ဒုန်း" ဟူသော ကျယ်လောင်သည့်အသံကြီးကြောင့် အိမ်ရှေ့ဧည့်ခန်းတွင် ချိတ်ထားသော မှန်ရှေ့၌ သူ့အလှသူ အရိပ်တကြည့်ကြည့်လုပ်ရင်း ခေါင်းဖြီးနေသော သရဖီဝမ်းမှာ အလန့်တကြားယောင်အော်ကာ လက်ထဲကဘီး လွတ်ကျသွားလေသည်။ သီချင်းနားထောင်ရင်း ခန္ဓာကိုယ်ဝဝကြီးကို စည်းချက်ကျကျ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရမ်းနေသော ခွာညိုဖြမ်းခများလည်း အလှုပ်အရမ်းရပ်ပြီး မျက်ကလူးဆန်ပြာ လှမ်းကြည့်သည်။

ဦးချိုတူးက ...

"မိခွါညို ... နင် အဲ့ဒီသီချင်းကို ခုချက်ချင်းပိတ်လိုက်စမ်း"

"ဟာ ... ဦးကြီးကလဲ"

"ပိတ်ဆိုပိတ် ... နင့်ရဲ့ တစ်ချိန်လုံး ကြီးလိုက်၊ သေးလိုက်နဲ့ အသံတွေကြောင့် ဒီမှာ ငါ့စာရင်းတွေတွက်လို့ကို မရဘူး"

ဦးချိုတူးက စာရင်းစာအုပ်ကိုပိတ်ပြီး ခေါင်းကို တဖျင်းဖျင်းကုတ်သည်။ သရဖီဝမ်းက ...

"ဦးကြီးကိုလေ ... သိပ်စိတ်ပျက်တာပဲသိလား၊ လန့်တတ်လွန်းလို့ အဲသလို အလန့်တကြားကြီးမလုပ်ပါနဲ့လို့ ... သမီး ခဏခဏတောင်းပန်ပေါင်းလည်းများလှပြီ ... ဟွန့်"

ထိုအခါမှ ဦးချိုတူး သတိရတော့သည်။ သူ၏တူမ အလတ်ဖြစ်သူသရဖီဝမ်းမှာ အင်မတန် ထိတ်လန့်တတ်လွန်းပြီး လန့်လျှင် တစ်ခါတစ်မျိုးမရိုးရလေအောင် အသစ်အဆန်းမျိုးစုံကို ပေါက်တတ်ကရ ယောင်တတ်သူဖြစ်သည်။

တစ်ခါတရံအယုတ္တအနတ္တတွေပါ ယောင်တတ်၍ နတ် သမီးလေးတမျှချောမောလှပသောရုပ်ရည်လေးနှင့်မလိုက်ဖက် အကျည်းတန်လှသည်။

ထို့ကြောင့် ... တူမချောလေးအရုပ်ဆိုးအကျည်းတန်မှုမျိုး မဖြစ်ရလေအောင် ဦးချိုတူးအထူးဂရုစိုက်သည်။ ဂရုစိုက်နေသည့်ကြားမှ စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားသည့်အခါ ခုလို အလန့်



www.burmeseclassic.com

www.burmeseclassic.com


တကြားလုပ်မိသွားပြန်သည်။

"အဲ အဲ ... ဆောရီးပါ ချစ်တူမလေးရယ်၊ ဒီမှာ ဦးကြီးက စာရင်းတွက်နေတာ မကိုက်ရတဲ့အထဲ မိခွါညီဖွင့်ထားတဲ့ သီချင်းသံက အာရုံနှောက်လွန်းတော့ စိတ်တိုပြီး လုပ်လိုက်မိတာ ... ဘွာတေး ... ဘွာတေး"

အမှန်က ဦးချိုတူးတွက်နေသော စာရင်းမှာ သူ၏ ဝင်ငွေထွက်ငွေစာရင်းသာဖြစ်သည်။ ထိုသို့ စာရင်းတွက်တိုင်းလည်း ဝင်ငွေ၊ ထွက်ငွေနှင့် လက်ကျန်ငွေ ဘယ်တုန်းကမှ မကိုက်ပါ။ မကိုက်တာလည်းမပြောနှင့်။ ဦးချိုတူး၏ တူမသုံးယောက်မှာ လစ်လျှင်လစ်သလို၊ မလစ်လျှင်လည်းမလစ်သလို အံဆွဲထဲကငွေကို တစ်ယောက်တစ်ပေါက်နှိုက်ယူသုံးစွဲကြသည်။ တစ်ယောက်က သီချင်းခွေမျိုးစုံဝယ်သည်၊ တစ်ယောက်က အလှပြင်ပစ္စည်း အကောင်းစားမှန်သမျှသုံးသည်၊ အငယ်ဆုံးက တီဗွီဂိမ်းဆော့ဖို့ယူသည်။

ဒါတွေကို ဦးချိုတူးခမျာ သဘောမပေါက်ရှာဘဲ ဝင်ငွေထွက်ငွေစာရင်းနှင့်လက်ကျန်ငွေ ဘယ်သောအခါမှ ကိုက်အောင်တွက်မရဖြစ်နေတတ်သည်။

"အငယ်မအင်ကြင်း ဘယ်သွားလဲ"

"**TV Game** ဆိုင်နေမှာပေါ့"

"ဘာ"

"ပလုတ်တုတ်"

"ဟာ ... ဦးကြီးကလဲ၊ အလန့်တကြားအော်ပြန်ပြီ"

"အေးပါ အေးပါ၊ ဒင်းတို့နဲ့ငါ့စိတ်က ထိန်းလို့ကိုမရတာ



www.burmeseclassic.com

www.burmeseclassic.com


ဘယ့်နှယ် ငါ့စည်းစိမ်ဥစ္စာကို မကုန်ကုန်အောင် သက်သက်ဖြုန်း နေတာပဲ၊ အိမ်မှာ အင်တာနက်ရော၊ ဂိမ်းရော အပြည့်အစုံဆင် ပေးထားရဲ့နဲ့အပြင်ဆိုင်ထွက်ဆော့စရာလား ... ဟင်"

"ဒါတော့ ဦးကြီးရယ်၊ ကလေးတွေက အပြင်ဆိုင် ပိုပျော် တယ်လေ၊ အပြင်ဆိုင်တွေက အခွေပိုစုံပြီး သူငယ်ချင်းတွေနဲ့အတူ ဆော့ရတာကိုး"

ခွါညိုဝမ်းက ဝင်ပြောသည်။ ညီအစ်မသုံးယောက်တွင် ခွါညိုဝမ်း က အကြီးဆုံးဖြစ်၏။

"ဒါဆို ငါ့ပိုက်ဆံတွေ အပိုကုန်အောင် ဘာလို့ အိမ်မှာ ဆင်နိုင်းသေးလဲ၊ ဒီလိုပဲ အပြင်ထွက်ဆော့ပါလား"

"ဒါတော့ ဦးကြီးရယ်၊ သူများနဲ့ယှဉ်ရင် မျက်နှာမငယ်ရ အောင်လို့ပေါ့"

"ဟွန်း ... ဒီလိုနေရာကျ အပြိုင်အဆိုင်လုပ်ချင်တယ်၊ စာကျသူများနဲ့ယှဉ်ပြီးမျက်နှာမငယ်ရအောင် အပြိုင်မကြိုးစားချင် ဘူး၊ အကြီးဆုံးဖြစ်တဲ့နင်နဲ့အငယ်ဆုံးအင်ကြင်းကိုတော့ ငါ လုံးဝ စိတ်တိုင်းမကျဘူး"

"အင် ... စာမေးပွဲလေးမအောင်တာနဲ့များ"

"သရဖီပဲ ငါ့စိတ်တိုင်းကျအောင်နေတယ်"

"ဟွန့် ... သရဖီက တစ်ချိန်လုံးလှဖို့ပဲ လုံးပမ်းနေတာများ"

"ဟဲ့ ... နင်က အကြီးဖြစ်ပြီး အဲဒါလောက်ကို လိုက် ထောက်ပြောမနေနဲ့၊ ရုပ်ရှင်မင်းသမီးလုပ်မယ့်သူက ဒီလောက် တော့ရှိရမှာပေါ့၊ နဂိုကတည်းကလည်း မှန်နေအောင်လှပြီးသားပဲ၊ ပြီးတော့ ကျောင်းလည်းပြီးပြီ၊ အိမ်မှာလည်း ကူဖော်ရသေးတယ်၊


www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော နင်တို့ထက်တော့သာတယ်၊ နင်က ခုထိ ဆယ်တန်းတောင် အောင်သေးလို့လား"

"ဦးကြီးက တူမချင်းအတူတူ သိပ်မျက်နှာလိုက်တာပဲ၊ ကြည့်နေပါ၊ ခွါညိုလည်း နိုင်ငံကျော်အဆိုတော်ဖြစ်စေရမယ်"

"အောင်မလေးနော် ... လေကျယ်မနေနဲ့ အဆိုတော်လုပ်ဖို့ နင့်အသံကြီးက ဘယ်လောက်ကောင်းနေလို့လဲ၊ ကျီးအာတာမှ သာယာသေးတယ်"

"ဦးကြီး"

"အမေ့ ... ဘုန်းကြီးကြွ"

ခွါညိုဝမ်းက အသံဗြဲကြီးနှင့်ကုန်းအော်ပြန်တော့ သရဖီဝမ်းလန့်ပြီး အိမ်ရှေ့လမ်းပေါ်ကြွသွားသောဘုန်းကြီးကိုမြင်၍ ပေါက်ကရ ယောင်ပြန်သည်။

"တော်ပြီ ... တော်ပြီ၊ ကိုယ့်အခန်းထဲကိုယ်နေပြီး အမူအရာလေ့ကျင့်တာပဲကောင်းတယ်"

သရဖီဝမ်းက ခြေဆောင့်ပြီး အခန်းထဲဝင်သွား၏။ ဦးချိုတူးတွင် အစ်ကိုဖြစ်သူ ဦးချိုဝမ်းက မွေးသော နှစ်နှစ်ကြီး၊ နှစ်နှစ်ငယ် တူမသုံးယောက်ရှိသည်။ သူတို့လေးတွေ အရွယ်မရောက်ခင်ကပင် အစ်ကိုဖြစ်သူဦးချိုဝမ်း ဆုံးပါးသွား၏။ မိခင်ဖြစ်သူကလည်း နောက်အိမ်ထောင်ပြုပြီး လိုက်သွားတော့ တူမသုံးယောက်ကိုမပေးလိုက်နိုင်သော ဦးချိုတူးက ရင်အုပ် မကွာပြုစုစောင့်ရှောက်ရင်း အပြီးတိုင်မွေးစားထားခဲ့ခြင်းဖြစ်သည်။

ဦးချိုတူးက တူမသုံးယောက်ကို ပြည့်စုံစွာ ရှာဖွေကျွေးမွေးခဲ့သလို အစ်မအပျိုကြီးဒေါ်စိမ်းမြက ပြုစုစောင့်ရှောက်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


ဦးချိုတူးတို့ လူပျိုကြီး၊ အပျိုကြီးမောင်နှမနှစ်ယောက်နှင့် တူမအပျိုဖြန်းသုံးယောက်မိသားစုငါးယောက်မှာ သာယာစိုပြည် အေးချမ်းပျော်ရွှင်ခဲ့ပါ၏။ သို့သော် ... တူမအကြီးဆုံးနှင့်တူမ အငယ်ဆုံးအတွက်တော့ စိတ်မအေးပါ။ ဒီနှစ်ယောက်အတွက် စိတ်တိုင်းမကျပူပင်ရသည်။

တူမအလတ်သရဖီဝမ်းလေးအတွက်ကတော့ အစစစိတ် တိုင်းကျသည်။ ထူးထူးခြားခြားမှူန်နေအောင်ချောမောလှပလွန်း သောသရဖီဝမ်းက သရုပ်ဆောင်ဝါသနာပါတော့ ဦးချိုတူးက လည်း ကူညီပံ့ပိုးပေးဖို့ စိတ်အားထက်သန်သည်။

သရဖီဝမ်းသာ ရုပ်ရှင်ဗွီဒီယိုလောကထဲခြေချလိုက်ပါက ပြည်သူအပေါင်းရင်သပ်ရှုမောငေးမောရသော ရွှေမင်းသမီးလေး ဖြစ်လာမှာ မြေကြီးလက်ခတ်မလွဲပင်။

အဲ ... တစ်ခုပဲခက်နေသည်။ သရဖီဝမ်းတွင် ရုပ်ရည်၊ ညာ၊ ငွေကြေးအစစပြည့်စုံနေသော်လည်း တစ်နေ့တခြားပိုမို ဆိုးရွားလာသောအားနည်းချက်တစ်ခုတော့ရှိသည်။

ဒီအတွက်ပဲ ဦးချိုတူးစိတ်ပူပါ၏။


www.burmeseclassic.com

www.burmeseclassic.com

## ——ဂ ၁ ဂ——

"ဟော့ကောင် လက်ဆောင်၊ မနက်ဖြန် သရုပ်ဆောင်သစ်ရွေးတာ လူတွေ့စမ်းသပ်မှာ မဟုတ်လား"

ရဲဆွေက ထန်းလျက်ပုလင်းကိုဖွင့်နေရင်းမှ သူ့ကိုလှမ်းမေးသည်။ မေးခွန်းဆုံးသောအခါ အဖုံးပွင့်သွားသောပုလင်းထဲမှ ထန်းလျက်ခဲတစ်လုံးကိုနှိုက်ယူကာ ပါးစပ်ထဲသို့ တစ်ခါတည်းပစ်သွင်း ဝါးမြုံလိုက်သည်။ သူက ...

"မင်းကွာ ... တ တစ်စက္ကန့်မှ ပ ပ ပါးစပ်ကို အ အအား မ မပေးဘူး၊ အ အလကားနေရင်းလည်း စား စားနေတာပဲ၊ ဘာ ဘာ အကျင့်မှန်းကို မ မသိဘူး"

"ငါမေးတာသာဖြေစမ်းပါ လက်ဆောင်"

"ဟုတ် ဟုတ်တယ်၊ မ မနက်ဖြန် ဆယ် ဆယ်နာရီခေါ်



www.burmeseclassic.com

www.burmeseclassic.com


ခေါ်ထားတာ"

"ငါ လိုက်ခဲ့မယ်လေ"

"တော် တော်ပါ ရဲ ရဲဆွေရာ၊ မင်းပါ ပါလည်း ငါ ငါ့အတွက် ဘာ ဘာမှ မ မထူးဘူး၊ ပြောဆိုနေရတာ အ အဖတ်တင်တယ်"

"လုပ်မနေနဲ့ နောက်ပိုင်း မင်း သရုပ်ဆောင်ဖြစ်သွားရင်လည်း မင်းနောက်ကို ငါပဲလိုက်ရမှာ၊ အဲဒီ သဝဏ်လွှာ ရုပ်ရှင်နဲ့ ဗွီဒီယို ထုတ်လုပ်ရေးက တင်လိုက်တဲ့မင်းသားသစ်၊ မင်းသမီးသစ်တိုင်း လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားသွားကြတာချည်းပဲ"

"ကံ ကံတူ အ အကျိုး ပေး ပေး ပေါ့ကွာ"

"ဘာပဲဖြစ်ဖြစ် ငါက မင်းကို အရွေးခံရစေချင်တယ်၊ ရုပ်ရည်ရယ် အိုက်တင်ကျွမ်းကျင်နေတာရယ်ကိုတော့ မင်းကိုငါ စိတ်ချတယ်၊ အဲ ... ဟို ... တစ်ခုပဲ"

ရဲဆွေစကားကြောင့် သူတစ်ချက်တော့ တွေသွား၏။ ဟုတ်သားပဲ။ သူ့မှာ အင်မတန်ဆိုးရွားတဲ့အားနည်းချက်ကြီးတစ်ခု ရှိနေသည်။ ရဲဆွေက ...

"အမှန်ကကွာ ... တခြားနိုင်ငံက အောင်မြင်နေတဲ့ဇာတ်ကားကြီးတွေမှာ သရုပ်ဆောင်တွေက စကားများများပြောတာမှ မဟုတ်ဘဲ၊ မျက်လုံးနဲ့ မျက်နှာအမူအရာတွေက သရုပ်ဆောင်သွားကြတာ ... တကယ်ကောင်းတာပဲလေ"

"အင်း"

"မင်းရုပ်ရည်က တစ်သိန်းတစ်ယောက်မရှိတဲ့ ပြိုင်စံရှား


www.burmeseclassic.com

www.burmeseclassic.com


ရုပ်ရည်ကွ၊ အရွေးခံရမှာတော့ သေချာတယ်၊ မင်းရဲ့အားနည်းချက်ကြောင့် ပျက်သွားတော့လည်း ဘာအရေးလဲ၊ မင်းမှာ စည်းစိမ်ဥစ္စာအပြည့်ရှိတယ်၊ ကိုယ့်ဖာသာထုတ်ဝေသူလုပ် ရိုက်ကြတာပေါ့"

ရဲဆွေပြောသလို သူလည်း သိတာပေါ့။ သို့သော် ရုပ်ရှင်လောကဆိုတာ သူတို့မကျွမ်းကျင်သော လောကစိမ်းနယ်ပယ်ဖြစ်သည်။ ကိုယ်ပိုင်ဗွီဒီယို၊ ရုပ်ရှင်ထုတ်လုပ်ရေးမလုပ်နိုင်၍မဟုတ်။ ငွေကလိုက်နိုင်သော်လည်း ကျွမ်းကျင်လူ မရလျှင်လုပ်ဖို့ခက်သည်။

ထို့ကြောင့် ကုမ္ပဏီတွေကခေါ်တာမျိုးကို အခွင့်ကောင်းစောင့်နေခဲ့ခြင်းပင်။ စောင့်ရကျိုးနပ်ပါ၏။ ယခု ... ကျောင်းပြီး၍အားလပ်နေသောအချိန်၊ အမူရာအိုက်တင်မျိုးစုံလေ့ကျင့်၍အသားကျကျွမ်းကျင်နေသောအချိန်တွင် "သဝဏ်လွှာ"ရုပ်ရှင်နှင့်ဗွီဒီယိုထုတ်လုပ်ရေးမှ မင်းသား၊ မင်းသမီးအသစ်တင်ဖို့ လျှောက်လွှာခေါ်သည်။

"မိတ်ကပ်ဆရာ စောစောလာဖို့ခေါ်ထားတယ်မဟုတ်လား လက်ဆောင်"

"အင်း ... မယ် မယ် မနက် ခု ခုနစ်နာရီ လာ လာဖို့ ပြော ပြောထားတယ်"

သူက ဟိုစဉ်ကတည်းက ပင်တိုင်မိတ်ကပ်နှင့်ဒီဇိုင်းသမားထားခဲ့သည်။ ယခုအချိန်တွင် သူ့မိတ်ကပ်သမားနှင့်သူအသားကျနေပြီ။ သူ့အထာကိုသိနေပြီ။ နဂိုရှိပြီးသားရုပ်ရည်ကို ပိုပြီးထင့်တယ်အောင် စွမ်းဆောင်ပေးနိုင်သည်။

"ငါ အခု အလုပ်တစ်ခုခုမလုပ်သေးတာက မင်း ရုပ်ရှင်


www.burmeseclassic.com

www.burmeseclassic.com



လောကထဲ ခြေချပြီးအောင်မြင်တဲ့နေ့ကိုစောင့်နေတာ"

"အောင်မာ ... ဘာ ဘာဆိုင်လို့လဲ ရဲ ရဲခွေ"

"ဟ' ဒါလေးတောင် သဘောမပေါက်ဘူးလား ငလက်ရ၊ အောင်မြင်ကျော်ကြားတဲ့မင်းသားတစ်ယောက်မှာ အစစအရာရာ စီမံပေးရမယ့် မန်နေဂျာ ဒါမှမဟုတ် အတွင်းရေးမှူးလိုတယ်"

"မေ မေမေ့ ခေါ် ခေါ်မှာပေါ့ကွ"

"ဘုရားတရားလုပ်နေတဲ့အန်တီ့ကို ဒုက္ခမပေးချင်ပါနဲ့ကွာ မင်းအတွက် ငါလိုသူငယ်ချင်းက အကောင်းဆုံးပါပဲ၊ အဲ တစ်ခု တော့ရှိတယ်"

"ဘာ ဘာလဲ"

"အခုထဲက လစာတော့ ကြိုတင်ပေးထားပေါ့ကွာ၊ ငါလဲ သုံးချင်တာလေးသုံးရအောင်"

ရဲခွေဆိုတဲ့ကောင်က ဒီလိုပါပဲ။ သူငယ်ချင်းကောင်းဟု ကြွေးကြော်ကာ သူ့စည်းစိမ်တွေကို ပါးဖြန်းဖြဲဝါးမျိုစားသောက် သုံးစွဲနေသူဖြစ်သည်။

"မကိုင်ဖူးကွာ ... ဘယ်ကဖုန်းလာ လာ ... မကိုင်ဖူးကွာ ဟင်"

သူတို့စကားပြောနေစဉ်မှာပင် ဟဲန်းဖုန်းလေးကမြည်လာ သည်။ သူ့ဆီဖုန်းလာလျှင် အိမ်ကဖုန်းရယ်၊ သူငယ်ချင်းတွေဆီက ဖုန်းရယ်ကလွဲ၍ တခြားကိစ္စမှန်သမျှ ရဲခွေပဲစကားပြောသည်။ ယခုလည်း ရဲခွေက ...

"ဘယ်ကမကိုင်ရမှာလဲ၊ ဘယ်ကဖုန်းလာလာ ကိုင်ချင် ရွှန်းလို့ ... ဟယ်လို"



www.burmeseclassic.com

www.burmeseclassic.com


ရဲဆွေက မိန်းမကြီးတစ်ယောက်လို ဖျစ်တောက်ဖျစ်တောက်ပြောရင်း ဖုန်းထူးလိုက်သည်။

"ဩော် ... ဟုတ်ပါတယ်၊ မော်ဒယ်လ်လက်ဆောင်ရဲ့ဖုန်းပါ၊ ဒါပေမယ့် ဘာကိစ္စဖြစ်ဖြစ်ကျွန်တော်နဲ့ပြောရင်ပြီးပါတယ်"

"................."

"ကျွန်တော်က သူ့သူငယ်ချင်းလည်းဟုတ်၊ အစ်ကိုဆိုလည်းဟုတ်၊ အိမ်ထိန်း၊ မန်နေဂျာ၊ အတွင်းရေးမှူး အကုန်ပါပဲ"

သူက ရဲဆွေကိုကြည့်ပြီးပြုံးသည်။ ရဲဆွေက သူ့ဖာသာယူထားသောရာထူးတွေကို ထိုသို့မနားမနေ ကြွားလုံးလည်း ထုတ်ဖာတ်သည်။

"မနက်ဖြန်တော့ မအားဘူးခင်ဗျ၊ ရုပ်ရှင်ဗွီဒီယိုကိစ္စအတွက် သွားစရာရှိတယ်"

"................."

"ဟုတ်ကဲ့၊ သန်ဘက်ခါရိုက်ပေးနိုင်ပါတယ်"

အခြေအနေကြည့်ပြီး နားထောင်ရသလောက် ပွဲဦးထွက်လမ်းစကောင်းပုံပါပဲ။ ဖုန်းပြောပြီးသွားတော့ ရဲဆွေက ...

"မဂ္ဂဇင်းမျက်နှာဖုံးမှာပါတဲ့မင်းကိုတွေ့ပြီး သဘောကျလို့ဆက်သွယ်လာတာကွ၊ အဝတ်အစားဒီဇိုင်းကြော်ငြာတစ်ခုရိုက်ဖို့အတွက် မင်းကို မော်ဒယ်လ်ငှါးလိမ့်မယ်၊ လမ်းကြောင်းပေါ်တော့ရောက်စပြုပြီ"

"ခါတ် ခါတ်"

"ဘာလဲ' ခါတ်သွားချင်လို့လား လက်ဆောင် သွားလေ"

ဟိုးခေတ်က ဝမ်းသွားတာကို ခါတ်သွားသည်ဟုသုံး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် စကားထစ်နေသောသူ့ကို ရဲဆွေက ထိုသို့မေး ခြင်းဖြစ်သည်။

"မ မဟုတ်ပါဘူး၊ အဲ ဓါတ် ဓါတ်ပုံပဲရိုက်ပြီး စ စကား မပြောရ ရရင်ကောင်းမယ်လို့ ပြော ပြောတာ"

— ၏ ၏ —



www.burmeseclassic.com

www.burmeseclassic.com

# ၈ --- (၂) --- ၈

ဦးချိုတူးတစ်မျက်နှာလုံးပြုံးချိုနေသည်။ အင်းလေ ... မျက်နှာကလည်း တစ်ခြမ်းပဲကွက်ပြီး ပြုံးလို့မှမရတာ။ ဒီတော့ တစ်မျက်နှာလုံးပြုံးရတော့၏။ ပြုံးရတာလည်းမပြောနှင့်။ ဦးချိုတူးနှင့်တူမဖြစ်သူသရဖီဝမ်းတို့စောင့်စားမျှော်လင့်ခဲ့ရသောအချိန်အခါ ရောက်၍လာပြီဖြစ်သည်။

"ကိုချို့တူမက လှတာတော့ပြိုင်စံရှားအလှပဲ၊ ဒီခေတ် အလှဆုံးဆိုတဲ့မင်းသမီးတွေတောင် သရဖီဝမ်းနဲ့ယှဉ်လိုက်ရင် သနားတယ်ဗျ"

ရုပ်ရှင်၊ ဗွီဒီယိုလောကတွင် ဓာတ်ကားတွေအများဆုံး ရိုက်ရပြီး အကယ်ဒမီဆုတွေရထားသည့်နာမည်ကြီးဒါရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကိုRလူးက အားပါးတရပြောသည်။

"အဲ ... တစ်ခုပဲပြောရဦးမယ်"

"ပြော၊ ကိုRလူး၊ ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာ ပြော ... ငွေကြေးကိစ္စလား"

"ဟာ ... မဟုတ်ပါဘူး ကိုချို၊ ဇာတ်ကားအတွက် ကုန်ကျငွေက ထုတ်ဝေသူရဲ့တာဝန်ပဲ၊ ကျွန်တော်ပြောမှာက ဒီလိုပါ၊ ရုပ်ရှင်ကပြောစရာမရှိပေမယ့် အမူအရာအိုက်တင်ပိုင်းမှာ လုံးဝ သုံးမရရင်"

"ဟဲ ဟဲ၊ ဒီအတွက်ဆိုမပူနဲ့ဗျို့၊ ကျွန်တော့်တမက အမူအရာပိုင်းကို နိုင်ငံတကာရုပ်ရှင်ဇာတ်ကားပေါင်းများစွာထဲက သရုပ်ဆောင်တွေရဲ့အိုက်တင်တွေကို နှစ်ပေါက်အောင်လေ့ကျင်ထားတာ၊ အပြောမဟုတ်ဘူးနော်၊ ကြိုက်တဲ့အမူအရာစမ်းသပ်ခိုင်းကြည့်ပါ"

ကိုRလူးဆိုတာ မင်းသားမင်းသမီးပေါင်းများစွာနှင့်ဇာတ်ကားပေါင်းများစွာရိုက်လာသူမို့ နည်းနည်းပါးပါးစမ်းသပ်ကြည့်လိုက်ရုံဖြင့် နှစ်ထောင်းအားရကျေနပ်သွားခဲ့သည်။

"ဟုတ်ပြီဗျို့၊ ဘာမှပြောစရာမရှိအောင်ကို တော်ပါပေတယ်ဗျာ၊ တကယ့်ဇါရမီရှင်ပဲ၊ တစ်ကားတည်းနဲ့ပေါက်သွားနိုင်တယ်လို့ ကျွန်တော်လောင်းရဲတယ် ကိုချို"

"လုပ်ဗျာ၊ ကြော်ငြာအားကောင်းကောင်းလေးနဲ့ အကောင်းဆုံးသာလုပ်ပေး၊ ငွေအတွက်လည်း အားမနာနဲ့၊ ကြော်ငြာအတွက် ခင်ဗျားထုတ်ဝေသူ သူဌေးက တစ်သိန်းပဲ အကုန်ခံရင် ကျွန်တော်က နှစ်သိန်းအကုန်ခံမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုတူးက ငွေကြေးသာပံ့ပိုးနိုင်ပြီး လူအားအနေဖြင့် ဘာတစ်ခုမှ ဝါယမစိုက်ထုတ်မကူညီပေးနိုင်ပါ။ စားဖို့သောက်ဖို့၊ လူတန်းစေ့နေနိုင်ဖို့ စီးပွားကို ကုန်းရုန်းရှာဖွေနေရသည် မဟုတ်ပါလား။

"အစစအရာရာပြည့်စုံကောင်းမွန်လွန်းလှပါတယ် ကိုချို၊ ခင်ဗျား တူမလိုလူမျိုးမှ လျှမ်းလျှမ်းတောက်မအောင်မြင်ရင် ဘယ်သူ အောင်မြင်မလဲ"

ဦးချိုတူး စိတ်အေးသွားရသည်။ ရွှေလိုဥ၊ ပိုးမွေးသလိုမွေး အရိပ်တကြည့်ကြည့်နှင့်ပြုစုပျိုးထောင်ခဲ့သော ချစ်တူမလေး၏ ဘဝက အောင်မြင်မှုလမ်းကြောင်းပေါ်လျှောက်မိပြီ။

"ကန်တော့ပွဲပေး၊ စာနယ်ဇင်းတွေဖိတ်၊ နာမည်ကြီး စာစောင်နဲ့ မဂ္ဂဇင်းတွေမှာ အင်တာဗျူး၊ သတင်းစာနဲ့တီဗွီတွေမှာ ကြော်ငြာလိုက်ရင် တစ်ချီတည်းနဲ့တစ်နိုင်ငံလုံးသိရောပဲ၊ ရှားရှားပါးပါးချောလွန်းနေတာကိုက သာလွန်အဆင့်ရောက်နေပြီ ကိုချို"

"ကို Rလူးပြောတာနဲ့တင် ကျေနပ်ဝမ်းမြောက်စရာကောင်းနေပါပြီဗျာ"

"ဓာတ်လမ်းကလည်း နာမည်ကြီးအချစ်ဟာသစာရေးဆရာဦးမင်းလူရဲ့ဓာတ်ဗျ၊ ပြီးတော့ မင်းသားသစ်ကလည်း ခင်ဗျားတူမနဲ့အပြိုင် သူ မသာ၊ ကိုယ်မသာချောမောသူပဲ၊ အမှုအရာပိုင်းကလည်း ဇကာတင်ရွေးတဲ့အထဲမှာ အကောင်းဆုံးမို့ အများသဘောကျရွေးထားတဲ့လူ၊ မျက်လုံးနဲ့ စကားလုံးပေါင်းများစွာ သရုပ်ဆောင်ပြသွားတာ ဒိုင်တွေအားလုံး ငေးပြီးမှေးသွားရတဲ့အထိ ပိုင်နိုင်တာဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ကြော်"

"ကဲဗျာ ... အားလုံးပြီးပြီ၊ ဓာတ်ကားအမြန်ဆုံးရိုက်ဖို့ လုပ်ရမယ်၊ မင်းသားနဲ့မင်းသမီးကို ဓာတ်လမ်းဖတ်ဖို့လာပေးတာ၊ ပြီးမှ အစမ်းစရိုက်ကြည့်မယ်"

ပြောဆိုပြီး ဒါရိုက်တာကို Rလူးက ပြန်ဖို့ပြင်သည်။ ဦးချိုတူးက ...

"သမီးရေ ... သရဖီ၊ ဒီမှာ ဒါရိုက်တာကြီးပြန်တော့မယ် ဟေ့၊ လာနှုတ်ဆက်ပါဦး"

သရဖီဝမ်းက အခန်းထဲမှ ညင်သာသိမ်မွေ့စွာထွက်လာသည်။ လှလိုက်တဲ့မိန်းကလေးဟု ဒါရိုက်တာကြီးစိတ်ထဲတွေးရင်း ငေးခနဲဖြစ်သွားသည်။

ထိုအချိန်တွင် ဗီရိုပေါ်အိပ်နေသော ကြောင်ကလေးနိုးလာပြီး သရဖီရှေ့ ရုတ်တရက် ဝုန်းခနဲခုန်ချလိုက်သည်။

"ဝုန်း"

"ဟဲ့ ... Rလူးနဲ့ငါနဲ့ညား"

ဦးချိုတူးမျက်နှာ ကွက်ခနဲပျက်သွား၏။ ဒါရိုက်တာကြီး ဦးRလူးခမျာမှာတော့ မျက်လုံးအပြူးအကြောင်သားနှင့်အံ့သြနေရှာသည်။ ဦးချိုတူးက ...

"အပြီး ... ကျွန်တော့်တူမက လန့်သွားရင် ဒီလိုပဲ နည်းနည်းယောင်တတ်တယ်"

သရဖီဝမ်းမှာတော့ ပါးစပ်ကို လက်ဝါးလေးနှင့်အုပ် လျက်။

ဣ ဣ


www.burmeseclassic.com

www.burmeseclassic.com

ဣ --- (၃) --- ဣ

တော်ပါသေးသည်။ **"သစ္စာလွှာ"** ရုပ်ရှင်နှင့်ဗွီဒီယို ထုတ်လုပ်ရေးက မင်းသားသစ်တင်ရာတွင် သူ အရွေးခံခဲ့ရ၏။ ကံကောင်းတာက သူ့ကိုလုပ်ပြခိုင်းသော သရုပ်ဆောင်ကွက်တွေက စကားပြောစရာမပါဘဲ ဝမ်းနည်း၊ ဝမ်းသာ၊ ပျော်ရွှင်ကြည်နူး၊ အံ့ဩထိတ်လန့်ဟန်တွေကို မျက်လုံးမျက်နှာအမူအရာများနှင့်သာ သရုပ်ဆောင်ပြစေခဲ့သည်။

ယခုတော့ နာမည်ကြီးကုမ္ပဏီနှင့်စာချုပ်ချုပ်ကာ ဇာတ်ကားတွေစတင်ရိုက်ကူးရတော့မည့်မင်းသားသစ်တစ်လက်ဖြစ်လာခဲ့သည်။

"ဒီမှာ လေက်"



www.burmeseclassic.com

www.burmeseclassic.com


ရဲဆွေက **Cake boy** တစ်ခုကို ပါးစပ်ထဲ တစ်လုတ်တည်းသွပ်သွင်းရင်း သူ့ကိုလှမ်းခေါ်သည်။ သူက ပါးစပ်နှင့်မထူးဘဲ ပြောဆိုသောသဘောနှင့်မေးဆတ်ပြလိုက်သည်။

"ဇာတ်ကားရိုက်လို့ **Dialogue** တွေများတဲ့အခန်းဆိုရင် စကားကိုအရှည်ကြီးမပြောဘဲ တိုတိုနဲ့ထိမိတဲ့စကားလုံးမျိုး ကိုယ့်ဖာသာထွင်ပြောပစ်လိုက်ကွာ ကြားလား"

သူ ခေါင်းသာညိတ်ပြလိုက်၏။ သူ့အားနည်းချက်ကြီးက သူလုပ်ရမည့်အလုပ်နှင့်အဆင်မှပြေပါ့မလားဟု ပထမဆုံး စိုးရိမ်စိတ်ဝင်မိသည်။

"ပထမဆုံးရိုက်ရတဲ့ကားက ရုပ်ရှင်ကားကြီးသာဆို အဲဒီပထမဆုံးကားနဲ့တင် ငါက မင်းကို အကယ်ဒမီမှန်းတာ"

ပြောပြီး ရဲဆွေက မုန့်တစ်ခုကို ဖောက်ကာ တစ်လုတ်တည်းသွတ်လိုက်ပြန်သည်။ ဒီနှုန်းအတိုင်း ပါးစပ်အနားမပေး စတမ်းစားသွားပုံနှင့် ဒီကောင် ဒီ့ထက်ပိုဝဖို့ပဲရှိသည်။ ခုတောင်ပေါင် (၁၇၀) လောက် ရှိနေပြီ။

"မင်း အကယ်ဒမီရအောင် ငါ့မှာဖြင့် ခုကတည်းက ပဥ္စာန်းတွေရွတ်နေရတာ"

"ဟား ဟား ဟား ဟား"

ရဲဆွေစကားကြောင့် သူ ခွက်ထိုး၊ ခွက်လှန်၊ ခွက်မှောက် ခွက်ဇောက်ထိုးဖြစ်အောင် ရယ်ပစ်လိုက်သည်။

"မင်းက ရယ်သံကျတော့လည်း ထစ်ငေါ့မနေဘူးနော်၊ စကားပြောမှ ဘာလို့ ဒီလောက်ထစ်ရတာလဲ"

ဒါတော့ သူလည်းမပြောတတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com


"ဟိုတုန်းက ဒီလောက်မဆိုးပါဘူး၊ ခု သရုပ်ဆောင် လောကထဲဝင်မယ်ဆိုပြီး အပြောအဆိုအမူအရာတွေလေ့ကျင့်မှ ပိုဆိုးလာသလိုပဲ"

ရဲဆွေက သူ့အထင်ကို မှတ်ချက်ပေးသည်။ အမှန်က ငယ် စဉ်ကတည်းက သူ စကားများများပြောသူ မဟုတ်ပါ။ အပေါင်း အသင်းသူငယ်ချင်းလည်း သိပ်မရှိ။ စကားသိပ်မပြောတော့ စကားထစ်မှန်း၊ မထစ်မှန်းပင် မသိ။

"ဆရာဝန်ပြပြီး ဆေးကုကြည့်ရင်ကောင်းမယ်ထင်တယ် လေကွာ"

"ဟာ ... အ အခ်ိပ္ပါယ် မ မရှိတာ ... ဒါ ရော ရောဂါမှ မ မဟုတ်တာ"

"ဒါတော့ ငါတို့မှ နားမလည်ဘဲ၊ စိတ်ပညာဆရာဝန်နဲ့ ဆွေးနွေးကြည့်ရင်"

"ဟော့ ....... ကောင်"

သူက ဟော့ကောင်ဟု ရဲဆွေကို အော်ရာတွင် ဟော့နှင့် ကောင်ကြား အတော်ကြီးထစ်ကာ 'ဟော့'ပြီး ကြာမှ'ကောင်'ဟု ထွက်လာသည်။ ဒါကို ဂရုမစိုက်အားဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် ရဲဆွေကို သူ ဆက်ပြောသည်။

"မင်း မင်း ငါ ငါ့ကို အရူးလို့ ဝိုင်းကဲ့ရဲ့ကြတာ ခံ ခံစေ ချင်လို့လား"

"ဟာကွာ ... မင်းကလည်း လေကိရာ ငါက မင်းကို ကောင်းစေချင်လို့ပါ၊ ဆရာဝန်ဆီသွားရင် ဘယ်သူမှ မသိအောင် တိတ်တိတ်ကလေးသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"တော် တော်ကွာ၊ စကားထစ် ထစ်လို့ ဘယ် ဘယ်သူမှ ငါ့ ငါ့ကို မင်းသား တင် တင်မရိုက်လည်း ငါ ပိုက် ပိုက်ဆံနဲ့ ငါ ဖြစ် ဖြစ်အောင်ရိုက် ရိုက်မယ် ဒါပဲ"

"အေးပါကွာ၊ တကယ်ရိုက်တဲ့အခါ ဒီလောက်ကြီးထစ်ချင်မှလည်းထစ်မှာပါ၊ တရားလေးဘာလေးထိုင်၊ **Dialogue** တွေများများလေ့ကျင့်ကြတာပေါ့၊ ခုရိုက်မယ့်ဇာတ်အတွက် ဝတ္ထုကိုသာ ကျေညက်အောင်အကြိမ်ကြိမ်ဖတ်ထား"

ရဲဆွေက အကြံကောင်းဉာဏ်ကောင်းတွေပေးသလို ကိုယ်တိုင်လည်း ကူညီလေ့ကျင့်ပေးသည်။ ယခု သူရိုက်ရမည့်ဇာတ်လမ်းထဲမှ မင်းသမီးနေရာနေပြီး သူ့ကို လေ့ကျင့်နိုင်ရန် ပံ့ပိုးကူညီပေးသည်။

ခန္ဓာကိုယ်ဝဝ ဦးတည်ဘွားလို ဗိုက်ပူပူကြီးနှင့်မိန်းကလေးနေရာက သရုပ်ဆောင်ပေးနေသောရဲဆွေကိုကြည့်ကာ သူ့မကြာခဏ ဗိုက်နှိပ်ရယ်မိသည်။

အူလှိုက်သည်းလှိုက်ရယ်တတ်သောသူ့ကိုကြည့်၍ ရဲဆွေအမြဲပြောနေကျစကားမှာ ...

"ဒီလောက်အကြာကြီးရယ်သံကျတော့ မထစ်ဘူးကွာ၊ တကယ်အံ့သြတယ်၊ မင်း အကယ်ဒမီရရင် ရယ်တဲ့အခန်းနဲ့ဋီတဲ့အခန်း တစ်ခန်းခန်း ရလိမ့်မယ်"

ဤသို့ဤပုံဖြင့် အချိန်တွေတစ်ရက်ပြီးတစ်ရက်ကုန်လာသည်။ သူတို့ဇာတ်ကားကန်တော့ပွဲပေးမည့်ရက်ပင်နီးလာပြီး ထိုနေ့ရောက်မှ သူနှင့်တွဲရိုက်ရမည့်မင်းသမီးသစ်ကို မြင်ဖူးရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com


"မင်းသမီးသစ် သရဖီဝမ်းက မင်းလိုပဲ နာမည်အရင်း သရဖီဝမ်းကိုပဲ သုံးမှာတဲ့"

"ဘာ ဘာနာမည်ကြီးလဲ? သ သရဖီဝမ်း ... ဟုတ် ... ဟုတ်လား"

"သူကလည်း လက်ဆောင်ဆိုတဲ့မင်းနာမည်ကြားတော့ ဘာနာမည်ကြီးလဲလို့ ပြောတာပဲတဲ့"

"အွန်"

ကန်တော့ပွဲပေးတဲ့နေ့မှာတော့ မင်းသမီးသစ်သရဖီဝမ်းရဲ့ အလှကို သူ နဖူးတွေ့ဒူးတွေ့တွေ့ခဲ့ရလေသည်။

"ဝါး ... လူ လူလား၊ နတ် နတ်သမီးလား"

သူက အတတ်နိုင်ဆုံးစကားမပြောဟု ဆုံးဖြတ်ထားသော်လည်း သရဖီဝမ်းအလှကြောင့် သတိလက်လွှတ်စကားသံထွက်သွား၏။

"ဟ! သတိလေးဘာလေးထားပါဦး လေက်ရ"

ရဲဆွေက အလျင်အမြန်သတိပေးလာသည်။ သူ့မှာတော့ ရွှေမင်းသမီးလေးကို ငေးမော၍သာ ကြည့်နေမိသည်။ သရဖီဝမ်းကလည်း သူ့ကို စူးစူးစိုက်စိုက်လေးကြည့်လာပါသည်။ ပြီးတော့ နှုတ်ခမ်းလေးခပ်ဟဟဖြစ်သွားသည်။

"သူလည်း မင်းရဲ့ချောမောပြေပြစ်မှုကို ရင်သပ်ရှုမောဖြစ်သွားတယ်ကွ သိလား လေက်"

သူ ဘာမှပြန်မပြောဖြစ်ပါ။ သတင်းအတွက် ဓါတ်ပုံတွေ တဖျပ်ဖျပ်ရိုက်တာခံရသည်။ ဓါတ်ပုံရိုက်တိုင်း မင်းသားနှင့်မင်းသမီးယှဉ်တွဲလျက်။


www.burmeseclassic.com

www.burmeseclassic.com


"ရွှေဖြစ်မယ့်မင်းသားနဲ့မင်းသမီးပဲဟေ့"

"ဖိုတိုဂျင်းနစ်ဖြစ်တယ်၊ ကင်မရာထဲမှာ နှစ်ယောက်စလုံးရဲ့မျက်နှာပေးအမူအရာကိုက စွဲဆောင်မှုရှိနေပြီ"

"အတွဲညီညီနဲ့အရမ်းလိုက်ဖက်တဲ့အတွဲပဲ၊ နာမည်တော့ကြီးဦးမှာသေချာတယ်"

ဇာတ်ကားပင်မရိုက်ရသေး။ အားလုံးက ချီးမွမ်းသဘောကျနေကြပြီ။ သူ့မှာတော့ ပြုံးရုံသာပြုံးနေရ၏။ တချို့မေးမြန်းလာသူတို့ကို ရဲဆွေက ဒိုင်ခံဖြေပေးသည်။

"မေးလာသူတွေကို စိတ်ကျေနပ်တဲ့အထိ ကျွန်တော်က မင်းသားကိုယ်စားဖြေပေးမှာပါ၊ သူက လည်ချောင်းကွဲပြီး နာနေတာမို့ပါ၊ စိတ်မရှိပါနဲ့ခင်ဗျာ"

မင်းသားသစ်က နာမည်မကြီးခင် စခန်းကြီး၊ မာနကြီးသည်ဟုထင်မည်စိုး၍ ရဲဆွေက ရှင်းပြသည်။ ဒါတောင် သရဖီဝမ်းက သူ့ကို ဘဝင်ကြီးဟုထင်သွားပုံရသည်။ ခပ်မဲ့မဲ့နှုတ်ခမ်းနှင့်သူ့ကိုကြည့်သွားသည်။ ဖြစ်ပုံက ဒီလို။

စားရင်းသောက်ရင်းမိတ်ဆက်ပေးကြရင်း စကားစမြည်ဝိုင်းဖွဲ့ပြောဖြစ်ကြတော့ 'သရဖီဝမ်း'က စကားတွေရွှန်းရွှန်းဝေအောင်ပြောနေသလောက် သူက ခေါင်းညိတ်၊ ခေါင်းခါ၊ ပြုံးပြရုံလောက်သာရှိနေခဲ့သည်။ ကိုယ့်အကြောင်းနှင့်ကိုယ်ဆိုပေမယ့်အကြောင်းမသိသူတွေက နားလည်မည်မဟုတ်။

"ဟွန့် ... ဘာကြီးလဲ? မခေါ်ချင်မပြောချင်သလိုနဲ့ ... ကိုဘဝင်ကြီးလား၊ ကိုကြီးကျယ်ကြီးလား၊ နားစမ်းပါ၊ သရဖီတို့က မထွမ်းသေးဘူး"


www.burmeseclassic.com

www.burmeseclassic.com



သရဖီဝမ်းရဲ့မျက်နှာထားပြောင်းသွားတာကို သူ သတိထားမိလိုက်သည်။ ဒီလိုမပြေလည်တာမျိုးအဖြစ်မခံနိုင်ပါ။ ပွဲဦးထွက်မှာပဲ ရွှေမင်းသမီးလေးရဲ့စိတ်ငြိုငြင်တာမလိုချင်ပါ။

"သ ... သ"

အိမ်ပြန်ဖို့ကားရှိရာသွားနေသော သရဖီဝမ်းနောက် ဒရောသောပါးလိုက်ရင်း လှမ်းခေါ်မိသည်။ သို့သော် စကားလုံးတို့က ရှောရှောရှုရှုထွက်မလာ။ သရဖီဝမ်းက တအံ့တသြလှည့်ကြည့်သည်။

"သ ... သ ... ရ"

"ဟင်' ဘာလဲ သရဲလား၊ နေ့ခင်းကြောင်တောင် ဘယ်က သရဲလဲ"

အမှန်က သူ့ပါးစပ်က သရဖီဟုခေါ်နေခြင်းဖြစ်သည်။ စိုးရိမ်စိတ်နှင့်စိတ်လှုပ်ရှားလွန်းနေလျှင် သူ့လျှာက စကားပိုထစ်လာသည်။

"မ ... မ"

"ဒီမှာ ကျွန်မအရွယ်က ရှင် 'မ'လို့ ခေါ်ရမယ့်အရွယ် မဟုတ်သေးဘူးရှင့်"

နားလည်မှုကတော့လွဲကုန်ပြီ။ သူပြောချင်တာက မဟုတ်ဘူးဟုပြောချင်တာ။

"ဟယ် ... မင်းသား၊ ကားလာမကြိုလို့လား၊ အဖော်ရော မပါဘူးလား၊ ခွါညိုတို့လိုက်ပို့ပေးမယ်လေ"

သရဖီဝမ်းနောက်အုပ်ထိန်းသူအဖြစ် ကားမောင်းလိုက်ပို့ရင်း အတူပါလာသော အစ်မဖြစ်သူခွါညိုဝမ်းက သူ့ကိုမြင်တော့



www.burmeseclassic.com

www.burmeseclassic.com


ဝမ်းပမ်းတသာလောကဝတ်ပြုနှုတ်ဆက်သည်။ သူ စကားပြန်ပြော ဖို့ အခက်အခဲဖြစ်နေစဉ် အနားသို့ ရဲဆွေရောက်လာ၏။

"ကျွန်တော်တို့မှာ ကားပါပါတယ်ခင်ဗျာ၊ ကျွန်တော်က ရဲဆွေပါ မင်းသားရဲ့ × × × × × "

ရဲဆွေက ထုံးစံအတိုင်း သူ့ဖာသာသူပေးထားသောရာထူး ဂုဏ်ပုဒ်တွေထုတ်ဖော်ပြောပြီး မိတ်ဆက်သည်။ ဆက်ဆံရေးပြေ ပြစ်ပြီး ချိုသာယဉ်ကျေးသောရဲဆွေကြောင့် သရဖီဝမ်းဆီက အပြုံး ချိုချိုပြန်ရသည်။ သူကတော့ ဘာစကားမှမပြောဘဲ ပြုံးပြလိုက် ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်လုပ်ရုံသာလုပ်သည်။

"မင်းသားက စကားနည်းတယ်နော်"

ခွါညိုက ပြောသည်။ ရဲဆွေက ...

"ဟုတ်တယ်၊ သူက စကားနည်းပြီး သဘောကောင်းတဲ့ သူပါ၊ အဲ ... သူပြောပြီဆိုရင်တော့ မနားတမ်းပြောတော့တာပဲ၊ အဲဒီအတွက် နားလည်ပေးပါဗျာ ... ပြီးတော့ ကျွန်တော်တို့က အတူတူလက်တွဲလုပ်ကြရမှာ ခင်ခင် မင်မင်နေသွားကြတာပေါ့"

"ကောင်းပါတယ်၊ ကျွန်မညီမ လိုအပ်တာရှိလည်း မင်းသားက လက်တွဲခေါ်သွားပေးပါနော်"

သူ ခက်သွက်သွက်ကြီးခေါင်းညိတ်မိသည်။ သရဖီဝမ်းက ချက်စောင်းလှလှထိုးသည်။ ရွှေမင်းသမီး၏ မျက်စောင်းသည် သူ့ရင်ကို ခပ်ဖွဖွလေးခုန်စေ၏။

"ပြန် ... ပြန်"

"အမလေး မနှင်ပါနဲ့ ပြန်မှာပါ"

သူက 'ပြန်တော့မှာလား၊ တစ်ခုခုစားရအောင်ပါ' ပြော


www.burmeseclassic.com

www.burmeseclassic.com



ချင်တာ ... စကားလုံးတွေက ဆက်ထွက်မလာ၍ သရဖီဝမ်းက အစိပ္ပါယ်ကောက်လွဲသွားပြန်သည်။

ဩော် ... ခက်ပဲခက်ရပြီကောကွယ်။

— ရာ ရာ —



www.burmeseclassic.com

www.burmeseclassic.com

# ဏ — (၄) — ဏ

ရှားနှင့်နေဇော်တို့တွေ့ဆုံပုံလေးက **Fancy** ဆန်ဆန် ကဗျာဆန်ဆန်လေးဖြစ်သည်။ သူတို့နှစ်ယောက်က **Super market** ကြီးထဲမှ ကော်ဖီဆိုင်တွင် စတွေ့ခဲ့ကြသည်။ တွေ့ပုံမှာ စားပွဲတစ်လုံးစီတွင်ထိုင်၍ ကော်ဖီသောက်နေကြသော ရှားနှင့် နေဇော်မှာ မျက်နှာချင်းဆိုင်ဖြစ်သည်။ ထိုမှ မျက်လုံးချင်းအကြည့်ချင်းဆုံမိရာ မြင်မြင်ချင်းမေတ္တာသက်ဝင်ချစ်ချင်းတွေစီးမျောပျော်ဝင်ကုန်ကြသည်။ တစ်ဦးနှင့်တစ်ဦး မျက်လုံးချင်းစကားပြောကာ မှိန်းမောနေမိသည်။

"ကဒ်"

ဒါရိုက်တာကိုRလူးရဲ့မျက်နှာက အပြုံးပန်းတွေဝေနေ



www.burmeseclassic.com

www.burmeseclassic.com


သည်။ မင်းသားသစ်နှင့်မင်းသမီးသစ်ကို သူ ဘာမှပင်ပင်ပမ်းပမ်း မသင်ပြပေးရပါ။ မူရင်းဝတ္ထုနှင့်ဇာတ်ညွှန်းကိုဖတ်ကြည့်ရုံမျှဖြင့် အကောင်းဆုံးသရုပ်ဆောင်ပြသွားနိုင်ကြသည်။ တကယ့်ပါရမီရှင် တွေပါပဲ။ ကျေနပ်စရာကောင်းလှ၏။

"ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းသားနဲ့မင်းသမီး ရဲ့မျက်နှာပေးရော၊ မျက်လုံးနဲ့သရုပ်ဆောင်သွားတာရော ကိုယ်လို ချင်တဲ့အမူအရာပဲ၊ နောက်ပိုင်းဇာတ်ရှိန်မြင့်လာတဲ့အခန်းတွေကျ ရင်လည်း ဒီလိုပဲ အကောင်းဆုံးသရုပ်ဆောင်သွားနိုင်ရင် ဒီတစ် ကားထဲနဲ့ ပွဲသိမ်းပေါ့"

ဒါရိုက်တာကြီးက အားပါးတရပြောသည်။ ခဏနားပြီး သောအခါ နောက်တစ်ခန်းဆက်ရိုက်သည်။ ထိုအခန်းတွင် မင်းသမီးထွ...သွားသောအခါ နောက်မှ မင်းသားလိုက်သွား သောအခန်းကို အချစ်သီချင်းတစ်ပုဒ်ဖြင့်သရုပ်ဆောင်သောအခန်း တစ်ခန်းရိုက်သည်။

ဒီနေ့အဖို့ အောင်မြင်စွာရိုက်ကူးရေးပြီးဆုံးသွားပါပြီ။

"ရိုက်ပြီးသားအခန်းတွေ ပြန်ကြည့်တော့လည်း အားရ စရာကောင်းလိုက်တာဗျာ၊ ကင်မရာထဲကျ မင်းသားရော၊ မင်းသမီးရော ပိုပြီး ဆွဲဆောင်မှုရှိတယ်"

တော်ရုံတန်ရုံချီးမွမ်းစကားထွက်ခဲသော ကင်မရာမင်း ပါးစပ်က အားပါးတရပြောသံထွက်လာသည်။ ရှုတင်ပြီး၍ အိမ် အပြန်လမ်းသည် ကျေနပ်စရာအတိဖြင့်ပြီးလေ၏။

"ဟေး"

သူက သရဖီဝမ်းကို လှမ်းအော်ပြီး လက်ပြနိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ရှုတင်ပြီးတိုင်း သူက ထိုသို့နှုတ်ဆက်နေကျပင်။

သူ့ ထိုသို့နှုတ်ဆက်တိုင်း သရဖီဝမ်းကလည်း နှာခေါင်းကို မသိမသာရှုံ့တတ်သည်။ လက်တစ်ဖက်မြှောက်ပြပြီး 'ဟေး' ခနဲ 'ဟိုင်း' ခနဲနှုတ်ဆက်ပုံက နိုင်ငံခြားမင်းသားတွေ စတိုင်လ်လိုလို ဘာလိုလိုထင်ကာ နှာခေါင်းရှုံ့ပုံရသည်။

"ဘာလဲ"

သရဖီဝမ်းက အနားရောက်လာသောသူ့ကို ခပ်ဆတ်ဆတ်မေးသည်။ သူက ဘာစကားမှထပ်မပြောတော့ဘဲ လက်ထဲက စာရွက်ခေါက်ကိုသာ လှမ်းပေးလိုက်၏။

ထိုအခါ သရဖီဝမ်းက ...

"ဟင်' ရှင် ရှင် ဒါဘာလုပ်တာလဲ? လူကို ကလေးကလားစာပေးစရာလား"

"ဟာ ... အာ ... မ မ"

"ရှင် ကျွန်မကို တမမနဲ့မခေါ်ပါနဲ့ ပြောရတာ အတော်လက်ပေါက်ကပ်တယ်၊ တွေ့တာဖြင့်မကြာသေးဘူး၊ လူကို စာပေးလားပေးရဲ့၊ ဟင်း ... ရှင့်ဟာရှင်ဘာကြီးဖြစ်ဖြစ် ကျွန်မ စိတ်မဝင်စားဘူး"

"ဒုက် ... ဒုက်"

သရဖီဝမ်းပြောစကားတွေကြောင့် သူက ဒုက္ခပဲဟု ညည်းလိုက်ခြင်းဖြစ်သည်။ ဒါကို စကားလုံးတွေက ရှောရှောရှူရှူထွက်မလာပါ။

"တုတ်တွေဓါးတွေလာပြောမနေနဲ့၊ ရှင့်ကိုတော့ တခွယ်ထို အံ့သြတယ်"


www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ဒုက္ခပဲဟု ထပ်ညည်းမိသည်။ စိတ်ထဲပြောတဲ့ စကားတွေကျ ဘာလို့မထစ်သနည်း။

"ဟင်' နင်တို့က ဒီရောက်နေတာကိုး"

ခွါညိုဝမ်းက ပြုံးပြုံးပြပြရောက်လာပြီးပြောသည်။ သရဖီဝမ်းက ...

"တော်စမ်းပါ မမရယ်၊ အရေးအကြောင်းဆို ရှူးပေါက်ချင်ရတာနဲ့ ရေသောက်ချင်ရတာနဲ့ သရဖီကို လိုက်စောင့်ရှောက်ဖို့ ပါလာတယ်ဆိုတဲ့မမကိုပဲ စောင့်နေရတယ်"

"ဟယ် ... ပါးစပ်ရှိမှတော့ သောက်မှာပေါ့၊ အဲ ... ဟိုဟာပါမှတော့ ပေါက်မှာပေါ့"

"တော်ပါတော့"

"အဟဲ ... မင်းသားက ဘာလုပ်တာလဲ? လက်ထဲက စာရွက်က ဘာလဲ"

"သူ သူ့ကို"

"ဟင်' သရဖီကိုပေးဖို့လား"

"အင်း"

"ဟယ် ... ရည်းစားစာလား"

**"No"**

"အိုး ... ရည်းစား"

ရုတ်တရက်နိုးဟူသောအသံက သူ့ပါးစပ်မှ အကျယ်ကြီးထွက်သွား၍ သရဖီဝမ်းခမျာ ယောင်အော်တော့သည်။ သူ့ကို ဗမာလို 'မဟုတ်ဘူး'ဟုပြောနေလျှင် စကားထစ်ပြီး အထင်ခွဲတာ ပိုဆိုး



www.burmeseclassic.com

www.burmeseclassic.com



မည်စိုး၍ အင်္ဂလိပ်လိုနိုးဟု တစ်လုံးတည်း ဖြေလိုက်ခြင်းပင်။

ခွါညိုဝမ်းက ....

"အမလေး ရွှေမင်းသားရယ်၊ လန့်လိုက်တာ၊ ဖြည်းဖြည်း ပြောပါ၊ ဒီလောက်ကြီးအော်စရာမလိုပါဘူး၊ ကျွန်မတို့ညီအစ်မက နားမလေးပါဘူး၊ နားပါးပါတယ်"

"ဆော ... ဆော"

"မစောတော့ဘူးရှင့် ... လေးနာရီထိုးတော့မယ်"

သူ ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်မိသည်။ သူက ဆောရီးဟု တောင်းပန်လိုခြင်းဖြစ်သည်။

"ကဲ ... ရည်းစားစာမဟုတ်ရင် ကျွန်မညီမကို ဘာစာတွေ များပေးမှာလဲ ပြ"

ခွါညိုဝမ်းက သူ့လက်ထဲကစာရွက်ကို လှမ်းတောင်းသည်။ သူ, အသာတကြည်ပဲ ပေးလိုက်ပါသည်။ ခွါညိုဝမ်း စာရွက်ကို ဖြည်၍ဖတ်ကြည့်သည်။ ဖတ်ပြီးသွားတော့မှ ...

"ဩော် ... မင်းသားက လည်ပင်းနာနေတာမသက်သာ လို့ နောက်နေ့ရိုက်မယ့်အခန်းတွေမှာ သရဖီကပဲ စကားပြောခန်း တွေကို ဦးဆောင်လမ်းကြောင်း ပြောပေးရမယ်၊ မင်းသားက ခေါင်းညိတ်၊ ခေါင်းခါပဲ လုပ်မယ်၊ ပြီးတော့ မျက်လုံးအမူအရာနဲ့ သရုပ်ဆောင်သွားမယ်၊ ဒီလိုလား"

သူ ခပ်သွက်သွက်ခေါင်းညိတ်ပြလိုက်သည်။

ဒါကို သရဖီဝမ်းက ...

"ဩော ... ရှင်ပြောသလိုလုပ်ဖို့ ဒါရိုက်တာကြီးကခွင့်ပြု ဦးမှကိုး၊ ကျွန်မတို့ဖတ်ဖို့ဇာတ်ညွှန်းက ပေးထားပြီးသား၊ အလွတ်



www.burmeseclassic.com

www.burmeseclassic.com



လည်းရနေပြီးသား၊ ရှင်ပြောသလိုသာလုပ်ရရင် ရှင်ပြောရမယ့် ဒိုင်ယာလော့တွေပါ ကျွန်မက ပိုကျက်ရတော့မှာပေါ့"

"ဒါက ဒီလိုရှိတယ် မင်းသမီးရဲ့"

ကြားဖြတ်ဝင်ပြောလာသူက ရဲဆွေ။ ပါးစပ်က တလှုပ်လှုပ်နှင့်ဘာတွေစားလာမှန်းမသိ။

"ကျွန်တော် ဖတ်ကြည့်ပြီးတဲ့မနက်ဖြန်ရိုက်မယ့်အခန်းမှာ သိပ်ခက်ခဲတဲ့စကားလုံးတွေ မပါပါဘူး၊ ဥပမာ ... မင်းသားက 'ကိုယ် လက်ဖက်ရည်သိပ်ကြိုက်တယ်' လို့ပြောရမယ့်နေရာမှာ မင်းသမီးက ရှင်လက်ဖက်ရည်သိပ်ကြိုက်တယ်မဟုတ်လားလို့ မေးပေးပေါ့၊ ဒါဆို မင်းသားက ခေါင်းညိတ်ပြပြီး အမူအရာနဲ့သရုပ်ဆောင်သွားရုံပဲလေ၊ အိုက်တင်က ကောင်းပြီး ဆွဲဆောင်မှုရှိရင် ဒါရိုက်တာကြီးလည်း ဘာမှပြောမှာ မဟုတ်ပါဘူး"

သရဖီဝမ်းမှာ ခပ်တွေတွေဖြစ်သွားသည်။ ခွါညီဝမ်းက

"သိပ်မခက်ခဲရင်လည်း ကူညီပေးလိုက်ပါလား သရဖီ၊ မင်းသားခမျာ စကားပြောဖို့ တော်တော်ခက်ခဲနေရှာလို့နေမှာပါ"

"ဟုတ်ပါတယ်၊ ဆေးလည်းကုနေတာပျောက်တော့မှာပါ ခဏပဲ"

ရဲဆွေကပါ ဝင်ပြောတော့ သူ သွက်သွက်ကြီးခေါင်းညိတ်ပြလိုက်သည်။ သရဖီဝမ်းက ...

"ဒါများ ဒီလောက်ဖြစ်နေတာ ရိုက်ကူးရေးကို ဘာလို့ အလောသုံးဆယ်လက်ခံလဲ"

"ဒီလောက်ကြီးဖြစ်မယ်မထင်လို့ပါ"

သရဖီဝမ်း ဘာမှမပြောသာဘဲ ငြိမ်သွားသည်။ ရိုက်ကူး



www.burmeseclassic.com

www.burmeseclassic.com


ရေးအစအရှိန်ကောင်း၍ အစစအဆင်ပြေနေတုန်း အကြောင်း တစ်ခုခုကြောင့် ရိုက်ကူးရေးပျက်ရတာမျိုး၊ နားထားရတာမျိုးကို သရဖီက အဖြစ်ခံချင်ပုံမရပါ။

ဤသို့ဖြင့် သူတို့အချင်းချင်းနားလည်မှုရ၍ ဓာတ်ညွှန်း နှင့်သွေ့ဖီပြီး ကိုယ့်နည်းကိုယ့်ဟန်သရုပ်ဆောင်ခဲ့ကြသည်။ အဆင် ပြေနေသောကြောင့် မည်သူမျှ ဘာမှမပြောပေ။

ဤသို့ဖြင့် စကားအလွန်ထစ်သောရွှေမင်းသားနှင့်မဟုတ် တယုတ်ပေါင်းစုံအလွန်ယောင်တတ်သောရွှေမင်းသမီးတို့၏ အား နည်းချက်မှာ ဖုံးဖုံးဖိဖိနှင့်အများမရိပ်မိဘဲ ယခုချိန်ထိ အောင်မြင် စွာ ဖြတ်ကျော်လာနိုင်ခဲ့သည်။

သို့သော် ... ဓာတ်လမ်းအဖွင့်အစတွင်သာ ဖုံးဖိဖြတ် ကျော်နိုင်ခဲ့သော်လည်း ဓာတ်ရှိန် တဖြည်းဖြည်းမြင့်လာသော ဓာတ်ကားအလယ်လောက်တွင် သူတို့အားနည်းချက်များမှာ ဗူးပေါ် သလိုပေါ်ပြီး မကြာခဏ ရိုက်ကူးရေးဖျက်ရသော ကသောင်း ကနင်းတွေ စတင်ဖြစ်လာခဲ့လေတော့၏။

— ၈၈ ၈၈ —


www.burmeseclassic.com

www.burmeseclassic.com

# ၇ --- ( ၅ ) --- ၇

"ဟာ ... ဒီမုန့်ပွဲတွေ ဟင်းပွဲတွေက များလှပါလား၊ ရှုတင်စရိတ်ထဲမှာ ဒါတွေမပါပါဘူး"

စားပွဲပေါ်တွင် စားဖွယ်သောက်ဖွယ်၊ အချိုပွဲအစုံနှင့်ဟင်းပွဲပေါင်းများစွာ ပြင်ဆင်ထားတာတွေ့သော ရှုတင်မန်နေဂျာက အလန့်တကြားအော်သည်။ ခုရိုက်မည့်အခန်းက စားပွဲသောက်ပွဲပါသောအခန်းဖြစ်သည်။

"ကျွန်တော် ထပ်ဖြည့်ထားတာပါ၊ အဲဒီအတွက် ကုန်ကျငွေကို မင်းသားရှင်းပြီးပါပြီ"

ရဲဆွေက ဝင်ရှင်းပြသည်။ ရှူတင်မန်နေဂျာက သူ့စရိတ်ထဲကငွေမဟုတ်သောကြောင့် ဘာမှထပ်မပြောတော့ပေလည်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်အမင်းအံ့ဩဟန်ဖြင့် ပါးစပ်ဟောင်းလောင်း၊ မျက်လုံးအပြူးသားဖြင့် နားမလည်သလို ငေးကြည့်နေသည်။

"ဟဲ ဟဲ၊ သူဌေးသားနေရာက သရုပ်ဆောင်ရတဲ့မင်းသားရဲ့ထမင်းစားခန်းရိုက်တာ ဟင်းလေးတစ်ခွက်နှစ်ခွက်နဲ့ကြည့်ရဆိုးပြီးယုတ္တိမရှိသလို မင်းသားက သူ့သိက္ခာကျတယ်ဆိုပြီး သူ့ပိုက်ဆံအကုန်ခံ၊ လှလှပပဖြစ်အောင်လုပ်ခိုင်းတာ မကောင်းဘူးလားဒါရိုက်တာကြီးရယ်၊ ဇာတ်ကားလည်း ဂုဏ်ရှိတာပေါ့"

"ဟဲ ဟဲ၊ သိပ်ကောင်းတာပေါ့ဗျာ၊ ဘာပြောစရာလိုသေးလဲ၊ ဟဲ ဟဲ"

ရဲဆွေက ဒါရိုက်တာဦး**R**လူးကို လှမ်းပြောသဖြင့် ဦး**R**လူးကလည်း ထောက်ခံလိုက်သည်။ ဒါတင်မက သရဖိဝမ်းက

"အဟင်း ဟင်း၊ ဈေးအကြီးဆုံးအကောင်းစားအချိုရည်နဲ့မုန့်ပွဲတွေက သမီးပိုက်ဆံနဲ့ဝယ်ခိုင်းပြင်ခိုင်းထားတာ အန်ကယ်ရဲ့၊ မင်းသားက အကောင်းစားထမင်းဟင်းတွေနဲ့စားနေပြီး မင်းသမီးကိုတိုက်တဲ့အအေးက စပါကလင်အချိုရည်ပုလင်းဆိုတော့ သိပ်ပေါလွန်းတော့ အောက်တာပေါ့၊ ကိုးရီးယားကားတွေထဲကလိုလှလှပပမြိုင်မြိုင်ဆိုင်ဆိုင်လေးဖြစ်သွားအောင် ဟင်း ဟင်း"

ရှုတင်မန်နေဂျာကတော့ နိပ်ဟဟု ဂျွမ်းထိုးချင်နေလောက်ပြီ။ မင်းသားမင်းသမီးက ဟန်ပြသာစားသောက်၍ ရှုတင်အဖွဲ့သားတွေအတွက် အစားကောင်းတွေ ပိုပိုလျှံလျှံစားရသည်။ စားခန်းသောက်ခန်းပါတိုင်း တစ်ဖွဲ့လုံးအဝစားရသည်။

ဒါတင်မက ဒေါသဖြစ်၍ ပစ္စည်းပစ္စယတွေခွဲပစ်ရသောအခန်းများတွင်လည်း ဈေးပေါသည့် ဖန်ခွက်လေးတစ်လုံးသာခွဲပြ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပေးလျှင် ကိုယ့်ပိုက်ဆံနှင့်ကိုယ် ဈေးကြီးတာတွေခွဲပြသည်။ ဒါမှ ပရိသတ်က စုတ်တသတ်သတ်ဖြင့်ကြည့်ရင်း နှမြောကြမည် မဟုတ်ပါလား။

"ကဲ ... ရွှေမင်းသားရေ၊ ရှေ့ဆက်ရိုက်မယ့်အခန်းတွေက စကားပြောချွေတာလို့မရတော့ဘူးနော်၊ မင်းသားနဲ့မင်းသမီး အတွက် အရေးကြီးတဲ့အခန်းတွေရောက်လာပြီ"

သူ့ကို ဒါရိုက်တာက ဤသို့စကားမျိုးဖြင့် မကြာခဏ သတိပေးလာသည်။ အင်း ... ဘာတတ်နိုင်မည်နည်း။ လာမည့် ဘေး ပြေးတွေ့ရုံသာရှိတော့တာပေါ့။

"ဒီမှာ ... ရှင့်လည်ပင်းနာတာ သက်သာရဲ့လား၊ ဒီနေ့ အပြန်အလှန်ပြောရမယ့်စကားပြောခန်းတွေများတယ်"

သရဖီဝမ်းက သူ့ကို သတိပေးစကားပြောလာသည်။ သူက ...

"စိတ် ... စိတ်မပူပါနဲ့ သ သရဖီ၊ ကိုယ် အ အကောင်း ဆုံး သ သရုပ်ဆောင် ပြ ပြ"

"နေစမ်းပါဦး၊ ရှင်က ဘယ်လိုဖြစ်နေတာလဲ၊ လည်ပင်း နာတဲ့သူက စကားထစ်တယ်လို့ မကြားဖူးပါလား၊ ရှင့်ကျမှ"

"အဟဲ ... ဟို၊ အဲ အဲဒါက အဟီး ... အင်း ... ဟို"

"တော်ပါတော့၊ ရှင်ဟာလေ ဘာမှန်းကိုမသိဘူး၊ ကိုယ့် ရုပ်ကိုယ့်ရည်လေးမှ အားမနာ ... အူကြောင်ကြောင်နဲ့"

ဩော် ... သရဖီရယ်ဟု သူ့စိတ်ထဲမြည်တမ်းမိသည်။ သူ့ရင်ထဲမှာ သရဖီကို စကားတွေအများကြီးပြောချင်နေသည်။ ရိုက်ကူးရေးပြီးသွားသောနောက်ပိုင်းတွင် ဖုန်းဆက်စကားပြောချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ....

"ကဲ ... ရိုက်ကူးရေးစမယ်၊ အားလုံး ရယ်ဒီ"

ဒါရိုက်တာကြီးအော်သံက သူ့အတွေးတွေကို ထွက်ပြေးလွင့်စင်ကုန်လေသည်။

— ၈ ၈ —

နေဇော်က ရှားရဲ့ကိုယ်လေးကို ခပ်ကြမ်းကြမ်းဆွဲလှည့်လိုက်သည်။ ရှားမျက်နှာလေးမှာ နေဇော့်မျက်နှာနှင့်တစ်တောင်လောက်သာကွာဝေးတော့၏။ ထို့နောက် နေဇော့်မျက်ဝန်း၌ ကရုဏာဒေါသ၊ ဝမ်းနည်းကြေကွဲခြင်း၊ မယုံကြည်နိုင်ခြင်းစသော ခံစားမှုမျိုးစုံက အရောင်တဖျပ်ဖျပ်ယှက်သမ်းပေါ်လွင်နေသည်။

"ကတ်"

သူက သရဖီဝမ်းပခုံးပေါ်တင်ထားသောလက်ကို အသာအယာရုတ်လိုက်သည်။ သရဖီဝမ်းက သက်ပြင်းကို မသိမသာချသည်။

"အမူအရာက အားလုံးကောင်းတယ်၊ ဒါပေမယ့် စကားစပြောရတော့မှာလေ မင်းသားရဲ့၊ ဘာလို့မပြောဘဲနေတာလဲ ပြန်ရိုက်မယ်"

သူက အာရုံတွေကို စုစည်းလိုက်သည်။ ဒီအခြေအနေရောက်မှတော့ သူ့ရည်ရွယ်ချက်တွေကို အပျက်မခံနိုင်ပါ။ မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ရမည်။ ကြိုးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှားရယ်၊ ရှားအသည်းနှလုံးက ဒီလောက်ထိ ရက်စက်သလား၊ ရှားကို မောင် ဘယ်လောက်ထိချစ်တယ်ဆိုတာသိရဲ့လား၊ ဒါတောင်မှ မောင့်အနားကနေ အဝေးကြီးကို ထွက်သွားဖို့ စဉ်းစားရက်တယ်နော်"

သူပြောရမည့်စကားတွေက အထက်ပါအတိုင်းဖြစ်သည်။ တကယ်တမ်းသူ့နှုတ်ကထွက်လာသောစကားတွေက အထစ်ထစ် အငေါ့ငေါ့နှင့်ပြေပြစ်ချောမွေ့ခြင်းမရှိပါ။

"ရှ ရှ ရှားရယ်၊ ရှ ရှား အ အသည်း နှ နှလုံးက"

"ကတ်"

မကြာခဏ ကတ်အော်နေရသောဒါရိုက်တာကြီး ချွေးပျံနေပြီ။ ထပ်ခါထပ်ခါပြန်ရိုက်ရင်း နေ့ဝက်ကျော်သွားသည်။ ထမင်းစားနားပြီး ပြန်ရိုက်သောအခါ ရှေ့ပိုင်းစာကြောင်း သုံးကြောင်းကို ရှောရှောရှူရှူပြောနိုင်သွားသည်။ နောက်ထပ်နှစ်ကြောင်းစာပြောပြီးလျှင် ဒီအခန်းအောင်မြင်ပြီ။

"ဒါတောင်မှ မောင့်အနားကနေ အဝေးကို ထွက်သွားဖို့ စဉ်းစားရက်တယ်နော်"

ဤနှစ်ကြောင်းပြောဖို့ပဲ လိုတော့သည်။

"ဒါ ဒါ တောင် ... ဒါ ဒါ တောင် ... တောင်"

စကားလေးလုံးက ရှစ်လုံးဖြစ်အောင် ထစ်ငေါ့ပြီး အဓိပ္ပါယ်က တစ်မျိုးတမည်ဖြစ်ကုန်သည်။ စကားလုံးတွေရှေ့ဆက်ဖို့ ပါးစပ်က ဟပ်ပုံဟပ်ပုံနှင့်ထွက်မလာဘဲ အကြာကြီးထစ်၍ အားယူနေရ၏။

"ကတ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟား ... ဘယ်လိုဖြစ်တာလဲ ရွှေမင်းသားရယ်၊ ဒီနေ့ ဒီတစ်ခန်းတောင်မပြီးနိုင်ပါလား၊ နေမကောင်းလို့လား စိတ်မပါလို့လား ... ဟူး"

ဆက်ရိုက်မရ၍ ရိုက်ကူးရေးနားလိုက်သည်။ အလဟဿ ကုန်ရတော့မည့်တစ်နေ့တာ ရှုတင်စရိတ်အတွက် ရှူတင်မန်နေဂျာက ရှူးရှူးရှဲရှဲဖြစ်နေသည်။

ဤသို့ဖြင့် သူက ရဲဆွေကို ရှူတင်စရိတ်ထုတ်ပေးခိုင်းလိုက်သောအခါ ဟီးဟီးဟဲဟဲတွေ ပြန်ဖြစ်လာသည်။

"ငွေအတွက်နဲ့တော့ စိတ်မညစ်ကြနဲ့ဗျာ၊ မင်းသားက ဇာတ်ကားအစအဆုံးကုန်ကျစရိတ်အတွက် ပါးပါးလေးပါ"

ဤသို့ဖြင့် ... အဖွဲ့သားတွေအတွက် နေ့တွက်ကိုက်သလို ယခုဇာတ်ကားက မင်းသားသစ်မင်းသမီးသစ်မှာ ပေါက်မည်မှန်းသေချာ၍ ထုတ်ဝေသူကလည်း ဘာမှမပြောပါ။ သရဖီဝမ်းကသာ ဇာတ်ကားအထွက်နောက်ကျမှာစိုး၍ နှုတ်ခမ်းစူချင်သည်။

"ဟွန့်"

သူလည်း စိတ်ညစ်သည်။ ရှေ့ဆက်ဘယ်လိုလုပ်ရမှန်းပင် မသိတော့ပေ။

"ငါ တစ်ခုစဉ်းစားမိပြီ ငလက်"

ရဲဆွေပြောတာကို သူက ဘာလဲဟု မေးဆတ်ပြလိုက်သည်။

"ဒီလိုကွာ ... စာရေးဆရာကို ဇာတ်လမ်းနည်းနည်းပါးပါးပြင်ပေးဖို့ပြောခိုင်းလိုက်၊ မင်း အဲဒီစကားလုံးတွေပြောစရာမလိုဘဲ အမူအရာနဲ့ သရုပ်ဆောင်လို့ရတဲ့နည်းရှိမှာပါ"


www.burmeseclassic.com

www.burmeseclassic.com


ရဲ့ဆွေပြောတာကို သူ သဘောကျသည်။

ဟုတ်ပေသားပဲ။ ဓာတ်လမ်းကို ပြောင်း၍ လှည့်ကွက်ကလေးလုပ်ခိုင်းရမည်။

"ရှိ"

သူ လေတစ်ချက်ချွန်လိုက်၏။

လေချွန်တာကျတော့လည်း မထစ်ဘဲ 'ရှိ'ခနဲ သံရှည်ဆွဲမြည်လေသည်။

--- ဂု ဂု ---


www.burmeseclassic.com

www.burmeseclassic.com

## ဏ --- (၆) --- ဏ

ရွှေမင်းသားရဲ့စကားကို မည်သူကမှ စောဒကမတက်ပါ။ စာရေးဆရာဦးမင်းလူဆီသွား၍ အကျိုးအကြောင်းပြောပြကာ အနည်းငယ်မြင်နိုင်းရသည်။ ဉာဏ်ကောင်းသောပါရမီရှင်စာရေးဆရာဆိုတော့ ချက်ဆိုနားခွက်က မီးတောက်သည်။

"ခင်ဗျားတို့မင်းသားသစ်က ကိုးရီးယားမင်းသားတွေလို အငိုပိုင်သလား"

"ဟာ ... ပိုင်တယ်၊ အငိုအရယ်၊ အလွမ်းအဆွေး ဝမ်းနည်းဝမ်းသာ အကုန်ရတယ်၊ တစ်ခဏချင်း အမူအရာ အမျိုးမျိုး ပြောင်းနိုင်တယ်"

သို့နှင့်ဇာတ်ကျောရိုးမပြောင်းလဲဘဲ အသွင်ပြောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် စာပိုဒ်ကြီးကို ဖွဲ့နွဲ့ပြောစရာမလို တော့ပါ။ ပြောင်းလိုက်ပုံမှာ မင်းသမီး အဝေးကို ထွက်သွားခါနီး တွင် သူက ကြေကွဲဝမ်းနည်းဟန်၊ ကရုဏာဒေါသောဖြစ်ဟန်တွေ လုပ်ပြပြီး ကျစ်ကျစ်ပါအောင်ဆွဲဖက်၍ မျက်ရည်ကျပြရမည်။ ဒါပဲ။

"ဝေး ... ကောင်းတယ်၊ ပိုင်တယ်"

"**Heart** ထိတယ် မင်းသားရေ"

"သိပ်တော်တာပဲ"

ဝိုင်းဝန်းချီးကျူးသံတွေကိုကြားရသည်။ ယခုကဲ့သို့ စကား များများပြောစရာမလိုဘဲ ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းနှင့်မျက်ရည် ကျလိုက်၊ မြူးမြူးကြွကြွသရုပ်ဆောင်လိုက်ဆိုလျှင် အဆင်ပြေ သွားနိုင်သည်။

သို့သော် ...

သူ့ဘက်က အဆင်ပြေပြန်တော့ သရုဖိဝမ်းက တစ်စခန်း ထလာပြန်သည်။

တစ်နေ့ ...

သမီးရည်းစားချစ်ခန်းကြိုက်ခန်းရိုက်ရသောအခန်းဖြစ် သည်။ သူက အမူအရာနှင့်အများဆုံးသရုပ်ဆောင်ရ၍ ချစ်စကား တွေ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောမနေဘဲ မင်းသမီးခါးကို ခပ်ကြမ်းကြမ်းဆွဲဖက် လိုက်သည်။

ထိုသို့ဖက်လိုက်မိလျှင်ပဲ ...

"ပလုတ်တုတ် ... ခွေးစုတ်"

သရုဖိဝမ်းက အလန့်တကြားနှင့်ယောင်အော်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘာ ... ကိုယ့် ကိုယ့်ကိုများ ... ခွေး ခွေးစုတ် ဟုတ် ဟုတ်လား၊ ဒါ သရုပ်ဆောင်နေတာလေ"

"အို၊ မဟုတ်ပါဘူး၊ ကျွန်မ ယောင်သွားလို့ပါ"

"ကိုယ် ကိုယ် ဖက်မှ ယောင် ယောင်ရသလား၊ ဒါ ဒါ အလုပ်သဘောပဲဟာ"

"ဟိုး ဟိုး၊ ရွှေမင်းသမီးရေ ဘယ်လိုဖြစ်တာလဲဗျ၊ ပြန်ရိုက်မယ်"

နောက်တစ်ခေါက်ပြန်ရိုက်တော့လည်း မင်းသားက မင်းသမီးခါးကိုဖက်သည့်အခန်း၌ သရုဖီဝမ်းက အလန့်တကြား ယောင်ပြန်သည်။

"**အိုး...ဦးတည်ဘွား**"

"ဟိုး"

"ရပ်"

"ဟာ! ဘယ်က ဦးတည်ဘွားက ပါလာရတာလဲ ရွှေမင်းသမီးရဲ့"

"ဟို ... ဟို ကိုရဲဆွေက အဲသလိုအကျီချွတ်ထားရင် သူ့ဗိုက်ကြီးက ဦးတည်ဘွားအရုပ်ကြီးနဲ့တူလို့ပါ"

"ဟာ ... မင်းသမီးရာ၊ သူ့ဟာသူဘာနဲ့တူတူ ဘာဆိုင်လဲ"

"သရုဖီက ယောင်တတ်လို့ပါ၊ အခုလို ခါးကိုထိရင် မျက်စိထဲမြင်တာ ယောင်တော့တာပဲ"

"အလိုလေး ... ဖြစ်ရပြန်ပြီ၊ မင်းသားက အဆင်ပြေသွားပြန်တော့ မင်းသမီးက လုပ်ချလိုက်ပြန်ပြီ၊ ကဲ ပြန်စမယ်၊ မင်းသားကို အလိုက်သင့်လေးပြန်ဖက်ပြီး မျက်နှာပေးအနေအရာ


www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ပဲ လှလှပပသရုပ်ဆောင်ရင်ရပြီ"

ပြောတဲ့လူအဖို့က ပါးစပ်ကလေးနှင့်ပြောသွားတာ အင်မတန်လွယ်သည်။ သို့သော် အရိုးစွဲနေသောအကျင့်ကြီးက သရဖီဝမ်းအတွက် သတိထားဖို့ခက်သည်။ ထပ်ခါထပ်ခါပြန်ရိုက်သော်လည်း လိုရင်းမရောက်ပေ။

"ငါ သေချင်တယ်၊ ငါ သေချင်တာပဲ၊ ဟင်း"

အချည်းနှီးကုန်ရမည့်တစ်နေ့တာ ရှူတင်စရိတ်အတွက် ဦးစောမြင့်တင်က ရင်ဘတ်စည်တီးညည်းသည်။ သရဖီဝမ်းက ဦးကြီးဖြစ်သူဦးချိုတူးကို အကျိုးအကြောင်း ငိုယိုပြောပြသည်။ ဦးချိုတူးကလည်း တူမဖြစ်သူမျက်နှာတစ်ချက်အငြိုးမခံပါ။ သရဖီဝမ်းကြောင့် အကြိမ်ကြိမ်ပျက်ရသောကားရိုက်ရက်အတွက် စရိတ်အားလုံးအကုန်ခံလိုက်သည်။

"အေးဗျာ၊ မင်းသားနဲ့မင်းသမီးက ငွေကြေးပေါများပြည့်စုံသူတွေဆိုတော့ အခက်အခဲမရှိ အဆင်ပြေတယ်၊ ဒါပေမယ့် ဇာတ်ကားက သတ်မှတ်ရက်မပြီးဘဲ ကြာသွားရင် ပရိဂျူဆာက ဆဲလိမ့်မယ်၊ ပြီးတော့ ကားအထွက်နောက်ကျတာ မင်းသားနဲ့မင်းသမီးအတွက် နစ်နာတယ်"

ဒါတော့ ဟုတ်သည်။ သူတို့ဇာတ်ကားပြည်သူတွေကြား မြန်မြန်ရောက်တော့ ပရိသတ်မြန်မြန်သိသည်။ ဇာတ်လမ်းကောင်း၊ ဝါရင့်ဒါရိုက်တာ၊ အင်မတန်တော်သော ကင်မရာမင်းပါရမီရှင် မင်းသားသစ်နှင့်မင်းသမီးသစ် စသဖြင့် ဇာတ်ကားပေါက်ဖို့ ရာနှုန်းပြည့်ရှိနေသည်။

"ရှေ့အခန်းတွေ သမီးအကောင်းဆုံးနဲ့ အစွမ်းကုန်သရုပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့တာပဲ အနိ်ကယ်လ်၊ ဒါပေမယ့် သမီးက အရမ်းယောင် တတ်တာတော့ မတတ်နိုင်ဘူးလေ၊ ဇာတ်ကွက်ကို နည်းနည်း ပြောင်းပေးပါလား"

ဘာမျှတတ်နိုင်ဦးမည်နည်း။ ရွှေမင်းသားနှင့်ရွှေမင်း သမီးအဆင်ပြေစေရန် ကြံဆောင်ပေးရတော့သည်။

သို့သော် ...

ဇာတ်ကားက မင်းသားအတွက် အဆင်ပြေအောင် ပြင် ခိုင်းလိုက်၊ မင်းသမီးအတွက် အဆင်ပြေအောင်ပြောင်းခိုင်းလိုက်နှင့် နောက်ဆုံး ပြင်၍ပြောင်း၍မဆုံးတော့ပေ။ နောက်ထပ်တစ်ခါသာ ပြင်ခိုင်းရလျှင် အလွန်အေးဆေးပါသည်ဆိုသော စာရေးဆရာကြီး ဦးမင်းလူတစ်ယောက် သူတို့ကို ဓားထမ်း၍ လိုက်တော့မည်။

"ကယ်တော်မူကြပါ"

ဆုတ်လည်းစူး၊ စားလည်းရှူး။ စားရမှာလည်း သဲတရှပ်ရှပ် ပစ်ရမှာလည်း အဆီတဝင်းဝင်းအခြေအနေတွင် ဒါရိုက်တာခမျာ ကယ်ကူရာမဲ့နေရှာ၏။ တစ်နေ့တစ်နေ့ ခေါင်းကိုစုံကုတ်အကြံ ထုတ်ရင်း ကုန်းအော်နေသည်။

"စကတည်းက စဉ်းတော့စဉ်းစားမိပါရဲ့ ... လောကမှာ ဒါလောက်ကြီး ပြီးပြည့်စုံတဲ့လူမျိုးရှိရဲ့လားလို့ ... ခုတော့"

အစစအဆင်ပြေ၍အကောင်းဆုံးဖြစ်နေသောဇာတ်ကား ကို တစ်ဝက်နှင့်နားနေရသဖြင့် ငိုချင်းချနေရသည်က ရှုတင်အဖွဲ့ သားများ။

စကားအလွန်ထစ်သော သူ့အားနည်းချက်ရယ်၊ မဟုတ် အယုတ်ပေါက်တတ်ကရ အကုန်ယောင်တတ်သော အရုဖိဝမ်း



www.burmeseclassic.com

www.burmeseclassic.com


အားနည်းချက်တို့ ဖုံးဖိမရ အကုန်သိကုန်ကြပြီ။

"ဇာတ်ကို ဒီတစ်ခါသွားပြင်နိုင်းလို့ကတော့ စာရေးဆရာက ငါတို့ကို တကယ်ပဲ ဓားထမ်းလိုက်လိမ့်မယ်၊ ဟူး"

သူနှင့်သရဖီဝမ်းမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက်။

--- ဤ ဤ ---


www.burmeseclassic.com

www.burmeseclassic.com

## ၈ --- ( ၇ ) --- ၈

သရဖီဝမ်းပြောတာလည်း ဟုတ်သည်။ သာမာန်လူတွေထက် မှုံနေအောင်ချောမောလှပသူတွေက အပြင်ထွက်ဖို့ခက်သည်။ လူတွေရဲ့စိတ်ဝင်စားမှုကြောင့် အနှောင့်အယှက်ဖြစ်ရသည်။

ယခုဆို မျက်နှာဖုံးပုံတွေ၊ အင်တာဗျူးနှင့်စာစောင်တွေမှာ ဇာတ်ကားကြော်ငြာဓာတ်ပုံတွေကြောင့် အတော်အတန်လူသိများတော့ ပိုဆိုးသည်။ သူက ယောကျ်ားလေးမို့ တော်သေးပေမယ့် သရဖီဝမ်းအတွက် မလွယ်။

"ကိုယ် ကိုယ်တို့ ရုပ် ရုပ်ဖျက်ပြီး အပြင်ထွက် ထွက်ရအောင် သ သရဖီ"

သရဖီဝမ်း ယခင်လို သူ့အပေါ် ခါးခါးသီးသီးမငြင်း



www.burmeseclassic.com

www.burmeseclassic.com


တော့ပါ။ ဒါလည်းအကြောင်းရှိပါသည်။ သူ့ကိုစေတနာရှိလွန်း၍ တော့ဟုတ်ဟန်မတူ။ မကြာခဏအတူတွေ့ရင်း သူနှင့်စကားများ များပြောကာ စကားထစ်တာပျောက်အောင် လေ့ကျင့်ပေးလို၍ဖြစ်သည်။ ဒါမှ ဇာတ်ကားမြန်မြန်ပြီး၍ အောင်မြင်မှုနှင့်နီးမည် မဟုတ်ပါလား။

"အပြင်ထွက်ရင်တော့ ရုပ်ဖျက်ထွက်မှဖြစ်မယ်၊ ရှင့်မှာ ဆံပင်တုရှိတယ် မဟုတ်လား"

"အင်း"

"ဆံပင်တုစွပ်၊ မျက်မှန်ပါတပ်ခဲ့"

"နှုတ် နှုတ်"

"ဘာလဲ? ဘာနှုတ်ဦးမှာလဲ၊ နှုတ်ခမ်းမွှေးလား"

"အာ ... မ မဟုတ်ပါဘူး၊ နှုတ် နှုတ်ခမ်းမွှေးအတု အတု ရော တပ် တပ်ခဲ့ရမလားလို့ပါ"

"တော်ပါ၊ ရုပ်ဖျက်လွန်ပြီး သူခိုးဓားပြမှတ်နေကြဦးမယ် ဟွန့်"

ဖုန်းထဲမှ မျက်စောင်းထိုးနေမည့်သရဖီဝမ်းမျက်နှာလေးကို မြင်ယောင်ရင်း သူ ရင်ခုန်နေမိ၏။ မိန်းကလေးနှင့်ပတ်သက်လျှင် ငြိမ်သက်နေခဲ့သော သူ့နှလုံးသားမှာ ယခုတော့ မငြိမ်မသက် ဖြစ်လာခဲ့ပြီ။

"ကိုယ်တို့ နှစ် နှစ်ယောက်တည်း သွား သွား"

"ရှင်နော် ... ဘာမှရှည်ရှည်ဝေးဝေးပြောမနေနဲ့၊ နှစ်ယောက်တည်းသွားရအောင် ရှင်နဲ့ကျွန်မက ချစ်သူတွေမဟုတ်တာ၊ ဟွန့် ခုလို အတူတူအပြင်သွားခွင့်ပြုတာတောင်လွန်လှပြီ"


www.burmeseclassic.com

www.burmeseclassic.com



"အွန်"

"အပြင်သွားတာလည်း လူစည်တဲ့နေရာတွေပဲသွားမယ်၊ ဈေးဝယ်မယ်၊ စားမယ်၊ သောက်မယ်၊ စကားပြောဖို့လိုတဲ့နေရာ ရှင်ပဲပြော၊ အဲဒါ ရှင့်ကို ဂရုစိုက်လေ့ကျင့်ပေးတာပဲ"

"ဟိ ဟို ကိုယ်တို့ နှစ် နှစ်ယောက်တည်း အ အပြန် အ အလှန်ပြောဆို လေ့ လေ့ကျင့်ရင်လည်း ရ ရ ရ"

"တော်၊ လူအများနဲ့ပြောမှ အလေ့အကျင့်ဖြစ်သွားမှာ"

သူ့စကားကိုဆုံးအောင်ပင်မပြောရသေး သရဖီဝမ်းက ကြားဖြတ်ဝင်ပြောသည်။

သူ ဘာများတတ်နိုင်ပါမည်နည်း။ သရဖီဝမ်းပြောတဲ့ အတိုင်းသာ လိုက်နာရသည်။

သရဖီဝမ်းသွားလေရာ အစ်မဖြစ်သူခွါညိုဝမ်းပါလေ တော့ သူကလည်း ရဲဆွေပါရတော့သည်။

"မင့်ဟာမလေးတွေနဲ့တွေ့ရင် ... ငါ့ဗိုက် တကယ် ကျိန်း တယ် ငလက်ရေ"

"ဘာ ဘာဖြစ်လို့လဲ"

"အိုက်လို့ အကျီချွတ်မထားရဲဘူးလေ၊ တော်ကြာ ဦးတည် သွားနဲ့မှားပြီး ဗိုက်လာပွတ်မှာစိုးလို့"

ရဲဆွေစကားကြောင့် သူ ဟက်ဟက်ပက်ပက်ရယ်မောမိ သည်။ ပြောလည်းပြောစရာပဲ မဟုတ်လား။ တွေ့ရာ မြင်ရာ ကြုံ သလား၊ ကလေးတွေစားတဲ့ တုတ်ထိုးချိုချဉ်ပါမကျန် အကုန်စား၊ အစားတမ်းပါးစပ်လှုပ်နေမှတော့ ဒီခန္ဓာကိုယ်မှမဝ၊ မည်သူဝမည် နည်း။



www.burmeseclassic.com

www.burmeseclassic.com



"ငါက ဦးတည်ဘွားဆိုရင် သရဖို့အစ်မခွါညိုကြ ဆုမ်
နဘမ်းသမားပဲ၊ သူကရော ဘာတွေစားပြီး ဒါလောက်ဝနေရတာ
လဲ မသိပါဘူး"

ရဲဆွေပြောတာလည်း ဟုတ်သည်။ ခွါညိုဝမ်းက တော်
တော့်ကိုဝ၏။ တစ်ခုတော့ကောင်းသည်။ သူ့ဘေးတွင် အဖော်
အဖြစ်အပါးတော်မြဲလိုက်သော ရဲဆွေကလည်းပေါင်တစ်ရာကျော်
လူလောက်ကို အသာလေးကိုင်ပေါက်နိုင်သော အားကောင်းမောင်း
သန်၊ သရဖီဝမ်းဘေးက ခွါညိုဝမ်းကလည်း အားကိုးလောက်ဖွယ်
ဗလနှင့်မို့ ဟန်တော့ကျသည်။

"အငယ်ဆုံး အင်ကြင်းက ယောကျ်ားလေးဆန်တယ်
ခွါညိုက မျက်နှာလေးလှပေမယ့် ဖက်တီးကြီး၊ သရဖီကျ မှန်
အောင်လှတာ၊ ညီအစ်မရင်းတွေဖြစ်ပြီး တစ်ယောက်တစ်မျိုးစီပဲ
နော် ငလက်"

"အင်း"

"သရဖီနဲ့တွေ့တာ မင်းအတွက် လိုက်ဖက်တဲ့မိန်းကလေး
တွေ့တာပဲ၊ မင်းတို့နှစ်ယောက်က နတ်ဖက်တဲ့စုံတွဲ"

"အဟဲ"

သူက ရဲဆွေအပြောကို သဘောကျပြီး သွားဖြီးပြမိသည်
သရဖီတို့အိမ် အရင်တစ်ခေါက်က ရောက်ဖူးထား၍ အိမ်သားတွေ
ကို သိနေပြီ။ မသိလည်းသိအောင်လုပ်မည်ပင်။ သိတော့လည်း
အကြောင်းရှာပြီး ခဏခဏသွားရမည်။ သရဖို့ကို သူ အမြဲတွေ့
ချင်နေသည် မဟုတ်ပါလား။

ယခုလည်း သရဖီဝမ်းအိမ်သို့ရောက်ခဲ့ရပြီ။ အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com


ရောက်သည်ဆိုလျှင်ပဲ အခွေဖွင့်ထားသော သီချင်းသံနှင့်အတူ ထိုသီချင်းကိုလိုက်ဆိုနေသော ခွါညိုဝမ်းအသံ စူးစူးဝါးဝါးကိုပါ ကြားရသည်။ ထို့နောက် သရဖီရဲ့ ချော့မော့ပြောဆိုနေသံလေးကိုပါ တစ်ဆက်တည်းကြားရသည်။

"သရဖီ ဒီသီချင်းလေးကို ကြိုက်လွန်းလို့ ကောင်းကောင်းနားထောင်ပါရစေ မမရယ်၊ လိုက်မဆိုစမ်းပါနဲ့ ... ဒီတစ်ခွေပဲ နားထောင်မှာ ... ပြီးမှ ... မမဖာသာဖွင့်ပြီးလိုက်ဆို ... အခု တစ်ပုဒ်မှလိုက်မဆိုရင် နှစ်ထောင်ပေးမယ်"

သူရော ရဲဆွေပါ ပြုံးမိကြသည်။ ချစ်စရာကောင်းသော မိသားစုစရိုက်လေးကိုတွေ့ရသဖြင့် ကြည်နူးသည်။ စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးဖတ်နေသော ဦးချိုတူးမှာ တလောကလုံး ဘာတွေဖြစ်နေနေသူနှင့်မဆိုင်သလို ဘာမှမကြားတော့သလို ပတ်ဝန်းကျင်နှင့်အဆက်ပြတ်နေ၏။

"အဟမ်း အဟမ်း၊ ဧည့်သည်လာပါတယ်ခင်ဗျာ"

ရဲဆွေက ခပ်နောက်နောက်ပင် အသံပြုလိုက်၏။ သရဖီဝမ်းမှလွဲ၍ ကျန်လူများက ဝမ်းသာအားရလှည့်ကြည့်ကြသည်။

ဦးချိုတူးက ...

"ကိုလက်တို့လာပြီဟေ့"

"စားစရာဘာမုန့်ပါလဲဗျို့"

အင်ကြင်းဝမ်းက **TV Game** ကစားနေရာမှ လှမ်းမေးသည်။ ဦးချိုတူးက ...

"ဟဲ့ ... ဒီကောင်မလေးဟာလေ ... ကလေးမဟုတ်၊ ဘာမဟုတ်နဲ့အိမ်လာတဲ့ဧည့်သည်ကို ဒီလိုမေးရသလား၊ နင်က အိမ်ရှင်


www.burmeseclassic.com

www.burmeseclassic.com


နင်ကျေးရမှာပေါ့"

"ဟင်း … ဒီညည့်သည်က ခဏခဏလာမယ့်ဧည့်သည်တွေ … လာတိုင်းသာကျွေးရရင် သေပြီဆရာ၊ ဒီတော့ ဧည့်သည်ကပဲ အလိုက်သိ"

"တယ် … ဒီကောင်မလေး ငါ နရင်းထအုပ်လိုက်ရ … ဟင်း ဟင်း ဟင်း ဟင်း"

"ရပါတယ် ဦးကြီးရဲ့၊ အင်ကြင်းက ကလေးပဲ၊ ကလေးအတွက် မုန့်ဝယ်ခဲ့ပါတယ်ဗျာ ရော့ ဒီမှာ"

"ဝေး ဟေး၊ မင်းသားက ရုပ်ချောသလို သဘောလည်းကောင်းတယ်၊ ကျွန်တော့်အစ်မသရဖီက ရုပ်သာချောတာ ကပ်စေးနဲတယ်"

သရဖီက ဘာမှပြန်မပြောဘဲ မျက်စောင်းသာ လှမ်းထိုးသည်။ ပြီးမှ …

"ရှင် ရုပ်ဖျက်ခဲ့မယ်ဆို"

"ဒီကထွက်မှ ဆံပင်တုစွပ်ပြီး နေကာမျက်မှန်တပ်လိုက်ရုံပဲလေ"

ရဲဆွေက ဝင်ပြောသည်။ သရဖီက …

"ကိုရဲဆွေ၊ ရှင်က သူ့ကိုယ်စားဝင်ဝင်မပြောနဲ့လေ၊ သူ့ဖာသာပြောပါစေ ဒီလိုသာမပြောဘဲနေရင် ပိုဆိုးမှာပေါ့၊ ထစ်ချင်ထစ် များများပြော … ဒါမှ ပြောပါများရင် အဆင်ချောလာမှာ"

"အဲ … ကျွန်တော်က အကျင့်ပါနေတော့ အမှတ်တမဲ့ဖြစ်ဖြစ်သွားတယ်"

"နောက်ဆို သတိထားကိုရဲဆွေ၊ ဘာဖြစ်ဖြစ် သူ့ဖာသာ


www.burmeseclassic.com

www.burmeseclassic.com


သူ ပြောပါစေ"

"ကောင်းပါပြီ ရွှေမင်းသမီးရယ်"

"ဦးကြီးနဲ့စကားပြောရင်း ခဏစောင့်၊ သရဖီ အဝတ်အစားလဲလိုက်ဦးမယ်"

"ဧည့်သည်တွေ တစ်ခုခုကျွေးဦးလေ သမီး"

"အပြင်ရောက်မှ စားလို့ရတာပဲ"

"ဟုတ်ပါတယ် ဦးကြီး၊ ကျွန်တော်တို့ စကားပဲပြောကြတာပေါ့"

ရဲဆွေက ဝင်ပြောသည်။ သရဖီက သူ့ကိုကြည့်ပြီး ...

"ရှင်က ဒီအတိုင်း ငုတ်တုတ်ကြီးထိုင်မနေနဲ့လေ၊ စကားလေးဘာလေးပြောမှပေါ့ ... ဒါမှ"

"အဲ ... အင်း ... ပြော ပြောပါ့မယ်"

သရဖီဝမ်းက သီချင်းသံကို အနည်းငယ်တိုးထားခဲ့ပြီး အခန်းထဲဝင်သွားသည်။ ဦးချိုတူးက ...

"နင်ကရော အပြင်သွားမှာ အဝတ်အစားမလဲဘူးလား ခွါညို"

"မနက်အိပ်ရာထကတည်းက အပြီးလဲထားပြီးသားလေ"

ခွါညိုဝမ်းက VCD မှ မျက်စိမခွာဘဲ ဖြေသည်။

ဦးချိုတူးက ...

"ကောင်းလိုက်တာ၊ အဲဒါသာကြည့် ... သူက သီချင်းနဲ့တွေ့ရင် ဘာမှစိတ်မဝင်စားတော့ဘူး"

ထိုသို့ပြောရင်း ခွါညိုဝမ်း ငယ်ကျိုးငယ်နာကို ဦးချိုတူးက ဖော်သည်။ ပြောလည်း ပြောစရာပင်။ ခွါညိုဝမ်းမှာ ငယ်စဉ်


www.burmeseclassic.com

www.burmeseclassic.com


ကတည်းက သူ့သီချင်းဆို၍ နားထောင်မည့်သူမရှိလျှင် အိပ်နေတဲ့ ခွေးကို "ဟော့ခွေး၊ ထစမ်း၊ ငါ သီချင်းဆိုမလို့ နားထောင်" ဟု ဆိုကာ ခွေးကိုပင် သီချင်းဆိုပြတတ်သည်။

"ခွါညိုကကျ အဆိုဘက်မှာ အဲသလောက်ထိ ဝါသနာ ပါတာ"

"ဒါ ... ဒါနဲ့များ"

"အဆိုတော် လုပ်ခိုင်းလိုက်တာ မဟုတ်ဘူး"

သူ့စကားမဆုံးခင် ရဲဆွေက ဝင်ပြောသည်။ ဦးချိုတူးက ခွက်ထိုးခွက်လန်ရယ်လေတော့၏။

"အဟား ဟား ဟား၊ ခွီး ခွီး အစ် အစ်"

"ဦးကြီး"

ခွါညိုဝမ်းက သူ့ငယ်ကျိုးငယ်နာဖော်နေတာကြား၍ သီချင်းနားထောင်နေရာမှ လှမ်းအော်သည်။

"သရဖီက မင်းသမီးဖြစ်ချင်တယ်ဆိုတာ ဖြစ်နိုင်တယ်လေ အင်မတန်လှတာကိုး၊ ဒီကလေးက မွေးကင်းစကတည်းက ထူးထူး ခြားခြားလှတာ၊ ခွါညိုက အဆိုဝါသနာပါပြီး အဆိုတော်ဖြစ်ချင် ပေမယ့် သူ့အသံက ငှက်ဆိုးထိုးသံလို သာယာနာပျော်ဖွယ်မရှိဘူး အော်လိုက်ရင် အဖျားခတ်တုန်ဝင်သွားသေးတာ"

"ဩော်"

"အရမ်းလည်း ဝါသနာပါတယ်၊ သူ့အသံကလည်း အဆို တော် ဖြစ်နိုင်လောက်အောင် ကောင်းတယ်ဆိုရင် ပွဲထုတ်ပေးတာ ကြာပြီပေါ့"

"အဲသလိုလား"


www.burmeseclassic.com

www.burmeseclassic.com


သူတို့ပြောဆိုနေကြစဉ် ခွါညိုဝမ်းက သီချင်းနားထောင်နေရာမှ ပါးစပ်ကပါအော်ပြီး လိုက်ဆိုပြန်သည်။ ခွါညိုဝမ်းသီချင်းလိုက်ဆိုသံကြားမှ ဦးချိုတူးပြောတာမလွန်ပါလားဟု သူတွေးမိသည်။ ခွါညိုဝမ်းအသံကတကယ့်ကို သံသေးသံကြောင်။

"မမ ... သီချင်းကိုလိုက်မဆိုပါနဲ့ဆို သရဖီနားထောင်နေတာ အာရုံနှောက်တယ်"

"တော်ပြီ၊ နင်ပေးမယ့်နှစ်ထောင်မယူတော့ဘူး၊ ငါ လိုက်မဆိုဘဲ ဘယ်လိုမှမနေနိုင်ဘူး"

ဟုတ်သည်။ ခွါညိုဝမ်းက သီချင်းနှစ်ပုဒ်၊ သုံးပုဒ်လောက်အထိ လိုက်မဆိုဘဲ သည်းခံနေသေးသည်။ သုံးပုဒ်ကျော်ပြီးနောက်တစ်ပုဒ်ဆို မအောင့်နိုင်တော့ဘဲ လိုက်ဆိုတော့သည်။

"တော်ပြီ ... စိတ်ကုန်တယ်၊ ပိတ်တော့ သွားမယ်"

ဆံပင်တုတပ်ပြီးထွက်လာသော သရဖီက နေကာမျက်မှန်အကြီးကြီးကိုပါတပ်လိုက်သည်။ ဆေးဆိုးထားသော နှုတ်ခမ်းလေးက ဖွဖွရူလျက်။

"နှုတ်ခမ်းကြီးစူ ဝက်နဲ့တူ ... ဖြောင်း"

ခွါညိုဝမ်းက ပြောရင်း သရဖီ့နောက်ကနေ လက်ခုပ်ကိုဖြောင်းခနဲတီးလိုက်၏။ သရဖီကလန့်ပြီး ယောင်တော့သည်။

"အ! သေနာတွေ" တဲ့။

— ဂု ဂု —


www.burmeseclassic.com

www.burmeseclassic.com

ဏ --- ( ၈ ) --- ဏ

"ကဲ ... ဘာဝယ်ဝယ်ဘာစားစား ရှင့်ဖာသာဈေးမေး၊ ပြောစရာရှိတာ ရှင်ပဲပြော၊ ဒီမှာ ကိုရဲဆွေ"

သရဖီက သူ့ကိုပြောနေရာမှ ရဲဆွေဘက်လှည့်ပြီး ခေါ်သည်။ ရဲဆွေက ...

"အမိန့်တော်မြတ်အတိုင်းပါ ရွှေမင်းသမီး"

သရဖီက မျက်စောင်းနုနုထိုးရင်း ...

"လက်ဆောင်ကိုယ်စား ဝင်ပြောတာတွေ၊ မေးတာတွေ မလုပ်ရဘူးနော် ကိုရဲဆွေ"

"ကောင်းပါပြီ ရွှေမင်းသမီး"

"ဟွန့် ... ကိုရဲဆွေနော်၊ လူကြားထဲလည်း အဲသလိုလျှောက် မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com


ခုချိန်တော့ သရဖီက ဆရာမကြီးပေါ့။ ခက်တာက သူ့အနေဖြင့် သရဖီလုပ်ရပ်အတွက် အကျိုးထူးမည်ဟုမထင်ပါ။ အကျိုးမထူးမှန်းသိသော်လည်း သရဖီနှင့်အတူ နီးနီးကပ်ကပ်နေပြီး အတူသွား၊ အတူလာ၊ အတူစားနေရတာကို ကျေနပ်နေသည် မဟုတ်လား။

"ကိုရဲဆွေ၊ ဟိုရှေ့နားက အသုပ်ဆိုင်မှာရပ်မယ်၊ အဲဒီဆိုင်လေးက အသုပ်တွေကောင်းတယ်၊ ကျွန်မတို့အမြဲလာစားနေကျပဲ၊ ခု ... စားရအောင်"

"ကောင်းပါပြီဗျာ"

"မမ ... အိပ်ငိုက်မနေနဲ့ ... ထ"

"ငိုက်ပါဘူး၊ ငါ ကမ္ဘာပတ်ပြီး သီချင်းဆိုနေတာ"

"ဘာ"

"အခု ... ငါ့ရဲ့ **One lady Show** က အမေရိကန်မှာ ဖျော်ဖြေနေတာ ... ပရိသတ်တော်တော်များတယ်ဟ"

"ဟွန့် ... ရူးပါ့"

သရဖီက မျက်စောင်းထိုးပြန်သည်။

"နေဦး ... ဒီမှာ လက်ဆောင်"

"အင်း"

"အသုပ်ဆိုင်ထိုင်ရင် သရဖီက မြင်းခွါရွက်သုပ်စားမယ်၊ အဲဒါမှာပေး၊ မမနဲ့ ကိုရဲဆွေစားချင်တာလည်း ရှင်ပဲ မှာပေးရမယ်၊ ရှင်စားချင်တာလည်း ရှင့်ဖာသာမှာရမှာ၊ ဒါမှ စကားပြောလေ့ကျင့်ပြီးသားဖြစ်မယ်"

"အင်း"


www.burmeseclassic.com

www.burmeseclassic.com


"ကိုရဲဆွေ ဘာအသုပ်စားချင်လဲ"

ရဲဆွေက ခဏနေစဉ်းစားသည်။ ပြီးမှ ...

"ဆေးဘဲဥသုပ်"

"အင်း ... အဲဒီအသုပ်လည်းကောင်းတယ် ... မမကရော"

"ထုံးစံအတိုင်းပေါ့"

"မမထုံးစံကို လက်ဆောင်မသိဘူးလေ၊ ပြောပြလိုက်ဦး"

"အဟမ်း ... ခရမ်းချဉ်သီးသုပ်၊ ဆတ်သားခြောက်အမျှင်သုပ်၊ ကျန်တဲ့အသုပ်ကတော့ သူများမှာတဲ့ထဲက နှိုက်စားလိုက်မယ်"

"ကဲ ... မှတ်မိရဲ့လား လက်ဆောင်"

"အင်း"

"အဲ့ဒါတွေကို ဖြည်းဖြည်းနဲ့မှန်မှန်ပဲပြော ... ကြာရင်ကြာပစေ၊ စိတ်ထဲမှာအရင်စီပြီးမှပြော ... ကြားလား လက်ဆောင်"

"အင်း"

"ဘာအင်းလဲ၊ ရှင် ဒီလို လွယ်လွယ်အင်းဆိုပြီးခေါင်းညိတ်မယ့်အစား တခြား ရှည်ရှည်ဝေးဝေးစကားတွေ ပြန်ပြောပါလား၊ တကတည်း စကားကို သွက်သွက်ပြောနိုင်အောင်လေ့ကျင့်ရေးဆင်းနေပါတယ်ဆိုမှ ... ပြန်ပြော"

သူ ပြုံးလိုက်မိသည်။ ဘာပဲပြောပြော သရဖီအသံစာစာလေးကြားနေရတာ သူပျော်သည်။ သရဖီသြဝါဒခံယူပြီးနောက် ကားပေါ်မှဆင်းကာ အသုပ်ဆိုင်ထဲဝင်ခဲ့ကြသည်။

တော်သလင်းလ၏အပူမှာ ကားပေါ်အဆင်းနှင့်အသုပ်


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ကြားတွင် ပူပူပြင်းပြင်းရှိလှသည်။ ဆိုင်ထဲဝင်လိုက်တော့ **Aircon** အရှိန်ကြောင့် အေးသွားသည်။ ဤဆိုင်ကို သရဖီ ကြိုက်နှစ်သက်ရခြင်းသည် ဤအချက်လည်း ပါဝင်ပေလိမ့်မည်။

"ဘာများ သုံးဆောင်ကြမလဲရှင်"

စားပွဲတွင် သူတို့ထိုင်ပြီးသည်နှင့်မိန်းကလေးတစ်ယောက် ရောက်လာပြီးမေးသည်။ သရဖီက သူ့ကို တံတောင်နှင့်တွက်ကာ သတိပေးသည်။ သူ့ကို စားသောက်ဖွယ်မှာဟုဆိုလိုသည့်သဘော။

"..............."

သူက စကားတစ်လုံးထွက်ရန် အတော်ပင်အားယူနေရပြီး တော်တော်နှင့်မထွက်ပေ။ ပြီးမှ ...

"မြင်း .... မြင်း"

"ရှင်!"

သတိထားလေ ပိုဆိုးလေဖြစ်နေရှာသလားမသိ။ ထို တစ်လုံးကလွဲ၍ ရှေ့ဆက်မထွက်တော့ပေ၊ ခက်တော့ခက်နေပြီ။

"မြင်း မြင်း"

"ဘယ်ကမြင်းလဲ"

"ဟို ... ခွာ ခွာ"

"ရှင်! ... ဘာခွာလဲဟင်? ... သြော် ... မြင်းရဲ့ခွာလား၊ ဒီမှာက ... က"

"ဟဲ့ ... မြတ်နိုး၊ ညီသည်က မြင်းခွာရွက်သုပ်ကိုပြောတာ နင်ကလည်းဟယ်၊ ဒါလေးတောင် အရိပ်အကဲနားမလည်ဘူးလား၊ စိတ်မရှိပါနဲ့ရှင် မြင်းခွာရွက်သုပ်ကို အရသာအရှိဆုံး အကောင်းဆုံးသုပ်ပေးပါ့မယ်"


www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရှင်ဖြစ်ဟန်တူသူအမျိုးသမီးကြီးက စကားတွေ ရှန်းရှန်းဆဆပြော၍ တောင်းပန်သည်။ စားပွဲသုံးလေးငါးဝိုင်း၌ စားသုံးသူတွေရှိနေ၏။ ဤဆိုင်လူစည်တာလည်း မပြောနှင့်။အရသာကောင်း၍ ဆက်ဆံရေးပြေပြစ်သည်။ အမျိုးသမီးကြီးက ကောင်မလေးဘက် လှည့်ကာ ...

"မြတ်နိုးရေ ... ညီ့သည်တွေမှာတာကို အဆင်ပြေအောင်လုပ်ပေးလိုက်နော်၊ အန်တီလုပ်စရာလေးရှိလို့ ခွင့်ပြုပါဦး"

ဝန်ထမ်းကို ချိုချိုသာသာခိုင်း၍ သူတို့ကို ယဉ်ယဉ်ကျေးကျေးနှုတ်ဆက်ကာ ထွက်သွားသည်။

"နောက်ထပ် ဘာများ မှာဦးမလဲရှင်"

သရဖီက သူ့ကို တံတောင်နှင့်တို့ပြန်သည်။

"အဲ ... ဆေး ဆေး"

"ဆေး ... ဟုတ်လား၊ ဟို ဆေးကတော့မရဘူးလေ၊ အသုပ်တွေပဲရောင်းတာ၊ ဟိုဘက်လမ်းမှာတော့ ဆေးဆိုင်ရှိတယ်"

ဩော် ... ခက်ပဲခက်ရချည်ရဲ့ ... သူ နောက်ထပ်အားယူကာ ကြိုးစားပြီးပြောလိုက်သည်။

"ဆေး ... ဆေး ဘဲဥသုပ်ကို ပြော ပြောတာ"

"ဩော် ... ဟုတ်ကဲ့၊ သိပါပြီ၊ ဒါပဲလား"

"ခ ခ ခရမ်း ခရမ်း"

"ခရမ်းသီးသုပ်တော့မရှိဘူး၊ အဲ ... ဟို ခရမ်းချဉ်သီးသုပ်ရှိတယ်လေ"

"အင်း အင်း၊ အဲ အဲဒါ အဲဒါကိုပြောတာ၊ နောက် နောက်ပြီး ဟို ဆတ် ဆတ်"


www.burmeseclassic.com

www.burmeseclassic.com


"ဩော် ... ငရုတ်သီးစပ်စပ်လေးလား"

"No"

သူ စိတ်မရှည်တော့ဘဲ သတိလက်လွတ်အော်ပစ်လိုက်၏။ နိုးဆိုသောအင်္ဂလိပ်စကားကျ တစ်ကြိမ်မျှမထစ်။ မထစ်အောင်လည်း တစ်လုံးတည်းနှင့်အဓိပ္ပါယ်ပေါက်သော နိုးကို သုံးလိုက်ခြင်းပင်။

ရုတ်တရက် အော်လိုက်သော သူ့အသံကြီးကြောင့် အားလုံးလန့်သွားကြသည်။ သရဖီကလန့်ပြီး "အမေ့ ... ငရုတ်သီးကြီး"ဟု ယောင်၏။ ဆိုင်တွင်းရှိ စားပွဲဝိုင်းမှလူများက တအံ့တသြလှည့်ကြည့်ကြသည်။

ဆိုင်ရှင်အမျိုးသမီးကြီးမှာလည်း အထိတ်တလန့်ပြေးထွက်လာပြီး ...

"ဘာများဖြစ်လို့ပါလဲရှင်"

"အဟဲ ... ဘာမှမဖြစ်ပါဘူး အန်တီ၊ ကျွန်တော့်သူငယ်ချင်းက အင်္ဂလိပ်အသံထွက်ဆိုရင် ဒီလိုပဲ မာန်ပါပြီး အသံကျယ်တတ်လို့ပါ"

ရဲဆွေက ဝင်ရှင်းပြသည်။

"ဩော် ... ဩော်"

"ဟင်း ဟင်း၊ ဆတ်သားခြောက်သုပ်တစ်ပွဲဆို အားလုံးပြည့်စုံပါပြီ"

သရဖီက ထိုသို့ဝင်ပြော၍ သူ့ကို မျက်စောင်းလှမ်းထိုးသည်။ သူကတော့ နောက်ထပ်အသုပ်တစ်မျိုးမျိုး ထပ်မမှာစေ


www.burmeseclassic.com

www.burmeseclassic.com



နှင့်ဟု စိတ်ထဲကျိတ်ပြီး ဆုတောင်းမိသည်။

"ရေနွေးကြမ်းက နည်းနည်းပဲရှိတော့လို့ သိပ်မပူဘူး၊ အသစ်တစ်ဘူးတောင်းလိုက်မှထင်တယ်"

ခွါညိုဝမ်းက ရေနွေးကြမ်းတစ်ခွက်ငှဲ့ရင်းပြောသည်။

သရဖီက ...

"နေ ... မမ၊ လက်ဆောင်ကိုပြောခိုင်းမယ်၊ ကဲ ... ရှင် ရေနွေးတစ်အိုးထပ်တောင်းပေးပါဦး"

သရဖီ့စကားအဆုံး သူ ခေါင်းညိတ်ပြပြီး စားပွဲထိုး ကောင်မလေးကို "ကျစ်" "ကျစ်" ဟု အသံပြုခေါ်လိုက်သည်။ ကောင်မလေးအနားရောက်လာတော့ ရေနွေးကြမ်းဓါတ်ဘူးကို လှမ်းပေးလိုက်၏။

"ဩော် ... ရေနွေးကုန်နေပြီပဲ၊ ခုချက်ချင်းလဲပေးမယ် နော်"

ကောင်မလေးထွက်သွားသည်နှင့်သရဖီက ...

"ဒီမှာ လက်ဆောင်၊ ရှင့်ကို စကားပြောကျင့်ရစေချင်လို့ ဒီလိုလုပ်နေတာ၊ ဒါကို ရှင်က လက်ဟန်ခြေဟန်တွေနဲ့လုပ်မနေ နဲ့ မရဘူး၊ ခု ပြန်ပြော ရေနွေးက သိပ်မပူလို့လဲခိုင်းတာ ဘာညာ ရှင်ကြည့်ပြော ဒါပဲ"

သရဖီက တစ်ချက်လွှတ်အမိန့်ပေးလေတော့ သူ ဘာများ တတ်နိုင်ဦးမည်နည်း။ ရွှေမင်းသမီးအလိုကျ လိုက်လျောရပေမည်။ သို့နှင့်ရေနွေးဓါတ်ဘူးလာချပေးသော ကောင်မလေးကို စကား ထပ်ပြောရတော့သည်။

"ညီ ညီမလေး၊ ရေ ရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ရေလား၊ ရမယ် ရမယ်"

ကောင်မလေးက အတော်ပင်လျင်မြန်ဖျတ်လတ်ပါပေသည်။ သူ့စကားပင်မဆုံးသေး လှည့်ထွက်သွားပြီး သောက်ရေတစ်ခွက်ယူလာပေး၏။

"မ မဟုတ်ဘူး၊ ရေ ရေနွေးက စောစောက မ မပူလို့ လဲလဲခိုင်းတာ အ အခုရော ပူ ပူရဲ့လား လို့ မေး မေး မေးတာ"

"ဩော်၊ ပူပါတယ်ရှင့်၊ ပူပါတယ်၊ သုံးဆောင်ကြည့်ပါဦးရှင့်"

ဤသို့ကသောင်းကနင်းဖြစ်ရပ်များကြားမှ သူ့ကို သရဖီက စကားများများပြောစေရင်း အထစ်အငေါ့နည်းစေရန် လေ့ကျင့်ပေးခဲ့သည်။ စကားထစ်၍ စကားပြောရမှာရှက်သောကြောင့် နှုတ်နည်းစွာနေလာခဲ့သောသူသည် ယခုတော့ အရှက်ကို ဘေးဖယ်သည်းခံကာ ကြိုးစားပြောခဲ့၏။

"ဟယ် ... စပျစ်သီးအကြီးကြီးတွေ၊ အအီပြေဝယ်စားရအောင် ... ဈေးကို လက်ဆောင်မေးပြီး ဝယ်နော်"

အသုပ်ဆိုင်က ထွက်လာတော့ ဘန်းထဲထည့်ရောင်းနေသော စပျစ်သီးအကြီးမျိုးတွေတွေ့၍ သရဖီကပြောသည်။ ရဲဆွေက ကားကို ရပ်ပေးသည်။ ခွါညိုဝမ်းက ...

"နင်နဲ့ရွှေမင်းသားနဲ့ပဲ ဆင်းဝယ်လိုက်ကြတော့ ... ငါဒီမှာ သီချင်းနားထောင်နေတာ ခိမ်ပျက်တယ်"

"နေခဲ့ပေါ့ ... လာ လက်ဆောင်"

ရွှေမင်းသမီးအလိုကျ သူ ဆင်းရပြန်သည်။ သူတို့နှင့်တွေ့မှ သူ့မှာ လမ်းဘေးဈေးတောင်ဆင်းဝယ်နေရပြီ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါစေတော့။

"စ ... စပျစ်သီး၊ ဘယ် ဘယ် လို ရောင်း ရောင်းသလဲ"

"သုံးဆယ်သား နှစ်ထောင်ရောင်းတာ ... တစ်ထောင့် ရှစ်ရာပဲပေး"

သူ ထောင့်ငါးရာလောက်ဆစ်ဖို့ စဉ်းစားသည်။

ထို့ကြောင့် ...

"တ တစ်ထောင် တစ်ထောင် ထောင်"

"အလိုတော် ... တစ်ထောင်တော့မရဘူး၊ ဘယ့်နှယ့် ယောကျ်ားလေးတန်မဲ့ မတန်တဆဈေးဆစ်ရတယ်လို့၊ ထောင့်ရှစ် ရာတောင် အစွမ်းကုန်လျှော့ပေးထားတာ"

"ဟာ ... မ မ မ"

"အေး ... မဝယ်ချင်လည်းသွား ... ဟွင်း"

သူ ဘာဆက်ပြောရမှန်းမသိတော့ပေ။ ရှင်းလေရှုပ်လေ ဖြစ်နေသည်။ သူ ပြောချင်တာက တစ်ထောင့်ငါးရာဟု ပြောချင် တာ။ စကားထစ်နေတော့ တစ်ထောင်ဆိုတာက ရှေ့မဆက်ဘဲ ဈေးသည်က တလွဲထင်သည်။ မဟုတ်ပါဘူးရှင်းပြချင်သော်လည်း မဝယ်တော့ဘူးပြောသည်ထင်၍ မောင်းထုတ်နေ၏။ ဒီတော့ မနေသာ သော သရဖီက ဈေးသည်ကို ရှင်းပြရသည်။

ထိုအခါမှ ...

"ဩော် ... ဟုတ်လား၊ အဒေါ်က ဘာပြောမှန်း နား မလည်ဘူးလေ၊ ကဲ ကဲ တစ်ထောင့်ငါးရာဆို ယူသွားပါ"

ဤသို့ ကပေါက်တိကပေါက်ချာအဖြစ်မျိုးလည်း ကြုံရ သည်။ ထို့ကြောင့် သူ စကားပြောဖို့ ဝန်လေးနေတာ အဆန်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေ။

"ရှင်က ... ငယ်ကတည်းက စကားထစ်တာမဟုတ်ဘဲ ကျောင်းပြီးတဲ့နောက်မှ ဒီလိုဖြစ်တာလို့ ကိုရဲဆွေဆီက ကြားတယ်၊ ဒါကြောင့် ပျောက်နိုင်ချေရှိလို့ သရဖီက ရှင့်ကို ကြိုးစားလေ့ကျင့်ကူပေးနေတာ"

သရဖီပြောသလို ပျောက်ချင်လည်း ပျောက်သွားပါလိမ့်မည်။ အဲ ... ဝင့်ကြွေးကုန်ရင်ပေါ့။

"သရဖီတို့ ရိုက်လက်စ ဇာတ်ကားနားထားရတာကို စိတ်မကောင်းဘူး၊ ဒါ ရှင့်အပြစ်ကြီးပဲမဟုတ်ပါဘူး၊ သရဖို့အားနည်းချက်လည်း ပါပါတယ်"

"သ သရဖီက ဘာ ဘာဖြစ်လို့ ဒီ ဒီလောက် ယောင်ယောင်တတ်ရတာလဲ"

"ဟင်း ဟင်း၊ အဲဒါ သူ ဝင့်လည်တာရွှေမင်းသားရေ ... ဝင့်လိုက်နေတာ"

"ဟင်! ဘယ် ဘယ်လို ... ဝင့် ဝင့်လိုက်တာ"

"ဟုတ်တယ်၊ ယောင်တတ်တဲ့လူကို လိုက်ပြောင်တယ်၊ မယောင်ယောင်အောင် ခါးတို့၊ လန့်အောင်လုပ် ... ပြီးတော့ ဟားတာပေါ့၊ အဲဒီနောက် သရဖီလည်း ယောင်တတ်တော့တာပဲ"

"ဟာ ... ဒါဆို လက်ဆောင်နဲ့သရဖီက အတူတူပဲ၊ သူလည်း သူများစကားထစ်တာ လိုက်ပြောင်ရင်း သူပါထစ်လာတာ"

"ဟော့တော်၊ ဟုတ်လား"

ဤသို့ဆိုလျှင် သူနှင့်သရဖီက ကံတူအကျိုးပေးချင်းတွေ့ကြတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သ သရဖီ၊ ယောင် ယောင်တာကို တဖြည်းဖြည်းပျောက်သွားအောင် ကို ကိုယ်လည်း ကူညီပါ့မယ်"

"အင်းလေ၊ သရဖီတို့နှစ်ယောက် ဝင်္ကြွေးဆပ်ပြီး ကျေတဲ့နေ့ ပျောက်ရမှာပေါ့"

"နင်တို့နှစ်ယောက် အားနည်းချက်လည်းပျောက်ရော ... ငါနဲ့ကိုရဲဆွေလည်း တစယောက်ကပုတ်သောက်၊ တစ်ယောက်ကရာဝင်အိုးသောက်ဖြစ်ရော"

"ဟား ဟား ဟား ဟား"

"ဟင်း ဟင်း"

ဣ ဣ



www.burmeseclassic.com

www.burmeseclassic.com

## (၉)

ရိုက်ကူးရေးခဏနားထားသည့်ရက်အတွင်း သူနှင့်သရဖီ အားနည်းချက်လျော့သွားအောင် ပျောက်သွားအောင် ကြိုးစား အားထုတ်လေ့ကျင့်ခဲ့ကြသည်။ အိမ်ထဲမှာနေပြီးတော့လည်း ဇာတ်ညွှန်းဖတ်ကာ အပြန်အလှန်လေ့ကျင့်သည်။ လေ့ကျင့်တုန်းက ဟုတ်မလိုလို၊ အဆင်ချောပြီလိုလိုနှင့် ရိုက်ကွင်းပေါ်ရောက်သော အခါ ကိုးရိုးကားယားတွေ ပြန်ဖြစ်သွားသည်ပင်။

တစ်နေ့ကုန်အလုပ်မဖြစ်သော ရိုက်ကူးရေးအတွက် ရှုတင်စရိတ်ကို သူနှင့်သရဖီဦးကြီးတို့ အကုန်အကျခံပေးရပြန်သည်။

"အနှောင့်အယှက်ပယောဂတစ်ခုခုများရှိနေရော့သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဦးကြီးကလဲ၊ ဒီခေတ်မှာ ဒါမျိုးတွေလာမပြောနဲ့ ... အဓိပ္ပါယ်မရှိဘူး"

သရဖီက ဦးချိုတူးအပြောကို ခါးခါးသီးသီးငြင်းသည်။ သူလည်း ဒါမျိုးတွေကို မယုံပါ။

"အလေ့အကျင့်ဖြစ်ပြီးစွဲနေတဲ့အကျင့်တွေဆိုတော့ လွယ်လွယ်နဲ့မပျောက်သေးတာပါ ဦးကြီးရယ်၊ ဒါပေမယ့် သိပ်မကြာခင်ချိန်မှာ ပျောက်ကိုပျောက်ရပါ့မယ်"

သရဖီက ဦးချိုတူးကို နှစ်သိမ့်သည်။ သူကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။ ဒါကို သရဖီက ...

"ရှင်ဟာလေ၊ ပါးစပ်ကပြောပါ၊ အဲဒီခေါင်းညိတ် ခေါင်းခါကြီးကို မလုပ်စမ်းပါနဲ့"

"ဩော် ... အင်း အင်း"

BURMESE CLASSIC

"ဟွန်း"

"ဟား ဟား၊ ငါ့တူမက မောင်လက်ဆောင်ကိုတော့ ပြောပြနေတာယ်၊ ညည်းကိုယ်တိုင်ကရော ညည်းအကျင့်ဖျောက်ပါဦး"

"အံမယ်၊ သရဖီကနော် သရဖီ့ကို လာနှိုးအောင်မလုပ်ရင် မယောင်ပါဘူး၊ ပြီးတော့ သရဖီ့ခန္ဓာကိုယ်ကိုမထိရင်မယောင်ပါဘူး"

"ဟဲ့ ... မင်းသမီးလုပ်မှတော့ ထိတွေ့ရမှာပေါ့၊ နင့်ဟာခက်ပဲခက်ရချည်ရဲ့"

သူက ဦးချိုတူးစကားကြောင့် ပြုံးမိသည်။

သရဖီ့ကိစ္စနှင့်ပတ်သက်ပြီး ရဲဆွေကလည်း တစ်ခါပြောဖူးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အထိတ်တလန့်အသံကျယ်တွေကြောင့် လန့်ပြီးယောင်တာမျိုးကိုတော့ အဲဒီအသံတွေနဲ့ပဲ ယောင်တာပျောက်အောင် လေ့ကျင့်ပေးလို့ရတယ်၊ သူ့ကိုယ်ခန္ဓာကို ထိမိတို့မိလို့ယောင်တာကို လေ့ကျင့်ပေးဖို့တော့ ခက်တယ်"

ရဲဆွေပြောတာလည်း ဟုတ်သည်။ အကျင့်ဖြစ်အောင် သရဖို့ခန္ဓာကိုယ်လေးအား တို့ထိပွတ်သပ်ကိုင်တွယ်လေ့ကျင့်ဖို့ဆိုတာ။

"သီတင်းကျွတ်ဖို့ သုံးလေးရက်ပဲလိုတော့တယ်၊ သရဖို့ကို ဗျောက်ဖောက်တဲ့နေရာတွေဆီသာရှေးခေါ် မောင်လက်ဆောင်ရေပြီးမှ ဘေးကနေ လန့်မယောင်ဖို့သတိပေး"

နိုပ်ဟာဟု သူ့စိတ်ထဲ ကြွေးကြော်လိုက်မိသည်။ ဒါဟာ သီတင်းကျွတ်မှာ သရဖိနှင့်အတူ လျှောက်လည်ရဦးမည့် မဟာအခွင့်အရေးပင်ဖြစ်သည်။ ယခုဆိုလျှင် သရဖို့အိမ်ဟာ သူ့အတွက် စားအိမ် သောက်အိမ်ဖြစ်နေပြီ။ ဦးချိုတူးကိုယ်တိုင်ကလည်း တူမအပျို သုံးယောက်ရှိပေမယ့် လူကြီးတွေရှိချိန်တွင် တရားဝင်ဝင်ထွက်ခွင့်ပြုထားသည်။ ဦးချိုတူးက လူကဲခတ်မညံ့ပေ။ သမီးတွေလိုမွေးလာသောတူမတွေကို လင်ကောင်း သားကောင်းရဖို့ အရေးကြီးသည် မဟုတ်လား။

ထို့ကြောင့် သူ့လို ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်၊ သဘောမနောကောင်းလေးကို ဘယ်မှာလက်လွတ်ခံမည်နည်း။

တစ်ခုတော့ရှိသည်။ သရဖိနှင့်နှစ်ယောက်တည်း လမ်းပတ်ခွင့်တော့မရသေးပေ။ ဘယ်သွားသွား ခွါညိုဝမ်းတိုထည့်သည်။ အင်းလေ ... သူနှင့်သရဖိကလည်း ချစ်သူရည်းစားတွေမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ။ ဒီတော့ နှစ်ယောက်တည်းလည်ဖို့ သူကလည်း မပြော ရဲသေးပါ။ တရားဝင်ချစ်သူဘဝရောက်မှ ...။

"ကိုယ်တို့ရပ်ကွက်က ပို ပိုစည်တယ်၊ ကားကို အိမ်မှာ ဝင် ဝင်ထားပြီး ရပ် ရပ်ကွက်ထဲ က က ဈေး ဈေးတန်းတွေ လျှောက် လျှောက်ကြည့်ရအောင်"

သူ့စကားကို မည်သူကမျှ မငြင်းပါ။ ခွါညိုဝမ်းက ...

"ဈေးတန်းမှာ မုန့်ပေါင်းနဲ့အကြော်စားမယ်၊ ဗျောက်အိုး တွေကတော့ နေရာအနှံ့တဒိုင်းဒိုင်းပဲ၊ သရဖီနဲ့တော့ တွေ့ကြပြီ ဟီဟိ"

ဗျောက်အိုးမဖောက်ဖို့ သတိပေးတားမြစ်ထားသော်လည်း ရိုးရာအစဉ်အလာမို့ ပျောက်တော့ပျောက်မသွားပေ။ ဟိုနေရာ ဒီ နေရာ ထွက်ပေါ်နေသည်။ တားမြစ်ထားတာလည်းမလွန်။ တချို့က ဗျောက်ကို လူအုပ်ကြား၊ မိန်းကလေးတွေကြား ပစ် ဖောက်ကြ၍ မျက်စိမှန်သူ၊ အံသွားထိသူ၊ အဝတ်မီးလောင်သူ၊ စတာတွေဖြစ်ပြီး အန္တရာယ်ဖြစ်ကြသည်။ ယဉ်ယဉ်ကျေးကျေး သပ်သပ်ရပ်ရပ်ဖောက်လျှင် တားမြစ်တာမျိုး ရှိမည်မထင်။

"ဒိုင်း"

"အား ... ကုလားကြီးနှာခေါင်းပြဲ"

ကလေးတစ်ယောက်ဖောက်လိုက်သောဗျောက်က သူတို့ အနားတွင် ကျယ်လောင်စွာမြည်ပြီးကွဲသည်။ အမှတ်တမဲ့မို့ သတိ မထားလိုက်မိ၍ သရဖီခမျာ လန့်ပြီးယောင်တော့သည်။

"ဟမ်း ... ဒီမှာ ကန်မလေး၊ နှာဟာနှာ နေတဲ့နှာခေါင်းကို အာလကားနေရင်း ဘာဖြစ်လို့ပြဲနိုင်းရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com


ဘေးကဖြတ်သွားသော ဟိန္ဒူကုလားကြီးကြားသွားပြီး စိတ်ဆိုးမာန်ဆိုးဖြင့်ပြောလာသည်။ သူက ...

"ဘာ ဘာဘူ၊ စိတ် စိတ်"

"ဟာရေး ကန်ကလေး၊ နင် မဟုတ်တာမပြောနဲ့ ... နာ သူ့ကို ဘယ်နေရာမှ မဆိတ်ဘူး၊ နာ့ကိုနော် အလကားနေရင်း စွပ်စွဲတယ်"

တကယ်တမ်း သူပြောချင်တာက စိတ်မရှိပါနဲ့ဟု ပြောချင်တာ။ နားလည်မှုတွေလွဲပြန်ပြီ။

သို့နှင့်ရဲဆွေရယ်၊ ခွါညိုဝမ်းရယ်က သူတို့နားကပ်လာပြီး ဝင်ရှင်းပြတောင်းပန်လိုက်ရ၏။ ထိုအခါမှ ကုလားကြီးခမျာ မအီမလည် ပေစောင်းစောင်းနှင့်လှည့်ကြည့်၊ လှည့်ကြည့်ထွက်သွားသည်။

"ဖောင်း"

"အမလေး၊ မသာ ...."

သရဖီက ထပ်ယောင်ပြန်တော့ ပိုဆိုးသွားသည်။ ကုလားကြီးမှာ ရှုးရှုးရှဲရှဲနှင့်ပါးစပ်ကလည်း ပွစိပွစိပြောကာ ပေစောင်းစောင်းနှင့်ဆက်လျှောက်သွားလေ၏။ ယောင်တတ်လို့ဟု ရှင်းပြထားတော့လည်း ဘာမှမတတ်နိုင်ရာပေ။

"ခစ် ... ခစ်"

"အဟင်း ဟင်း"

သရဖီနှင့်ခွါညိုက တခစ်ခစ်ကျိတ်ရယ်ကြပြီး သူနှင့်ရဲဆွေက ပြုံးရုံသာပြုံးနေလိုက်သည်။

ပြီးမှ ... သူက ...


www.burmeseclassic.com

www.burmeseclassic.com


"ဖောင်း ဖောင်းခနဲ မြည် မြည်သံကြားပြီး လန့် လန့်သွားတာနဲ့ တစ် တစ်ပြိုင်တည်း မ မယောင်ခင် ပါး ပါးစပ်ကို သတိ သတိထားပြီး ပိတ် ပိတ်လိုက်လေ သ သ သရဖီရဲ့"

"ဪ ... သတိထားတာပဲ၊ ထားတဲ့ကြားက သတိလက်လွတ်သွားတဲ့ဥစ္စာ အဲသလိုပြောကြေးဆို ရှင်ကရော ... ရှင်လည်း သတိထားလေ ... ထစ်ထစ်ငေါ့ငေါ့နဲ့ ရှင် ဝင်တောင်းပန်မှ ပိုဆိုးတယ်၊ ဟွန်း"

"အွန်"

သရဖီရဲ့ မျက်စောင်းမှန်ပြန်ပြီ။ ချစ်မျက်စောင်းသာ ဖြစ်လိုက်ပါတော့လား။

"အင်းယားကန်အကြော်သွားစားမယ်၊ နည်းနည်းမှောင်ပြီး မီးစထွန်းချိန်လောက်မှ ပြန်လာရအောင် ပြီးရင် တို့အိမ်နားတစ်ဝိုက်ပွဲဈေးတန်းလျှောက်မယ်၊ စားချင်တာစားမယ်"

ခွါညိုဝမ်းက ထိုသို့အကြံပေးလာသည်။ ရဲဆွေက ...

"ကောင်းသားပဲ"

သူနှင့်သရဖီကလည်း ထိုအစီအစဉ်ကို သဘောကျသည်။ အင်းယားကန်ကအပြန် ပွဲဈေးတန်းလျှောက်လျှင် ရဲဆွေကို လူချင်းကွဲအောင် အကြံအဖန်လုပ်ခိုင်းရဦးမည်။ သူနှင့်သရဖီနှစ်ယောက်တည်းရှိခြင်းရဲ့အရသာကို ခံစားကြည့်ချင်သည်။

"ဒီလိုအချိန်ဆို လူကတော့အပြည့်ပဲ"

"ဟိုမှာ ကန်ရဲ့အစပ်က ခုံဝိုင်းတစ်ဝိုင်းလူထသွားပြီ၊ အဲဒီမှာထိုင်ရအောင် ... မြန်မြန်လာ ... သူများဦးသွားမယ်"

ရဲဆွေနှင့်ခွါညိုက ပြောပြောဆိုဆို စားပွဲဆီပြေးပြီး နေရာ


www.burmeseclassic.com

www.burmeseclassic.com


ဦးနှင့်ကြသည်။ ပြီးလျှင် ... သူနှင့်ရဲဆွေရယ်၊ သရဖီတို့ ညီအစ်မနှစ်ယောက်ရယ် မျက်နှာချင်းဆိုင်ထိုင်ကြသည်။ သူနှင့်သရဖီ သားအစွန်က ကန်ဘောင်ကို အနားသတ်ထားသောအုတ်ခုံ။ အုတ်ခုံ၏တစ်ဖက်မှာက ရေပြင်။

"အကြော်စုံတစ်ပွဲ၊ ဘူးသီးကြော်ချည်းပဲကတစ်ပွဲ"

"အအေးသောက်ကြဦးမလား"

သရဖီက မေးသည်။ ခွါညိုဝမ်းက ...

"တော်ပြီလေ ... ဒီကအပြန် ... ပွဲဈေးတန်းရောက်မှ ဒိန်မလိုင်သောက်ရအောင်"

"ကောင်းတယ်"

ဘယ်သူမှမဖြေခင် ရဲဆွေက ထောက်ခံသည်။ အကြော်ခန်းကန်တွေရောက်လာတော့ သူတို့အားလုံး စကားပြတ်သွားသည်။ ပြီးမှ သရဖီက အကြော်တစ်ခုကို ယူဖွဲ့စားရင်း ...

"အကြော်က အရင်တုန်းကလို စားမကောင်းတော့ဘူးနော်၊ အင်းယားကန်ရဲ့နာမည်ကြီးဘူးသီးကြော်က အမည်ခံပဲရှိတော့တယ်"

"တ တချို့ကောင်း ကောင်းတဲ့ဆိုင်တွေ ရှိ ရှိပါသေးတယ်၊ ဒါ ဒါပေမယ့် စောင့် စောင့်ရတာ ကြာ ကြာတယ်"

"ဒီမှာ ... အေးစက်စက် မာကြောကြောနဲ့"

"ဘယ် ... ဘယ်အချိန်ကတည်းက ကြော် ကြော်ထားသလဲမှ မ မ မသိတာ"

"မင်းသား၊ အခြေအနေသိပ်မဆိုးတော့ဘူး၊ ခွါညို သရဖီအားမိသလောက် ဟိုအရင်ကလောက် မထစ်တော့သလိုပဲ"


www.burmeseclassic.com

"ခွါညီပြောတာ ဟုတ်တယ်၊ အရင်ကဆို စကားတစ်လုံး စထွက်ဖို့ အကြာကြီး အချိန်ယူနေရတယ်၊ ပြီးတော့ စကားတစ် လုံးနဲ့တစ်လုံးကြား အကြာကြီးထစ်နေတာ"

ရဲဆွေကပါ ထောက်ခံပြောသည်။ ထိုသို့ ... စားရင်း သောက်ရင်း စကားပြောရင်းမှ ရုတ်တရက် သရဖီက အလန့် တကြား ယောင်အော်လေ၏။

"အမလေး ... ခွေးစုတ်"

သရဖီက ထိုသို့လန့်ပြီး ယောင်အော်ချိန်တွင် သူတို့စားပွဲ ဘေးမှ မိသားစုတစ်စုက ဖြတ်သွားသည်။ ထိုမိသားစုထဲမှ သရဖီ နှင့်ရွယ်တူလောက်ရှိမည့် ကောင်မလေးလက်ထဲတွင် **Golden Retriever** ရွှေရောင်ခွေးလိမ္မာလေးတစ်ကောင်ကို ကြိုးနှင့်ဆွဲ ထားတာ တွေ့ရသည်။

ထိုမိန်းကလေးက ခြေလှမ်းကို ဆတ်ခနဲရပ်လိုက်ပြီး သူတို့ စားပွဲဝိုင်းနားလှည့်လိုက်သည်။ ပြီးလျှင် ရန်ထောင်လေတော့၏။

"ဒီမှာ ... နင်ကများ ငါ့ခွေးကို ခွေးစုတ်လို့ပြောရအောင် ဒီခွေး ဘယ်လောက်တန်တယ်များ မှတ်နေလဲ၊ မမြင်ဘူးရင် သေချာကြည့်ထား၊ ခွေးစုတ်လား ခွေးအကောင်းစားလားသိရ အောင်"

"ရော်"

သရဖီ စိတ်ပျက်လက်ပျက်ညည်းတွားတာတွေ့ရသည်။ သူကတော့ စိတ်ထဲမှ ပြဿနာပဲဟု ညည်းမိသည်။ ဗျောက်အိုး ဖောက် သံ မကြားဘာမကြားနှင့်သရဖီဆိုသော ရွှေမင်းသမီးက ဘာကို များလန့်တော်မူပြီး ယောင်တော်မူလေသနည်း။

www.burmeseclassic.com


"ဟဲ့ ငါက နင့်ခွေးကိုပြောတာမဟုတ်ဘူး၊ ငါ့ဖာသာ ငါ ယောင်တာ"

"ဘာ' နင်ယောင်တာကလည်း ငါနဲ့ငါ့ခွေးဖြတ်လာချိန်မှ ယောင်သတဲ့လား၊ ဟွင်း ဟုတ်မှလည်းပြောပါ၊ ဒီခွေးဘယ်လောက် တန်တယ်ဆိုတာ မသိနားမလည်တဲ့သူတွေက ဒီလိုပဲပြောကြတာ ပဲ၊ မမြင်ဖူးရင် သေချာကြည့်ထားဦး"

"ဩော် ဩော်၊ ခွေးလေးတစ်ကောင်ပိုက်ပြီးမာန်တက်နေ တဲ့လူနဲ့လာတွေ့နေရတယ်၊ ဟဲ့ ဒီမှာ ငါတို့အိမ်မှာ ဈေးအကြီးဆုံး ရှားပါးခွေးခြင်္သေ့၊ တယ်လီယာ၊ ချင်ရှူး၊ အယ်လ်စေးရှင်း ခွေးမျိုးစုံ၊ ရောင်စုံ မွေးထားတယ်၊ နင်မယုံရင် လိုက်သာကြည့်ပေတော့ ဟင်း"

"ဘာ"

"ဟဲ့ ... တော်တော့ သရဖီ၊ လူတွေကြည့်ကုန်ပြီ"

ခွါညိုဝမ်းက သရဖီ့ကို သတိပေးသည်။

သူကတော့ ... ခွေးပိုင်ရှင် ကောင်မလေးကို ရှင်းပြရန် ကြိုးစားသည်။ ထိုအခါမှ ပိုဆိုးတော့၏။

"မင်း မင်းထင်သလို မ မဟုတ်ဘူး၊ သူ သူက ကြောင် ကြောင်"

"ဩော် သူက ကြောင်တောင်တောင်ဖြစ်နေတာလား၊ မထင်ရဘူးနော်"

ကောင်မလေးက ပြောပြောဆိုဆို ထွက်သွားသဖြင့် ဘာမှ ပြန်ပြောချိန်ပင် မရလိုက်။

ထိုအခါမှ သရဖီက ...


www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ၊ ရှင်ဟာလေ ဘာမှအားမကိုးရဘူး၊ ရှင့်ကြောင့် ကျွန်မကို ဝေါက်နေတယ်ထင်သွားပြီ ဟွန်း"

သူ စပ်ဖြဲဖြဲသာလုပ်နေရတော့သည်။

"နေပါဦး နင်က ဘာလို့ အော်ရတာလဲ"

ခွါညိုဝမ်းက မေးသည်။

"ဟိုမှာလေ ဟိုကြောင်ပေါ့၊ ဘယ်အချိန်က အုတ်ဘောင် ပေါ်ရောက်နေလဲမသိဘူး၊ သရဖီ အကြော်စားနေတာကို လက် သည်းကြီးနဲ့ကုတ်ပြီးတောင်းတော့ တအားကို လန့်သွားတာပဲ"

"မှောင်စပြုတာရော အုတ်ဘောင်ကနိမ့်တော့မမြင်မိဘူး၊ ကျွန်တော်လည်း သရဖီ့လို ကြုံဖူးတယ်"

"ဟင်! ဟုတ်လား ကိုရဲဆွေ"

"အင်း ... ဒီဆိုင်တွေက တစ်ဆိုင်ဆိုင်က ကြောင်ထင် တယ်၊ ဒီလိုပဲ အမြဲလိုက်တောင်းစားနေတာ"

"ဟယ်၊ ကြောင်ကြီးကလည်း လည်လိုက်တာ"

"ဒီလို တိရစ္ဆာန်မျိုးလည်းရှိသေးတာပဲ"

"တချို့စားသုံးသူတွေထဲက ကြောင်ချစ်တဲ့သူတွေလည်း ပါတော့ ကြောင်တောင်းတာကို ကျွေးတာပဲလေ၊ ဒီတော့ ဒီကောင် ကြီးက အကျင့်ပါနေတယ်ထင်တယ်"

ပြောလည်းပြောစရာပင်။ ကြောင်ကြီးက ခြောက်ထုတ် လိုက်၊ ဆင်းသွားလိုက်၊ တစ်ခဏနေပြန်ရောက်လာပြီး လက် ကုတ်တောင်းလိုက်နှင့်အမှတ်တမဲ့မို့ သရဖီ ခဏခဏလန့်ပြီး အော် နေရသည်။ မဖြစ်ချေတော့။ သူသည် ပုစွန်ကြော်တစ်ခုကို ကြောင် ကြီးအား ချကျွေးလိုက်၏။ ထိုအခါမှ သရဖီခမျာ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးနေရတော့သည်။

"ကဲ ... မှောင်စပြုပြီ၊ သွားကြစို့၊ ဈေးတန်းလျှောက်မယ်"

မနက်ဖြန်ဆိုလျှင် သီတင်းကျွတ်လပြည့်နေ့။ ယနေ့ကား လပြည့်နေ့မဟုတ်သော်လည်း လမင်းမှာ ပြည့်ပြည့်ဝဝသာနေပါသည်။ ဈေးတန်းသည် တဖြည်းဖြည်းလူစည်ကားလာပြီး တိုးမပေါက်အောင်ဖြစ်လာသည်။

"လက်ဆောင်ရေ၊ လူကွဲသွားရင် 'ကရားကြီး'ဖက်ထုပ်ဆိုင်ကစောင့်"

ရဲခွေကား သူ့ကို သူကောင်းပြုလေပြီ။ လူစု မကွဲကွဲအောင်ဖန်တီးပေးသွား၏။ သူနှင့်သရဖီ နှစ်ယောက်တည်း။ ဈောက်အိုးသံတချို့ကို ဟိုတစ်စဒီတစ်စ ကြားနေရသည်။

"သ သရဖီ"

"ဟင်"

"ဒီတစ်ခါလန့်ရင် ကိုယ့်ကို တစ်ခါတလေလေးများ ဆောင်ပြီး ဖက်လိုက်ပါလား"

"အံမယ်၊ သေလိုက်ပါလား၊ ဒါမျိုးကျ စကားက မထစ်ဘူး၊ ဟင်း"

ဩော် ... သရဖီရယ်။

— ❀ ❀ —



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

သီတင်းကျွတ်လပြည့်နေ့။

အခါကြီးရက်ကြီးမို့ ဘုရားတိုင်းလိုလိုတွင် လူတွေ ကြိတ်ကြိတ်တိုးစည်ကားနေသည်။ သူ့အတွက်ကတော့ တိုးမပေါက်လေကြိုက်လေပေါ့။ လူတွေကြားထဲ တိုးတိုင်း သရဖီက သူ့နောက်ကျောကပ်ကာ လက်မောင်းခိုတွဲ၍ လိုက်တိုင်း နှလုံးသားတွေ တဆတ်ဆတ်ခုန်သည်။

“စေတီတော်မဏ္ဍပ်မှာ အလှူငွေငါးထောင်လောက်လှူရရင်ကောင်းမယ်”

သရဖီ့နှုတ်ဖျားကထွက်သမျှဖြစ်စေရမည်။ သူသည် သရဖီနှင့်အတူ အလှူခံမဏ္ဍပ်ရှေ့ရောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


"ဤသို့ကျေးမွေးလှူဒါန်းသောကုသိုလ်ကံစေတနာကြောင့် ဖြစ်လေရာဘဝတိုင်း မတောင့်မတမကြောင့်မကျ လိုတရကြပါစေဗျာ"

အလှူခံမဏ္ဍပ်မှ ဆုပေးသံသည် သူနှင့်သရဖီကိုမြင်တော့ ခဏရပ်သွား၏။ သူက ...

"ငါး ငါး"

"ငါးကန်က ဟိုဘက်မှာပါခင်ဗျာ"

"မ မဟုတ်ဘူး၊ အ အလှူငွေ ငါး ငါး"

"ဟုတ်ပြီလေ၊ ငါးကန်မှာလှူလို့ရပါတယ်၊ အဲဒီဘက်သွား"

သူ ခေါင်းကုတ်၍ ပါးစပ်မှ ကျွစ်ခနဲစုတ်သပ်လိုက်မိသည်။ မနေသာတော့သော သရဖီက ...

"ဒီမှာ အဘ၊ ငါးကန်ကိုမေးတာမဟုတ်ပါဘူး၊ စတုဒီတာ ကျွေးမွေးဖို့အတွက် အလှူငွေငါးထောင်ကျပ်ထည့်မယ်လို့ပြောတာပါ"

"ဩော် ... ဩော်၊ နာမည်လေးပြောပါဦးကွယ်"

"မောင်လက်ဆောင်နဲ့ မသရဖီဝမ်းပါ"

သူက အထစ်အငေါ့မရှိ သွက်သွက်လက်လက်ဝင်ဖြေလိုက်၏။

"သာဓုပါကွယ်၊ သာဓု သာဓု၊ ဤလင်ဤမယား ....."

စသဖြင့် ဘကြီးက ဆုတွေတသီကြီးပေးတော့သည်။

မဏ္ဍပ်လွန်သောအခါ သရဖီက သူ့ဗိုက်ခေါက်ကို ဆွဲဆိတ်ရင်း ...


www.burmeseclassic.com

www.burmeseclassic.com


"တော်တော်ကို အာသွက်နေပါလား၊ ဒီလိုနေရာကျ စကားက တစ်လုံးမှကိုမထစ်ဘူး၊ ဟင်း"

"အား လား လား"

သူက နှာချင်ယောင်ဆောင်၍ သရဖီ့လက်ကလေးကို ဆွဲယူဆုပ်ကိုင်လိုက်၏။ ရွှေမင်းသမီးလေးခမျာ အငိုက်မိသွားတော့ ဘာမှမတတ်နိုင်ရှာပေ။ ခဏအကြာမှ မသိမ်သာပြန်လွှတ်ပေးလိုက်သည်။

"ငါးကန်ဘက်သွားရအောင်၊ အခါကြီးရက်ကြီး ဇိဝိတဒါနလုပ်မယ်၊ မကောင်းဘူးလား"

"ကောင်းတယ်"

သူနှင့်သရဖီငါးကန်ဘက် လျှောက်လာခဲ့ကြသည်။ ဆင်ခန္ဓာဝက်ကိုယ်လုံးလိုဖြစ်နေကြပြီဖြစ်သော ရဲဆွေနှင့်ခွါညိုဝမ်းတို့မှာ အိပ်ပဲ့အိပ်ပဲ့ဖြင့် ဘယ်နားရောက်နေကြပြီ မသိ။ ပြန်ချိန်တန်၍မှ မတွေ့လျှင် ဖုန်းနှင့်လှမ်းဆက်ပြီး ကားထားသောနေရာတွင် ဆုံကြရုံသာရှိသည်။

"ဘယ်ကဖမ်းလာတဲ့ငါးတွေလဲမသိဘူးနော်၊ လာသမျှဘုရားဖူးတွေက ကုသိုလ်ရအောင် ဝယ်လွှတ်ကြရင်းနဲ့ဒီကန်ထဲက ငါးတွေများလာတယ်ထင်တယ်"

"ဟုတ်တာပေါ့"

သရဖီက ငါးအရှင်တွေကိုဝယ်ပြီး အထုပ်ကလေးတွေကိုင်ကာ ကန်ဘောင်နားထိုင်သည်။ ထို့နောက် ဇရထည့်ထားသော ပလတ်စတစ်အိတ်ထဲမှငါးတွေကို ကန်ထဲသွန်ချလိုက်ရုံပါပဲ။

ထိုအချိန်မှာပဲ စကားပြောသံတချို့ကို ကြားရသည်။


www.burmeseclassic.com

www.burmeseclassic.com



"အခမေ"

"ဟော"

"ငါးအရှင်တွေထဲမှာ ငါးအဖေကြီး အမေကြီးတွေရော ငါးသားသား၊ မီးမီးလေးတွေရောပါတယ်ပေါ့"

"ပါတာပေါ့သမီးရဲ့၊ ဒါကြောင့်မို့ အမေက ကုသိုလ်လုပ်တာ၊ နောက်ဘဝကျ မိသားစု စုံစုံလင်လင်နေရအောင်လို့ပေါ့"

"ဟုတ်တယ်နော်၊ မီးလည်း ဖေဖေ့ကိုသတိရတယ်၊ ဖေဖေက ဘာလို့များ အစောကြီးသေသွားရပါလိမ့်"

"အင်း … ဒါကြောင့်လည်း အမေက ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်နေရတာပေါ့"

ကန်ဘောင်ပေါ်မှာ သရဖီတို့လို ငါးလွှတ်ကြမည့်သား အမိနှစ်ယောက် အပြန်အလှန်ပြောနေကြခြင်းဖြစ်သည်။ ဖြစ်ချင်တော့ အဲဒီအချိန်လေးမှာပဲ သရဖီ့အိတ်ထဲက ငါးအရှင်တစ်ကောင်က ဖလပ်ဆိုကာ အပြင်သို့ခုန်ထွက်သွားလေ၏။

"ဖလပ် ဖလပ်"

"အမေ့ မုဆိုးမ"

သရဖီ့နားထဲ နောက်ဆုံးကြားသည်က အမျိုးသမီးပြောလိုက်သော မုဆိုးမဆိုသောစကားဖြစ်သည်။ ထို့ကြောင့် ငါးက ဖလပ်ခနဲခုန်ထွက်တော့ လန့်ပြီး ယောင်အော်လေသည်။ ဒါက တကယ့်ပြဿနာဖြစ်၏။

"ဘာ"

ကျယ်လောင်သောအော်သံတစ်သံ၊ ထို့နောက် ဆက်တိုက်ရန်တွေ့သံကို ကြားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘာမှုဆိုးမလဲ၊ ငါ့ဖာသာ မုဆိုးမဖြစ်ဖြစ် ... တစ်ခု
လပ်ဖြစ်ဖြစ် ညည်းနဲ့ဘာဆိုင်လဲ၊ ဟဲ့ကောင်မ"

"ဟော့်တော်"

အမျိုးသမီးမှာ အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါနာ
သွားပြီး၊ မီးဝင်းဝင်းတောက်မျက်လုံး၊ ရန်စွယ်ငေါငေါနှင့်ရင်ဆိုင်
လာလေသည်။

"လက်ဆောင် ... ရှင်ဝင်မပါနဲ့နော်၊ ရှင်ပါလာရင် ပိုဆိုး
မှာစိုးလို့"

သရဖီက ကိုယ့်အကြောင်းနှင့်ကိုယ်မို့ သူ့ကို သတိပေး
လိုက်ခြင်းဖြစ်သည်။ ထိုသို့ပြောလိုက်ခြင်းက အခြေအနေကို ပိုမို
ရှုပ်ထွေးသွားစေ၏။

"အောင်မာ၊ ညည်းအကောင် ဝင်ပါတော့ရော ငါက ဂရု
စိုက်မယ်ထင်သလား၊ မိသန်းတင်တဲ့ တစ်တင်တည်းရှိတယ်၊ လာ
စမ်းပါ၊ သူများအားနည်းချက်ကို ပြောင်ချင် လှောင်ချင်တဲ့ဟာတွေ
ငါ့အကြောင်းပြရသေးတာပ"

ထင်မထားပါ။ ယခုလို လုပ်လိုက်လိမ့်မည်ဟု သူရော
သရဖီပါ လုံးဝထင်မထားပါ။ အမျိုးသမီးမှာ အလွန်မြန်လှသည်။
လျှပ်ပြက်သလို သရဖီ့အနားရောက်လာပြီး ပခုံးပေါ် ခွေခွေလိမ်
လိပ်နွယ်ကျနေသော ဆံနွယ်တွေကို လှမ်းဆွဲလေ၏။

"အို"

"ဟဲ့"

"ဒုက္ခပါပဲ"

"အို"ဆိုသောအသံက သရဖီ့အသံ။ ဟဲ့က အမျိုးသမီး


www.burmeseclassic.com

www.burmeseclassic.com


အသံ၊ ဒုက္ခပါပဲက သူ့အသံဖြစ်သည်။ အာမေဋိတ်သံတွေ စုံသွားတာလည်း မပြောနှင့်။ အမျိုးသမီးလက်ထဲတွင် သရဖိုဆံပင်တုက ကျွတ်ပါသွားပြီး ဆံပင်တုနှင့်ငြီ၍ မျက်မှန်ပါ ကျွတ်သွားသည်။

ထိုအခါ သရဖိုပျော့အိအိစင်းစင်းလေးနှင့်အညိုဖျော့မှုရင်း ဆံပင်လေး ဝဲဖြာကျပေါ်လာသလို လှပသောမျက်ဝန်းတစ်စုံလည်း ပေါ်လာလေ၏။ သရဖိုမှုရင်းရုပ်ကိုမြင်လိုက်ရသော အမျိုးသမီးက

"ဟယ် ... ဒါ ဒါ ဟိုကြော်ငြာထဲက မင်းသမီးလေးပဲ၊ လှလိုက်တာ အပြင်မှာပိုလှတယ်"

အခြေအနေက ရုတ်ချည်း ပြောင်းသွားလေသည်။

"အမေ၊ အဲဒီမမက မီးအရမ်းကြိုက်တဲ့မော်ဒယ်လ်ပဲ"

"ချစ်စရာလေးပါလား၊ မင်းသမီးရဲ့ဇာတ်ကားတွေက မထွက်သေးပေမယ့် အစ်မတို့ရုပ်ကွက်မှာဆို အရမ်းနာမည်ကြီးနေပြီ၊ သိလား"

"အဲ ... အင်း"

"အင်တာဗျူးတွေဖတ်ရတယ်၊ မင်းသမီးက အရမ်းယောင်တတ်တာပဲဆို ... ဟို အစ်မက မသိလို့လုပ်လိုက်မိတာ တောင်းပန်ပါတယ်နော် စိတ်မရှိပါနဲ့"

"မမမင်းသမီး၊ ညီမလေးကို လက်မှတ်လေးထိုးပေးခဲ့ပါလားရှင့်"

သူလည်း ဘာလုပ်ရမှန်းမသိ။ သရဖိုခမျာမှာလည်း ကိုယ့်ကိုသိနေတဲ့ပရိသတ်မို့ ဘာမှမတတ်နိုင်ရှာပေ။

"ဟို ... အစ်မ၊ ကျွန်မဆံပင်ပြန်ပေးပါဦး၊ လူတွေကြည့်ကုန်ပြီ"


www.burmeseclassic.com

www.burmeseclassic.com

"ဩော် ... ဟုတ်သားပဲ၊ ရှော့ ရှော့"

အမျိုးသမီးလက်ထဲက ဆံပင်တုယူကာ ခေါင်းပေါ် ခပ်မြန်မြန်စွပ်ပြီး ပြုတ်သွားသောကလစ်နှင့်ပြန်ညှပ်ရ၏။ မျက်မှန်ကို ပြန်တပ်သည်။ လူတွေက အထူးအဆန်းသဖွယ်လှမ်းကြည့်နေကြသည်။ မတတ်နိုင်။ ကလေးမလေးကို မြန်မြန်လက်မှတ်ထိုးပေးပြီး ထိုနေရာမှ မပြေးရုံတမယ်ထွက်ခဲ့ကြသည်။ လူရှင်းသောနေရာရောက်မှ သက်ပြင်းမောကို ချဖြစ်ကြတော့သည်။

ယခုချိန်ထိ သူ့လက်ကို ယောင်ယောင်ကန်းကန်းဆွဲပြေးလာသော သရဖီမှာ လွှတ်ဖို့သတိရပုံမပေါ်။ သူ ဘာမှမပြောဘဲ မသိချင်ယောင်ဆောင်ကာ ငြိမ်နေလိုက်သည်။ တစ်အောင့်ကြာ အမောပြေတော့မှ ...

"ဟယ်တော့" ဟုဆိုကာ ရှက်ဝဲဝဲနှင့်သူ့လက်ကို လွှတ်ပေးသည်။ ပြီးမှ ...

"ရှင်က မပြောဘဲ ငြိမ်ခံနေတယ်ပေါ့လေ ... ကဲ"

"ဖုန်း"

"အ"

သရဖီက သူ့ကျောကို ဖုန်းခနဲနေအောင်ထုသည်။ သူ စပ်ဖြဲဖြဲသာရယ်နေလိုက်၏။

"ရှင်နဲ့ကျွန်မလည်း အားနည်းချက်ကိုယ်စီရှိနေတော့ ပျောက်မလားလို့ ကြိုးစားကြတာ ခုတော့ ပြဿနာတွေနဲ့ချည်းတိုးနေတယ်"

"အောင် ... အောင်မြင်မှုရ ရဖို့ အ အတွက် ဒီ ဒီလောက်တော့ ရင်း ရင်းရမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


"ရင်းတာကတော့ ရင်းပါတယ်၊ ရင်းပြီးမှ အကျိုးမရှိမှာကိုပဲစိုးတာ"

"ဖြစ် ဖြစ်လာမှာပေါ့"

"ဖြစ်လာတာကနောက်ထား၊ ရိုက်ကူးရေးနားထားရတာ သရဖီတို့အတွက် နစ်နာတယ်၊ ပြီးတော့ သရဖီတို့ကို ပေးထားတဲ့ သတ်မှတ်ရက်လည်းပြည့်တော့မယ်"

ဒါတော့ ဟုတ်သည်။ သူနှင့်သရဖီကို မဟုတ်ကဟုတ်က အကျင့်စွဲတွေ ပျောက်အောင် ကြိုးစားလေ့ကျင့်ဖျောက်ပါဟု အချိန်ပေးထားသည်။ သူတို့နှစ်ယောက်ကလည်း ကြိုးစားပါသည်။ သို့သော် အောင်မြင်မှုမရဘဲ ကမောက်ကမတွေသာဖြစ်ခဲ့၏။ ဒီနေ့အဖြစ်ကိုပဲကြည့်။ ကံကောင်း၍ အရှက်မကွဲခြင်းဖြစ်သည်။

သူနှင့်သရဖီ ကားထားရာနေရာရောက်တော့ ရဲဆွေနှင့် ဒွါညီဝမ်းရောက်နှင့်နေတာကို တွေ့ရ၏။ ခန္ဓာကိုယ်ဝဝကြီးတွေနှင့်မလိုက် မျက်နှာလေးတွေက ဗိုက်ဆာ၍ ငယ်နေကြလေသည်။

--- ၏ ၏ ---



www.burmeseclassic.com

www.burmeseclassic.com

## ဤ --- (၁၁) --- ဤ

"ဒုက္ခပါပဲ ဦးချိုတူးရယ်၊ ကျွန်တော်တော့ သေသာသေ လိုက်ချင်တော့တာပါပဲ"

ဒါရိုက်တာဦး**R**လူးက ခင်မင်ရင်းစွဲရှိသူ ပြောမနာဆိုမနာ လူတွေမို့ ခပ်ညည်းညည်းပြောသည်။

ဦးချိုတူးက ...

"မသေချင်ပါနဲ့ဦးဗျာ၊ သူတို့ခမျာလည်း ကြိုးစားနေကြ တာပါပဲ၊ ခုဆို အပြင်မထွက်ဘဲ အိမ်မှာကို စကားပြောတွေ အပြင်း အထန်လေ့ကျင့်နေကြတယ်၊ သရုပ်ကိုဆိုလည်း တမင်လန့်အောင် ခြောက်၊ ခြောက်ပြီးရင်မယောင်အောင်သတိပေးနဲ့လေ့ကျင့်နေကြ တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုတူးပြောတာလည်းမမှားပေ။ သူ့ကို သရဖီက ဓာတ်ညွှန်းတွင်ပါသည့်စကားပြောခန်းတွေကို အခေါက်ခေါက်အခါခါ ပြောဆိုလေ့ကျင့်စေသည်။ သူကလည်း သရဖီရဲ့ယောင်တတ်သောအကျင့်ပျောက်အောင် လစ်လျှင်လစ်သလိုခြောက်သည်။ လှန့်သည်။ ပြီးလျှင် ချက်ချင်းလက်ငင်းသရဖီမယောင်ခင် ပါးစပ်ကို လိုက်ပိတ်သည်။

ထို့နောက် သရဖီက သူ့လက်ကိုဆွဲဖယ်ရင်း မျက်စောင်းဖွဖွထိုးသောအခါ နှလုံးသားတို့ တဆတ်ဆတ်ခါလျက် သူ့မှာ ရင်တုန်ပန်းတုန်ဖြစ်ရသည်။ သရဖီကတော့ မည်သို့နေသည်မသိ။

"ခု မင်းသားနဲ့မင်းသမီး ဘယ်မှာလဲ"

"အပေါ်ထပ်မှာ လေ့ကျင့်နေလေရဲ့၊ သရဖီ့အစ်မခွါညီနဲ့ ခင်းသားသူငယ်ချင်းရဲ့ဆွေတို့က ဓာတ်ပို့နေရာတွေက ကူပြီး လေ့ကျင့်သရုပ်ဆောင်ပေးနေတာပဲ"

"အေးဗျာ၊ မင်းသားနဲ့မင်းသမီးက နှစ်ခါပြောပြစရာမလိုအောင် သရုပ်ဆောင်တော်ပါတယ်၊ ခက်နေတာက အင်း ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ တစ်ကားကို ဆယ့်ငါးရက်တစ်လနဲ့ရိုက်နေတဲ့ခေတ်ကြီးမှာ ကျွန်တော်တို့က တစ်ဝက်တစ်ပြက်နဲ့ရပ်ထားရတယ်၊ ခုဆို နှစ်လကျော်နေပြီ"

"အင်း"

ဦးချိုတူးလည်း အတော်ပင် မချင့်မရဲဖြစ်နေရသည်။ အဖြစ်က ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာမျိုး။

"ကျွန်တော် အကောင်းဆုံးအကြံဉာဏ်ပေးမယ်"

ကျွန်တော်ဆိုသော အသုံးအနှုန်းနှင့်ထွက်လာသောအသံ



www.burmeseclassic.com

www.burmeseclassic.com



က မိန်းကလေးသံ။

သူကား အင်ကြင်းဝမ်းပင်ဖြစ်သည်။ Game ဆော့နေရာမှ ထလာပြီး ပြောလိုက်ခြင်းပင်။

"ဆိုစမ်းပါဦး၊ နင့်လို ဂိမ်းဦးနှောက်က ဘယ်လို အကြံဉာဏ်ကောင်းတွေများထွက်မှာလဲ"

"ဟွင်း ဟွင်း၊ ဦးကြီးလေသံက သိပ်ပြီးအထင်မကြီးဘဲ နှိမ်သံပေါက်နေတယ်၊ ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်ဉာဏ်၊ ခါချဉ်လည်း ခါချဉ်ဉာဏ်ပေါ့၊ သူ့ဟာနဲ့သူတော့အသုံးဝင်တာပဲ"

"ကဲပါ၊ ကလေးရယ်၊ ညည်းပြောတာ အနက်ကယ်လ်က ကောင်းကောင်းနားထောင်ပါ့မယ်၊ ပြောပါဦး"

ဒါရိုက်တာကြီးက အပြုံးမျက်နှာဖြင့်ဝင်ပြောသည်။

အင်ကြင်းဝမ်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်ရင်း ...

"ကျွန်တော်ပေးတဲ့အကြံအသုံးဝင်ရင် ဘာကျွေးမှာလဲ"

"သမီးစားချင်တဲ့ ဟိုတယ်သာပြော"

"ဟဲ ဟဲ၊ ဟိုတယ်မှာ ဘူဖေးတော့စာရချည်သေးရဲ့၊ အဟမ်း ... ဒီလိုလေ ... ဒီလို ... ရွှေမင်းသားနဲ့ရွှေမင်းသမီးကို"

အင်ကြင်းဝမ်းစကားဆုံးတော့ ဒါရိုက်တာကြီးရဲ့မျက်ဝန်းတွေပြုံးကျယ်လာပြီးနောက် အရောင်တဖျပ်ဖျပ်လက်ကာ အပြုံးတွေဝေလာသည်။

ဦးချိုတူးမှာလည်း ငမြောက်ငခြောက် သူ့တူမစကားကိုကြားပြီး "ဟန်ကျလိုက်လေ"ဟု တွေးကာ ဝမ်းသာသွားပြီး ပြီးမှ ...

"ဟန်ကျလိုက်လေ၊ လက်ရှိအခြေအနေက ကလေးပြော

www.burmeseclassic.com

www.burmeseclassic.com



တဲ့ အကြဲကအကောင်းဆုံးနဲ့အဖြစ်နိုင်ဆုံးပဲမဟုတ်လား ကိုRလူး"

"မှန်လိုက်လေ ကိုချိုရာ၊ စောစောကသာ ဒီအကြဲရရင် ဒီလိုအချိန်ကုန်ပြီး စိတ်ညစ်မနေရဘူးပေါ့"

"ဒါကတော့ စောစောကတည်းက ကျွန်တော့်ကို ကလေးဆိုပြီးလူရာမှမသွင်းတာ ... ခံပေါ့"

"အေးကွာ၊ အန်ကယ်လ်တို့မှားသွားတယ်၊ နောက်ဆိုသမီးကိုပဲ အကြဲကောင်းဉာဏ်ကောင်းတွေတောင်းရမယ်"

"တောင်းပါ၊ ပေးမှာပေါ့၊ ကဲ လောလောဆယ်ပေးထားတဲ့ကတိအတိုင်း"

"ကောင်းပါပြီဗျာ"

ဦးRလူးက အင်ကြင်းဝမ်းကို မုန့်ဖိုးထုတ်ပေးလေသည်။ ပြီး ဝမ်းသာအားရမှုရသည့်မျက်နှာမျိုးဖြင့်ပြန်သွားသည်။ ဦးRလူး ပြန်သွားပြီးမှ သူတို့တစ်တွေ အပေါ်ထပ်မှဆင်းလာကြသည်။

"ခုပဲ ဒါရိုက်တာကြီးပြန်သွားတယ်"

"ဟင်' သရဖီတို့ကိုတောင်မပြောဘူး"

"ဘယ်ပြောမလဲ' ဝမ်းသာလုံးဆို့ပြီး ပြန်သွားတာ"

"ဘယ်လို"

သူတို့စိတ်ဝင်စားသွားကြသည်။ အင်ကြင်းဝမ်းက ...

"မသရဖီတို့ကိစ္စအတွက် ခေါင်းခဲနေတဲ့ကိစ္စ ကျွန်တော် အကြဲပေးလိုက်လို့ **Heart** ထိသွားတာလေ"

အကျိုးအကြောင်းသိသွားသော သူနှင့် သရဖီတို့ အစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ သူလည်း ဘာပြောရမှန်းမသိ။ မိန်းကလေးဖြစ်သော သရဖီကသာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်' အဲသလိုကြီးလား" ဟု မရဲတရဲဆိုသည်။

ရဲဆွေနှင့်ခွါညိုဝမ်းကတော့ ...

"ကောင်းပါတယ်"တဲ့။

— ကု ကု —

"ဒါဆို ဇာတ်က ဘယ်သူ့ဇာတ်ရတာလဲ အန်ကယ်လ်"

သူမေးမည့်စကားကို သရဖီက မေးလိုက်၍ အတော်ပဲ ဖြစ်သွားသည်။ ဦး**R**လှူးက ...

"စာရေးဆရာအသစ်တစ်ယောက်ရဲ့ဝတ္ထုပဲ၊ လုံးချင်းငါး အုပ်ထွက်ပြီးပြီ၊ ဒါက ခြောက်အုပ်မြောက်ထွက်မယ့်ဝတ္ထု၊ အဲဒါကို ဇာတ်ကောင်ကာရိုက်တာပြောင်းနိုင်းလိုက်တာ"

"ဩော်"

သရဖီက ဩော်ကို ခပ်ညည်းညည်းဖြင့် သံရှည်ဆွဲပြော သည်။

"နာမည်ကြီးစာရေးဆရာတွေဆီက ဇာတ်တွေကျ တော်ရဲ့ ပြင်မပေးချင်ကြဘူးလေ၊ သူများပြင်ရင်လည်း မကြိုက်ဘူး၊ အခု ဟာက နာမည်မကြီးသေးတော့ သူ့ဝတ္ထုဖွဲ့ဒီယိုရိုက်ခွင့်ရတာ တောင် ဝမ်းသာနေတာ၊ ဇာတ်ကားပေါက်ရင် သူ့ဝတ္ထုပါ ပေါက် နိုင်တာကိုး၊ ဇာတ်လမ်းမဆိုးဘူး၊ ဒီစာရေးဆရာတစ်နေ့ နာမည် ကြီးလိမ့်မယ်"

ဝါရင့်ဒါရိုက်တာကြီးရဲ့စကားက မှားခဲ့ပါသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com


တော်သင့်ရုံကောင်းသော ဓာတ်လောက်ကို စဉ်းစားသူမဟုတ်ပေ။

"လက်ရှိရိုက်နေတဲ့ဓာတ်ကို တစ်ဝက်တစ်ပြက်နဲ့ပဲ လောလောဆယ်ခဏရပ်ထားမယ်၊ အခု ဓာတ်လမ်းအသစ်ကို အမြန်ဆုံးပြီးအောင်ရိုက်မယ်၊ မင်းသားရော မင်းသမီးရော ဓာတ်လမ်းကို အပြီးဖတ်ပါ"

ဓာတ်ညွှန်းဖတ်ပြီးနောက် သူရော သရဖီပါ သဘောကျသွားသည်။ သူက ...

"ဒါ အင်ကြင်းပေးတဲ့အကြံကိုး"

"အင်း ... ကလေးက ဒီတစ်ခါတော့ ဟုတ်သွားပြီ၊ ကောင်းပါတယ်၊ ကလေးပေးတဲ့အကြံအတိုင်း ဒါရိုက်တာကြီးက ထိုက်လုပ်တာ သရဖီတို့နှစ်ယောက်နဲ့အံဝင်ခွင်ကျသရုပ်ဆောင်နိုင်မယ့်ဓာတ်ပါပဲ"

"ဟုတ် ဟုတ်တယ်၊ ဒီ ဒီကား စ စ ရိုက် ရိုက်ရင် မြန်မြန်ဆန်ဆန် အောင်အောင်မြင်မြင်နဲ့ ပြီး ပြီးသွားလိမ့်မယ်"

ဟုတ်သည်။ သူတို့အားလုံး ဒီကိစ္စကို အားတက်သရောနှင့်ယုံကြည်ကြသည်။ ကြိုးစားသည့်အတိုင်းလည်း အောင်မြင်ခဲ့သော၏။

"ပေါက်ပြီကွ၊ ပေါက်ပြီ"

ရဲဆွေက ထိုသို့ကြွေးကြော်ရင်း ဝင်လာသည်။ သူက ...

"ထီဖွင့်ပြီလား"

"ဘယ်ကလာ ထီပေါက်တာထက်ပိုကောင်းတာပေါက်တာ မင်းတို့အခွေဖြန့်တာတောင်မကြာသေးဘူး၊ ရောင်းမလောက်အောင်လောက်ဖြစ်နေပြီတဲ့ကွ၊ အေးလေ ... ပထမဓာတ်ကားစရိုက်

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ပရိသတ်စောင့်ကြည့်ခံခဲ့ရတာပဲ"

သူ့ရင်ထဲ ကြည်နူးဝမ်းသာမှုများနှင့်အတူ တထိတ်ထိတ်ခုန်နေခဲ့သည်။ ညပိုင်းရောက်တော့ ဒါရိုက်တာကြီးဆီမှလည်း မင်္ဂလာသတင်းကြားရသည်။ ဟိုကဒီက ဖုန်းသတင်းတွေလည်း ဝင်လာသည်။ ကောင်းလေစွတကား။

သူသည် ပျော်ရွှင်မှုကို တစ်ယောက်တည်းမခံစားချင်၍ သရဖီဆီ ထွက်လာခဲ့၏။ သူ အပြင်ထွက်ဖို့ ခြေလှမ်းပြင်တော့ ရဲဆွေက အဆင်သင့်ဖြစ်နေပြီ။

"ဟ' မင်းက နေရာတကာ မလိုက်ချင်စမ်းပါနဲ့၊ ဒါ အလုပ်ကိစ္စသွားတာ မဟုတ်ဘူး ရဲဆွေရ"

"ဟဲ ဟဲ၊ ကလန်ကဆန်မလုပ်ချင်စမ်းပါနဲ့လက်ရာ တစ်ဟုန်ထိုးနာမည်ကြီးစပြုနေတဲ့ ရွှေမင်းသားကို တစ်ယောက်တည်းအပြင်ထွက်ခွင့်ပေးလို့ မဖြစ်ဘူး"

"ကျစ်"

သူ စိတ်ရှုပ်စွာ စုတ်သပ်ရင်း ရဲဆွေကို စိတ်ပျက်လက်ပျက်ကြည့်မိသည်။

"မင်းတို့အပြင်ထွက်ရင် သရဖီဦးကြီးက ခွါညို့ကို မထည့်ဘဲမနေဘူး၊ အပြင်ရောက်လို့ သရဖီနဲ့နှစ်ယောက်ထဲဖြစ်ချင်ရင် ငါပါမှခွါညို့ကို ပထုတ်လို့ရတာမဟုတ်လား၊ ဟဲ ဟဲ ဟဲ"

ရဲဆွေပြောတာ ဟုတ်နေတော့လည်း ငြိမ်နေလိုက်ရသည်။

"ပြီးတော့ မန္တလေးက မင်းမိဘတွေက မင်းကို အစောင့်အရှောက်ပြီး ဂရုစိုက်ဖို့ အထပ်ထပ်မှာပြီး ငါ့ကို အပ်ထားတာ ဒီတော့ ငါမပါ



www.burmeseclassic.com

www.burmeseclassic.com


ငါမသိဘဲ ဘာမှမလုပ်နဲ့၊ ဘယ်မှလည်းသွားဖို့မစဉ်းစားနဲ့ ဒါပဲ"

"ဟွင်း ဟွင်း၊ မင်းလိုကောင်မျိုး ငါက မလုပ်ချင်လို့ လုပ်ချင်ရင် မင်းမသိအောင်လုပ်လို့ရတယ်၊သွားလို့လည်းရတယ်"

"လုပ်ကြည့်လေ၊ ရဲဆွေအကြောင်းပြရသေးတာပေါ့ ... ဟဲ ဟဲ ဟဲ"

သူ နည်းနည်းတော့ စတွန့်သွား၏။ ဒီကောင်က မိန်းမ ဉာဏ်နှင့်ကလိန်ကကျစ်လုပ်ပြီး သူ့မိဘတွေဆီ ချွန်တွန်းလုပ်လိုက် လျှင် သွားပြီ။ မိဘတွေ ချက်ချင်းလိုက်လာပြီး သူ့ကို ပြန်ခေါ်လိမ့် မည်။

သူ့ကို ရန်ကုန်တွင်နေခွင့်ပြုပြီး အနုပညာလုပ်ငန်းလုပ် ခွင့်ပြုသည်မှာ ရဲဆွေအာမခံ၍ဖြစ်သည်။ ငယ်ကတည်းက သူ့ အနွံအတာခံ၍ လိမ္မာသောရဲဆွေကို မိဘတွေက ယုံကြည်စိတ်ချ သည်။ သူကိုယ်တိုင်ကလည်း မင်းသားမဖြစ်ရလျှင် သေမလောက် ဖြစ်နေတာကြောင့် ရန်ကုန်တွင် နေစရာအိမ်၊ စီးစရာကားဖြင့် ပြည့်ပြည့်စုံစုံထားပေးခြင်းဖြစ်သည်။

သူသည် ရဲဆွေကို တစ်တစ်ခွခွဆဲပစ်လိုက်၏။

အင်း ဆဲတော့လည်း ဒီပါးစပ်က လုံး၀ လုံး၀ စကားမထစ် တာ အံ့သြစရာကောင်းလေစွတကား။

—— ဏ ဏ ——


www.burmeseclassic.com

www.burmeseclassic.com

# ၢ --- (၁၂) --- ၢ

"ဒီပုံအတိုင်းဆို အနေးနဲ့အမြန် **Interview** တွေက
လာမှာပဲ၊ မင်းတို့နှစ်ယောက်စလုံးရဲ့အခြေအနေက စိတ်ကျေနပ်
လောက်အောင် တိုးတက်မှုရှိသေးတာမှ မဟုတ်တာ၊ ဘယ်လို
စခန်းသွားကြဖို့ စိတ်ကူးထားလဲ"

ဦးချိုတူးပြောတာလည်းဟုတ်သည်။ သူနှင့်သရဖီတို့ရဲ့
အားနည်းချက်က လုံးလုံးပျောက်သွားခြင်းမရှိသေးပေ။

ပြီးသွားသော ဇာတ်ကားပေါက်မြောက်အောင်မြင်သွား
တာကလည်း အင်ကြင်းဝမ်း အကြံပေးကောင်း၍သာဖြစ်သည်
ကလေးပေးသည့်အကြံအတိုင်း ဇာတ်ကောင်စရိုက်ကို အလွန်
စကားထစ်သူမင်းသားနှင့် အင်မတန်ယောင်တတ်သောမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com


ဓာတ်ရုပ်ဖြင့် ဖန်တီးပြီး ရိုက်ခိုင်းစေခဲ့ခြင်းပင်။

"မောင်လက်ဆောင်ကိုယ်စား မောင်ရဲဆွေက စကားပြောပြ ဖြေရှင်းပေးတယ်ဆိုပေမယ့် ရေရှည်အတွက်မကောင်းဘူးလေ၊ ဟုတ်တယ်မဟုတ်လား"

"ဒါတော့ ဟုတ်ပါတယ် ဦးကြီး"

"အေးလကွာ ... ဒါကြောင့်ပြောရတာပေါ့၊ မင်းတို့အတွက် ဓာတ်ကားတွေက ဆက်တိုက်ရိုက်ရတော့မှာ နည်းလမ်းလေးဘာလေးရှာကြဦး"

"ဟုတ်ကဲ့ ဦးကြီး"

"ဟဲ့ ... သရဇီ"

"ရှန် ... ဦးကြီး"

"နင် တရားထိုင်ရဲ့လား"

"ဟုတ်"

"မောင်လက်ဆောင်ရော"

"ဟုတ်"

"အင်း ... သမာဓိအားကောင်းလာရင်တော့ မင်းတို့ အားနည်းချက်တွေပျောက်တန်ကောင်းပါရဲ့"

သူတို့စကားပြောနေစဉ် ခွါညိုဝမ်းက လက်ဖက်သုပ်ပန်းကန်ကိုင်၍ မီးဖိုချောင်ထဲမှ ထွက်လာသည်။

"အစားအသောက်ဆို ခွါညိုတို့က စိတ်ချရတယ်၊ ဒီမှာအကြံကောင်းဉာဏ်ကောင်းလေးတော့ မပေးတတ်ဘူး"

ဦးချိုတူးက မြည်တွန်တောက်တီးသည်။ ခွါညိုဝမ်းမျက်နှာက စပ်ဖြဲဖြဲပင်။ အင်ကြင်းဝမ်းကတော့ ထုံးစံအတိုင်း TV


www.burmeseclassic.com

www.burmeseclassic.com



**Game** ကစားနေသည်။ ဒီတစ်ခါ ထူးထူးဆန်းဆန်း ဘာမှန့်ပါ သလဲဟုပင် လှည့်မမေးပါ။ သူက မနေနိုင်၍ လှမ်းမေးလိုက်သည်။

"အင် အင်ကြင်းရေ၊ ငြိမ်လှပါလား၊ ဒီ ဒီမှာ ညီ ညီမလေး အတွက် ကြက် ကြက်ကင် ပါ ပါတယ်လေ"

"ဟင်' ဟုတ်လား"

ထိုအခါမှ အင်ကြင်းဝမ်းအသံထွက်လာ၏။ ပြီးမှ ...

"အသစ်ဝင်တဲ့ **Game** က စိတ်ဝင်စားစရာကောင်းလို့ ကိုကြီးရ၊ ပြီးပါပြီ၊ ကျွန်တော် နိုင်သွားပြီ"

ပြောပြောဆိုဆို အင်ကြင်းဝမ်းက **Game** စက်ကို ပိတ် ပြီးထလာသည်။

"ကိုကြီးတို့ပြောနေတာတွေကြားပါတယ်၊ ဒီမှာ ဂိမ်းက ကောင်းနေတာနဲ့ ဘာမှဝင်မပြောတာ၊ အကောင်းစားအကြံဉာဏ် တွေ ကျွန်တော့်မှာရှိပါတယ်"

"ဟာ' လုပ်စမ်းပါဦး ကလေးရ"

ရဲဆွေကပါ အားတက်သရော ဝင်ပြော၏။ ဦးချိုတူးနှင့် သရဖီကတော့ ဘာမှမပြောဘဲ ခပ်ပြုံးပြုံးသာ လုပ်နေကြသည်။

ခွါညို့ဝမ်းက ...

"ကလေးပေးတဲ့အကြံဆိုရင်တော့ ကောင်းမှာပဲ၊ အခု ဇာတ်ကားရိုက်ပြီးလို့ အောင်မြင်တာပဲကြည့်လေ၊ စကားထစ်တဲ့ မင်းသားကို စကားထစ်တဲ့ကားရိုက်တာနဲ့ယောင်တတ်တဲ့မင်းသမီး ကို ယောင်တတ်တဲ့ကားရိုက်တာနဲ့သရုပ်ဆောင်ဖို့ အကြံပေးတာ လည်း အရမ်းအဆင်ပြေသွားတာပဲ"

"ဟဲ ဟဲ၊ ကလေးဆိုပြီး ဦးကြီးကိုယ်တိုင် အထင်သေးတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ခုတော့ အကြောင်းသိပြီမဟုတ်လား၊ ဟွန်း … စာမကြိုးစား တာလောက်ကို အပြစ်မြင်နေတယ်"

"ဟဲ့ … ကလေးစုတ်ရဲ့ စာမကြိုးစားလို့ပြောတာ ငါ့ အတွက်လား၊ ဟင်"

"ဦးကြီး … ဆူတဲ့ပူတဲ့ကိစ္စတွေ ပွစိပွစိလုပ်မလာနဲ့နော် ဒီမှာ ရှေ့ဆက်ရမယ့်ဇာတ်ကားတွေအတွက် စိတ်ညစ်နေရတဲ့ အထဲ"

သရဖီက နှုတ်ခမ်းစူ၍ ဝင်ပြောသည်။

"အေးပါ၊ အေးပါ၊ နင်တို့ကိစ္စပြောပါ"

ဦးချိုတူးက ရွှေဖြစ်ငွေဖြစ်မည့်တူမချောလေး မျက်နှာညိုး ၍ အလိုမကျဖြစ်မှာကိုတော့ မလိုလားပါ။

"အဟမ်း၊ ဒီလိုလေ စကားထစ်တာရော ယောင်တာကို ရော ပျောက်အောင်လေ့ကျင့်ပြီး ဖျောက်နေရတယ်မဟုတ်လား"

အင်ကြင်းဝမ်းက ကြက်ကင်တစ်ဖဲ့ကို ဖဲ့ပြီး ပါးစပ်ထဲ သွတ်သည်။ သရဖီက …

"ကဲပါဟယ် … ပြီးမှစားစမ်းပါ၊ ပြောစရာရှိတာ မြန်မြန် ပြော"

"ဒီလိုလေ၊ ညီမပြောတဲ့အတိုင်းသာလေ့ကျင့်၊ ခု ဥပမာ ပြမယ်"

အင်ကြမ်းဝမ်းက စားပွဲပေါ်မှ ငါးမုန့်ကြော်ပလတ်စတစ် အိတ်ခွံကို ယူလိုက်သည်။ ပြီး လေတင်းအောင်မှုတ်၍ လိမ်ကျစ် စုကိုင်ထား၏။

"ဟဲ့ … ငါက လန့်တတ်ပါတယ်ဆို နင် အဲ့ဒါကို ဖောက်



www.burmeseclassic.com

www.burmeseclassic.com

မလို့လား၊ မလုပ်နဲ့ ငါ ပေါက်ကရတွေထွက်ကုန်လိမ့်မယ်"

သရဖီက ပြုံးပြုံးပြာပြာတားသည်။

"ပေါက်ကရမယောင်အောင် လေ့ကျင့်ပေးမယ့်နမူနာပါ ဆို၊ ဒါကိုမဖောက်ခင် ညီမလေးက မမဖီယောင်ရမယ့်စကားလုံးကို အရင်အော်ပေးမှာပါ၊ ကဲ လာပြီနော် ... အိုးဂေါ်"

"ဖောင်း"

"ပလုတ်တုတ် အိုးဂေါ်"

အင်ကြင်းဝမ်းက သတိပေးပြီး ဖောက်သော်လည်း သရဖီ ကတော့လန့်သည်။ ကျန်လူများလည်းမလန့်မဟုတ်။ လန့်တာ ပါပဲ။ မိမိစိတ်ကို မိမိထိန်းချုပ်နိုင်ခြင်းအပေါ် မူတည်ပါသည်။

"နောက်တစ်ခေါက်လာမယ်နော်"

အင်ကြင်းဝမ်းက အိတ်ခွံတစ်ခုကို ဆွဲယူပြီး လေမှုတ်သွင်း ပြန်သည်။

"ကဲ ... အိုးဂေါ်"

"ဖောင်း"

"အမယ်လေး အိုးဂေါ်"

"ဟီး ဟီး၊ ဒီအတိုင်းသာ မပြတ်လေ့ကျင့်ပေတော့ — ပေါက်ကရ၊ မဟုတ်တယုတ်ယောင်တာတွေပျောက်ပြီး အိုးဂေါ် လောက်နဲ့ ပြီးသွားလိမ့်မယ်၊ ဟဲ ဟဲ"

"အဲ"

"ဝိုး ဟိုး၊ ဟုတ်သွားပြီ"

"သိပ်ကောင်းတဲ့အကြံပဲ"

အားလုံး လက်ခုပ်လက်ဝါးတီး၍ ကောင်းချီးပြုသော ဝိုင်း


www.burmeseclassic.com

www.burmeseclassic.com


ပေးကြသည်။ သရဖီကိုယ်တိုင်ပင် သူ့ပါးစပ်သူ လက်ဖဝါးလေးနှင့် အုပ်၍ တအံ့တသြဖြစ်နေရှာ၏။ ဦးချိုတူးက ...

"အေး ... မဆိုးဘူးဟ၊ ဒီအတိုင်းလေ့ကျင့်သွားရင် တခြားအကြားမတော်တာတွေယောင်တာထက်စာရင် ဒီ အိုးဂေါ့လေးက တော်သေးတာပေါ့"

ကျန်တဲ့သူများကလည်း ထောက်ခံကြသည်။ သူကိုယ်တိုင်လည်း ဒါအကောင်းဆုံးဟုထင်သည်။

"သရဖီအတွက်တော့ ဟုတ်သွားပြီ၊ မင်းသားအတွက် ပြောဦး"

ခွါညိုဝမ်းက သိချင်စိတ်ကို မအောင့်နိုင်တော့ဘဲမေးသည်။ အင်ကြင်းဝမ်းက ...

"လာမယ်လေ၊ ကိုကြီးက စကားပြောရင် အရင်ဆုံးစထွက်တဲ့စကားလုံးက ပိုထစ်တာမဟုတ်လား"

"အင်း"

"ဒီတော့ စကားစ,ပြောတော့မယ်ဆိုရင် ကိုကြီးအမိက ပြောရမယ့်စကားကို စ,မပြောနဲ့ ... အရင်ဆုံး အာမေဋိတ်စကား ဒါမှမဟုတ် ဘန်စကား အပိုစကားလုံးတစ်ခုခုကို အရင်ထည့်ပြော အဲသလိုထည့်ပြောနိုင်ဖို့တော့ အမြဲသတိထားဖို့လိုတယ်၊ နောက်ပိုင်း အကျင့်ရလာရင် ကိုကြီးအာရုံက အရင်ဆုံးစပြောရမယ့် အပိုစကားမှာပဲရှိနေလိမ့်မယ်၊ အဲသလို အာရုံစူးစိုက်မှုအားကောင်းလာတာနဲ့ ကိုကြီးအားနည်းချက်ပျောက်သွားမှာပဲ"

သူတို့အားလုံး ခေတ္တငြိမ်ပြီး စဉ်းစားကြသည်။ ကလေး စကားကို ယုံရခက်၊ မယုံရအခက်ပါပဲ။ သို့သော် သူ့အနေဖြင့်


www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့လုပ်ရမည်။ အချိန်က သူ့အတွက် အရေးကြီးနေသည်။ မကြာခင် Interview တွေလိုက်လာတော့မည်။ ဇာတ်ကားတွေက ဆက်တိုက်ရိုက်ရတော့မည်။

"ဘယ်လိုစကားလုံးမျိုးထည့်ပြောရမလဲ"

ကလေးစကားဆိုပေမယ့် ပထမဆုံးအင်ကြင်းဝမ်းပေးတဲ့ အကြံကြောင့်ပဲ တစ်ကားရိုက်ပြီး၍ အောင်မြင်ခဲ့ပြီ။ ထို ပွဲဦးထွက်ဇာတ်ကားကို ရယ်ရလွန်း၍ပရိသတ်က ပြောမဆုံးပေ။

"ကိုကြီးကလဲ၊ ကိုကြီးပါးစပ်ထဲ အာတွေ့တာပြောပေါ့၊ တချို့ဆို မိန်းကလေးဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် စကားမပြောခင် အရင် 'သိလား'တို့၊ 'စိတ်ပျက်လိုက်တာ'တို့၊ 'ဒီမယ်' တို့ ထည့်ပြောကြတာ ကြားဖူးတယ်မဟုတ်လား"

"အင်း"

"ဩော် ... သိပြီ၊ နိုင်နိုင်ဝင်းစကားပြောတော့မယ်ဆိုရင် 'ဒီမှာကြည့်စမ်း'ဆိုတဲ့ အပိုစကားက အရင်စပြောတာ"

ခွါညိုဝမ်းကပြောသည်။ နိုင်နိုင်ဝင်းဆိုတာ ခွါညိုဝမ်း သူငယ်ချင်းတစ်ယောက်ပင်။ အင်ကြင်းဝမ်းက ...

"ဥပမာဗျာ၊ ကိုကြီးလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသဖြင့် အဲသလိုမျိုး တစ်ခုခုထည့်ပြောပေါ့"

"ဟင့် ... အင်း"

သူက ထိုစကားလုံးမျိုးထည့်ပြောရမှာ မိန်းမဆန်သလား တွေးမိ၍ "ဟော့ အေး" ဟု ခပ်လေးလေးငြင်းပယ်မိသည်။

ဒါကိုပဲ သရဖီက ...

"ဟုတ်ပြီလေ၊ အဲဒီ 'ဟင့်အင်း'ပဲ စပြော၊ ဒီစကားလုံးက



www.burmeseclassic.com

www.burmeseclassic.com



နဂိုကတည်းက ထစ်ဆိုင်းပြီးပြောရတာ ကဲ ခပ်တိုတိုစကားပြော ကြည့်ပါလား လက်ဆောင်"

"အင်း"

"မစားဘူးဆိုတာကိုပြောကြည့် ကိုကြီး"

သူက အားမွေးပြီး အရှိန်ယူလိုက်သည်။ ကိုယ်က ရုပ်ရှင်မင်းသားလုပ်မည့်သူပဲ။ ဘာခက်တာမှတ်လို့။ သရဖီက ကြက်ကင်ကိုဖွဲ့ပြီး စားမလားဟုမေး၏။

"ဟင့် ...... အင်း၊ မစားဘူး"

ဟင့်နှင့်အင်းကြား ခေတ္တတုန့်နှေးထစ်ဆိုင်းနေပြီးမှ 'မစားဘူး'ဆိုသော စကားက မထစ်မငေါ့ရှောရှောရှူရှူထွက်သွားလေသည်။

"အောင်မာ၊ မဆိုးဘူးပဲ"

"နိပ်ဟ"

ဦးချိုတူးနှင့်ရဲဆွေက အားရဝမ်းသာထောက်ခံသည်။ နောက်ထပ်နှစ်မျိုးသုံးမျိုးပြောကြည့်တော့လည်း အဆင်ပြေသည်။

"ဟဲ ဟဲ၊ အင်ကြင်းကိုသာ အားကိုးလိုက်စမ်းပါ၊ ကဲ ခုတော့ စရန်ငွေလေးမစပါ၊ မင်းသားနဲ့မင်းသမီးအဆင်ပြေသွားရင် ဓာတ်ကားတစ်ကားစာ ပေးရမယ်၊ ဒါပဲ"

"အံမယ်၊ ကလေးက လေပဲစိုက်ရတာများ"

သရဖီက တွန့်တိုစွာ ဝင်ပြောသည်။

"လေပဲ ဟုတ်လား၊ အဲဒီလေပဲကို လူတိုင်းစိုက်နိုင်လို့လား မသရဖီနော် ကျေးဇူးမကန်းနဲ့"

"ကဲပါ၊ ကလေးကို ဦးကြီးပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော်ပေးလိုက်ပါ့မယ်ဦးကြီး"

"မရဘူး၊ ဦးကြီးပေးတာလည်း ယူမယ်၊ ကိုကြီးပေးတာလည်း ယူမယ်၊ မသရဖီလည်းပေးရမယ် ဒါပဲ"

အင်ကြင်းဝမ်းလေးက တစ်ချက်လွှတ်အမိန့်တော်ချမှတ်ပြီး ကြက်ကင်တစ်ကောင်လုံးမ၍ ထသွားသည်။ မစားရသေးသော ခွါညိုဝမ်းက နောက်ကပြေးလိုက်သွားလေသည်။

"ဟော့ ... မပြေးနဲ့၊ ငါ့အတွက်လည်း တစ်ခြမ်းပါတယ်"

"ဟား ဟား ဟား ဟား"

— ဂု ဂု —


www.burmeseclassic.com

www.burmeseclassic.com

## ၇ --- (၁၃) --- ၇

အောင်မြင်မှုက သူနှင့်သရဖိနောက် ထပ်ချပ်မကွာလိုက်လာနေပြီ။ **Interview** ၊ ပြက္ခဒိန်၊ ကြော်ငြာတွေက အဆက်အသွယ်တွေလုပ်လာသည်။ သူနှင့်သရဖိက ကိစ္စအားလုံးအတွက် အချိန်တစ်ပတ်ပဲစောင့်ရန်ချိန်းဆိုထားသည်။

ထို့နောက် သူနှင့်သရဖိကို ရဲဆွေရော၊ ခွါညိုဝမ်းကပါ အပြင်းအထန်ကူညီလေ့ကျင့်ပေးကြသည်။ ဘယ်သွားသွား ဘာစားစား ဘာလုပ်လုပ်သတိလေးနှင့် လေ့ကျင့်ပေးသည်။

ဤသို့ဖြင့် တစ်ပတ်ဆိုသော အချိန်မှာ ကုန်ဆုံးသွားသည်။ သူနှင့်သရဖို့နှုတ်ဖျားတွင်လည်း 'ဟင့်အင်း'နှင့်'အိုးဝေ'ဆိုသော စကားလုံးများသည် ဘိန်းစွဲသလို စွဲသွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်ကျပြီ၊ ဟန်ကျပြီ"

"အောင်ပြီ၊ အောင်ပြီ"

ရဲဆွေနှင့်ခွါညိုဝမ်းက အားရဝမ်းသာစွာ အော်ဟစ်ဆူညံနေတော့သည်။

"တစ်ပတ်လည်းပြည့်ပြီ၊ ရက်ချိန်းလက်ခံထားတဲ့ အလုပ်တွေက ဆက်တိုက်လာတော့မယ်"

"ဒီလောက်ဆို စိတ်အေးရပါပြီ"

ဟုတ်သည်။ သူတို့အားနည်းချက်တွေက စကားတစ်လုံးပိုသည်မှလွဲ၍ ပျောက်ပြီဟု ဆိုနိုင်ပါသည်။

သို့သော် သူရော သရဖီအတွက်ပါ နာမည်သစ်တစ်ခုစီထင်ကျန်ခဲ့လေသည်။ အကြောင်းက သည်လို ...။

--- ဏ ဏ ---

မေး။ ။ "မင်းသားအနေနဲ့ အနုပညာလောကထဲဝင်လာတာအခက်အခဲတွေရှိပါသလား"

ဖြေ။ ။ "ဟင့် ... အင်း၊ မရှိပါဘူး"

မေး။ ။ "မင်းသားလို အရမ်းချောတဲ့ညီအစ်ကိုမောင်နှမရော ရှိပါသလား"

ဖြေ။ ။ "ဟင့် ... အင်း၊ မရှိဘူး"

မေး။ ။ "မင်းသားရဲ့ **Date of Birth** လေး ပြောပြပေးပါ"

ဖြေ။ ။ "ဟင့် ... အင်း၊ သြော် ... ၇. ၉ .၉၀"



www.burmeseclassic.com

www.burmeseclassic.com


မေး။ ။ "ဘဝမှာ အမှတ်တရအဖြစ်ဆုံးနေ့တစ်နေ့ရှိလား"
ဖြေ။ ။ "ဟင့် ... အင်း၊ အဲ ... အများကြီးမို့ပြောဖို့ခက်တယ်"
မေး။ ။ "ခု သရုပ်ဆောင်ရတာကို အားရမှုရှိရဲ့လား"
ဖြေ။ ။ "ဟင့် ... အင်း၊ ခုမှ အစပဲရှိသေးတယ်"
မေး။ ။ "ဘယ်အချိန်အိမ်ထောင်ပြုဖို့ စဉ်းစားထားပါသလဲ"
ဖြေ။ ။ "ဟင့် ... အင်း၊ ဩော် ... ခုချက်ချင်းကိုပြုချင်တာ အဟား ဟား ဟား"

ရယ်လျက်ဖြေသည်။ အားလုံးလည်းဝိုင်းရယ်ကြ၏။

မေး။ ။ "မင်းသားရဲ့ဖုန်းနံပါတ်လေး"
ဖြေ။ ။ "ဟင့် ... အင်း၊ အဟား ... ပေးရမှာပေါ့၊ ကျွန်တော့် ဖုန်းနံပါတ်က ၀၉၇၃၂၂၂၄၂၀"
မေး။ ။ "လိပ်စာလေးရော တစ်ဆိတ်လောက်"
ဖြေ။ ။ "ဟင့် ... အင်း၊ ဩော် ဟဲ ဟဲ ဟဲ ပေးရမှာပေါ့၊ ပေးရမှာပေါ့၊ အမှတ် (..........)"

"ကျေးဇူးတင်ပါတယ်"

"ဟင့် ... အင်း၊ အဲ ကျွန်တော်ကလည်း ကျေးဇူးတင်ပါ တယ်"

ဒီလိုနှင့် နာမည်သစ်က ထိုသို့ အခြေပြု၍ စခဲ့ခြင်းဖြစ် သည်။

ကြော်ငြာရိုက်ကွင်းတွေ၊ ဇာတ်ကားရိုက်ကွင်းတွေမှာ လည်း သူ့စကားတွေတိုင်း 'ဟင့်အင်း'ဆိုတာက နေရာယူလွှမ်းမိုး ခဲ့သည် မဟုတ်ပါလား။ ယခုဆိုလျှင် လာသမျှဖုန်းအတော်များများ ကိုလည်း သူကိုယ်တိုင် လက်ခံပြောနိုင်ခဲ့ပြီ။


www.burmeseclassic.com

www.burmeseclassic.com


သူ့အားနည်းချက်ဝဋ်ကြွေးကား ကုန်သွားပြီထင်သည်။ သို့သော် အများက ချစ်စနိုးပေးသောနာမည်သစ်ကလေးတော့ ရခဲ့သည်။

ပရိသတ်က သူ့ကိုပေးသောနာမည်သစ်မှာ "ဟင့်အင်းမင်းသား" တဲ့။

သူတင်မက သရုပ်ဖို့အဖြစ်ကိုလည်း ကြည့်ပါ။

--- ၅ ၅ ---

မေး။ ။ "အနုပညာလောကထဲမဝင်ခင်က အမှတ်တရအဖြစ်ဆုံးအဖြစ်အပျက်တစ်ခုကို ပြောပြပေးပါလား"

ဖြေ။ ။ "အိုး ... ဂေါ့၊ သိပ်ရှိတာပေါ့၊ အထက်တန်းကျောင်းတုန်းက ရေမြောင်းကြီးရဲ့နှုတ်ခမ်းမှာပေါက်နေတဲ့ သစ်ပင်ကို စတိုင်လ်လုပ်ပြီး မှီလိုက်တာ မြောင်းထဲကို ကျွမ်းပစ်ကျသွားတာပဲ၊ သစ်ပင်က သေးသေးလေးမို့လေ၊ ဟင်း ဟင်း ဟင်း ဟင်း"

မေး။ ။ "ရင်ခုန်စိတ်လှုပ်ရှားရဆုံးဖြစ်ခဲ့ရတဲ့အချိန်ရှိလား"

ဖြေ။ ။ "အိုး ... ဂေါ့၊ သိပ်ရှိတာပေါ့၊ ရင်ခုန်စိတ်လှုပ်ရှားရလွန်းလို့ အိပ်လို့တောင်မပျော်ခဲ့ဘူး၊ ပထမဆုံးရုပ်ရှင်စရိုက်တဲ့နေ့ပေါ့"

မေး။ ။ "အမှတ်တရအဖြစ်ဆုံးနေရာလေးတစ်ခု"


www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ "အိုး ... ဂေါ့၊ အမှတ်တရအဖြစ်ဆုံးနေရာကတော့ ငါးကန် အဲ ငါးကန်လေးတစ်ခုပေါ့၊ အဲဒီနေရာမှာ ရယ်မောထိတ်လန့်စရာဖြစ်ခဲ့ဖူးတယ်၊ ဘာလဲဆို တာတော့ လျှို့ဝှက်ထားချင်ပါတယ်၊ အဟင်း"

ဖြေ။ ။ "မင်းသမီးစိတ်မဆိုးရင် တစ်ခုလောက်မေးချင်ပါ တယ်၊ အခု ချစ်ရမယ့်ချစ်သူရှိနေပြီလား"

မေး။ ။ "အိုး ... ဂေါ့၊ အဝေးကြီးလိုပါသေးတယ်၊ ရှိလာရင် ဝှက်မထားပါဘူးနော်၊ အဟင်း ဟင်း"

မေး။ ။ "မင်းသမီးက ပြိုင်ဘက်ကင်းအောင် ဘာဖြစ်လို့ လှရတာလဲ၊ အဲဒါ ဘယ်သူ့ကိုတူလို့ပါလဲ"

ဖြေ။ ။ "အိုး ... ဂေါ့၊ ဒါကတော့ အတိတ်ဘဝက ကုသိုလ် ကံ အကျိုးပေးနဲ့ဆိုင်မယ်ထင်ပါတယ်၊ ပြီးတော့ ဖေဖေနဲ့မေမေ နှစ်ယောက်စလုံးချောတယ်၊ အဟဲ သရုဖိက မိဘနှစ်ပါးရဲ့ အချော အလှတွေစုပြီးရ လိုက်တယ်လို့ ထင်ပါတယ်"

မေး။ ။ "အနုပညာလောကမှာ လက်ဦးဆရာက ဘယ်သူပါ လဲ"

ဖြေ။ ။ "အိုး ... ဂေါ့၊ အဲဒါကတော့ မြင်ဆရာကြားဆရာ တွေ အများကြီးပါပဲ၊ ဒီအတိုင်းအတုခိုးပြီးပြင်းပြင်း ထန်ထန် လေ့ကျင့်ခဲ့တာပါ၊ တကူးတကန့်သွား သင်တာမျိုးတော့မရှိပါဘူး"

မေး။ ။ "ညီမရဲ့စိတ်ကူးထဲက ချစ်သူပုံရိပ်က ဘယ်လိုမျိုး လဲ"



www.burmeseclassic.com

www.burmeseclassic.com


ဖြေ။ ။ "အိုး ... ဂေါ်၊ လုံးဝတွေးမထားမိတဲ့ကိစ္စပါလား၊ အဖြေမပေးနိုင်တာ အားနာပါတယ်"

"အခုလိုဖြေပေးတဲ့အတွက် မင်းသမီးကို ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့၊ သရဖီကလည်း ကျေးဇူးတင်ပါတယ်"

သရဖီ **Interview** တွေဖတ်ပြီး ဒါလောက်ဆို သဘောပေါက်လောက်ပြီဟုထင်ပါသည်။ သူ့လိုပင် ဝဋ်ကြွေးကုန်၍ အားနည်းချက်ပျောက်သွားသောသရဖီက နောက်ပိုင်းတွင်လည်း စကားပြောလျှင် အကျင့်ပါသွားပြီး 'အိုးဂေါ့'ဆိုသောစကားလုံးက အမြဲပါသည်။ ထို့ကြောင့် ... သရဖီ့ခမျာမှာလည်း နာမည်အသစ်တစ်ခု ပိုင်ဆိုင်ခဲ့ပါသည်။ အဲဒါကတော့ "အိုးဂေါ့မင်းသမီး"ဆိုတာပဲဖြစ်သည်။

သူက "ဟင့်အင်းမင်းသား"

သရဖီက "အိုးဂေါ့မင်းသမီး"။

ဩော် ... ကြံကြံဖန်ဖန်ဟုသာ ညည်းလိုက်ချင်ပါတော့သည်။

— ဂ ဂ —


www.burmeseclassic.com

www.burmeseclassic.com

# ၇ --- (၁၄) --- ၇

သူ သရဖို့ကို ဖွင့်ပြောဖို့အချိန်တန်ပြီဟုထင်သည်။ သူနှင့် သရဖီက အတူလက်တွဲ၍ အောင်မြင်လာကြတာမှန်သော်လည်း ယခုအချိန်တွင် တစ်ယောက်တစ်နေရာစီဖြစ်နေ၏။ သူကလည်း တခြားကုမ္ပဏီများမှ မင်းသမီးပေါင်းများစွာနှင့်ဇာတ်ကားတွေ ဆက်တွဲရိုက်နေရသလို၊ သရဖီကလည်း တခြားမင်းသားတွေနှင့်တွဲ ရိုက်ပြီး မအားမလပ်ဖြစ်နေသည်။

ထို့ကြောင့် သူနှင့်သရဖီမတွေ့ရတာကြာပြီ။ ဒါကို သူ နည်းနည်းမှသည်းမခံနိုင်ပါ။ သူ့ရဲ့အားချိန်၊ နားချိန်လေးများကို သရဖီကသာ စိုးမိုးထားလေသည်။

"ကဲ ... ရွှေမင်းသား၊ ထမင်းစားရအောင်"

ရဲဆွေက သူ့ကို ထမင်းစားဖို့ပြောသည်မှာ ဒါပါနှင့်ဆို



www.burmeseclassic.com

www.burmeseclassic.com


သုံးခါရှိပြီ။ သူကလည်း ခေါင်းခါမြဲခါသည်။ ခေါင်းခါရုံမက ပါးစပ်ကပါ ငြင်းလိုက်သည်။

"ဟင့် ... အင်း"

"ဟော့ကောင် လေကာ်၊ မင်း ခုထိ အဲဒီဟင့်အင်းကြီးလုပ် မနေနဲ့၊ မဟုတ်တယုတ်အကျင့်တွေဖျောက်တော့"

"ဟင့် ... အင်း၊ ဖျောက်ပေါင်၊ ငါ့ရဲ့ အဲ့ဒီစတိုင်လ်လေး ကိုပဲ ပရိသတ်က အသည်းစွဲနေတာမဟုတ်လား"

ရဲဆွေက သူ့ကို မျက်လုံးကြီးပြူးကြည့်သည်။ အဲ ... ဗိုက် ကြီးနှင့်ပြူးကြည့်သည်ဆိုက ပိုမှန်ပေလိမ့်မည်။ တစ်နေ့တခြား တိုးတက်လာသော ပေါင်ချိန်ကြောင့် ရဲဆွေဗိုက်ကြီးက ပြူးပြောင် တင်းနေ၏။

"မင်းလည်း အစားအသောက်လေးဘာလေးလျှော့ဦး ရဲဆွေ၊ မင်းခန္ဓာကိုယ်က ငါ့မျက်စိနဲ့မဆန့်တော့ဘူး"

"ငါက ရုပ်နဲ့ခန္ဓာ ပြစားတာမဟုတ်တော့ ကိစ္စမရှိဘူး မင်းပဲ အရေးကြီးတာ ... ခု ထမင်းစားဖို့အရေး နှစ်ခါသုံးခါပြော နေရတယ်၊ အစားအသောက်ကို အချိန်မှန်မှန်စားရမယ်၊ ရောဂါ ရလို့ မဖြစ်ဘူး၊ ခု အလုပ်တွေက များလာပြီ၊ ဒီညလည်း ရိုက်ကွင်း ရေးတွေရှိတယ်"

ရဲဆွေဆိုတဲ့ကောင်က ကြာလေမိန်းမကြီးနဲ့တူလေပါပဲ။ သူ့မှာ ကိုယ့်စိတ်နှင့်ကိုယ့်ကိုယ်နေချင်သလို နေလို့မရပါ။

"မင်းဟာလေ ... ငါ့အတွက် နည်းနည်းလေးမှ အလိုက် ကန်းဆိုးမသိတဲ့ကောင်ပဲ ရဲဆွေ"

"အင် ... ဖြစ်ရပြန်ပြီ"


www.burmeseclassic.com

www.burmeseclassic.com



"စားဖို့သောက်ဖို့ အလုပ်လုပ်ဖို့ပဲပြောနေဘယ်၊ ငါ ဘာဖြစ်နေသလဲဆိုတာ မင်းသိရဲ့လားကွ"

"ဟင့် ... အင်း၊ သိဖူး"

"ဟေ့ကောင်၊ ဘာဟင့်အင်းလဲ၊ မင်း ငါ့ကို နောက်ပြောင်မနေနဲ့ ရဲဆွေ"

"ရော် ... ခက်ကုန်ပြီ၊ ဘာဖြစ်ရပြန်တာလဲကွ ငလက်ရ"

"ငါ သရဖီကို တစ်နေ့မတွေ့ရရင် မနေနိုင်တော့ဘူး၊ အဲဒါ ငါ စိတ်ညစ်နေတာ"

"ဒါများကွာ၊ မစားနိုင်မသောက်နိုင်ထိဖြစ်စရာမလိုပါဘူး၊ မတွေ့ရမနေနိုင်ရင် အားတဲ့အချိန် သွားတွေ့လိုက်ပေါ့၊ အရင်လည်း ဒီလိုတွေ့နေတာပဲ"

"အခုက အရင်နဲ့မတူဘူးကွ"

"ဘာလဲ' သရဖီက စူပါမင်းသမီးဖြစ်သွားလို့လား"

"မဟုတ်ပါဘူး၊ သရဖီ စူပါမင်းသမီးဆို ငါလည်း စူပါမင်းသားပဲ"

"ဒါဆို ဘာလဲ"

"မင်းကိုပြောလို့လည်း ဘာမှထူးလာမှာမဟုတ်ဘူး၊ တော်ပြီကွာ၊ ထမင်းပဲစားတော့မယ်"

"ဖြစ်ရပြန်ပြီ"

ဒေါ်လုံးပြင်ပေးသော ထမင်းပွဲဆီ သူတို့ရောက်သွားသည်။ ဒေါ်လုံးလက်ရာ ဆိတ်သားနှပ်ကား အလွန်ပင် လက်ရာကောင်းလှ၏။ အစားကောင်းစားတော့ ချစ်ရသူကို သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com


"ထမင်းမစားချင်လို့သာပေါ့ကွာ၊ စားများစားချင်ရင် မလွယ်ဘူး"

ထမင်းအုပ်ဆီ တတိယအကြိမ်လက်လှမ်းနေသော သူ့လက် နည်းနည်းတော့ တွန့်သွားသည်။

"အဟဲ၊ စားတော့လည်းကောင်းသွားတာပဲ၊ သရဖို့ကို သတိရလိုက်တာကွာ၊ သူ ထမင်းမှစားပြီးရဲ့လားမသိဘူး"

"ဖုန်းဆက်ကြည့်လိုက်လေ၊ ဒေါ်လုံးဟင်းတွေ ပိုပိုသာသာ ချက်ထားပါတယ်"

ပန်းကန်တွေရေသုတ်နေရင်းမှ ဒေါ်လုံးက လှမ်းပြော သည်။

"ဟုတ်လား၊ ဒါဆို ဆက်ကြည့်ဦးမှပဲ၊ ထမင်းမစားရသေး ရင် ခေါ်လိုက်မယ်"

သူက ပြောပြောဆိုဆို ထမင်းစားပွဲဘေးမှ **Hand Phone** ကို လှမ်းယူပြီး သရဖို့ဖုန်းကို ခေါ်လိုက်သည်။ ဖုန်းကိုင် သူက သရဖီတော့မဟုတ်။ ခွါညိုဝမ်းဖြစ်နေသည်။

"ပြော ... ရွှေမင်းသား၊ သရဖီကတော့ ရိုက်ကူးရေးမပြီး သေးဘူး၊ ဘာအရေးကြီးလို့လဲ"

"ဆိတ်သားနှပ်ထားတယ်၊ ထမင်းမစားသေးရင် လာစား ကြဖို့ပြောမလို့"

"မစားရသေးဘူး၊ ဒီတစ်ခန်းပြီးမှ နားမှာ၊ လာဖို့မလာဖို့ က သရဖို့သဘောပဲလေ၊ ခွါညိုကတော့ ဗိုက်ဆာနေပြီ"

"ရအောင်ခေါ်ခဲ့ပါဗျာ၊ ကျွန်တော်လာပို့ဖို့က ဖြစ်လို့"

"ဟော ... ဟိုမှာ သရဖီလာနေပြီ၊ ရွှေမင်းသား ကိုယ်တိုင်


www.burmeseclassic.com

www.burmeseclassic.com


ပြောလေ"

"ကျွန်တော်ပြောရင် အစ်မညီမက ကတ်သီးကတ်သတ် ကကြိုးကကြောင်တွေအရမ်းလုပ်တယ်"

"ဟဲ့ ... နည်းနည်းပါးပါးညာဝါးဖြီးဖြန်းပေါ့၊ ခေါင်းတွေ မထောင်နိုင်အောင်ကိုက်နေတယ်၊ အစာအိမ်ရောဂါပြန်ထလို့ ဗိုက်တအားအောင့်နေတယ်၊ ဘာညာပေါ့"

ကိုယ်က ကျွေးချင်သူ၊ တွေ့ချင်သူဆိုတော့ လိမ်ညာသင့် လိမ်ညာရပါလိမ့်မည်။ ခွါညိုဝမ်းက သရဖို့ကို ဖုန်းလှမ်းပေးလိုက် ပါသည်။ သရဖိက ...

"ဘာလဲ"

"ကိုယ် အစာအိမ်ရောဂါပြန်ထနေပြီထင်တယ် သရဖိ ရယ်၊ ဗိုက်တွေအရမ်းအောင့်နေလို့"

"ဟင်' အဲဒါ သရဖိက ဘာလုပ်တတ်မှာလဲ၊ ဗိုက်အောင့် ရင် ဆေးခန်းသွားပြပေါ့"

သူက စိတ်ထဲကနေ ရက်စက်ပါပေ့ သရဖိရယ်ဟုသာ မြည်တမ်းလိုက်သည်။ လက်တွေ့ကတော့ လေချိုလေးနှင့် ...

"ဆေးသောက်လိုက်ရင်ရမှာပါ၊ ကိုယ်က သရဖို့ကို ဆိတ် သားနှပ်လေးနဲ့ထမင်းကျွေးချင်လို့ ... အဲ့ဒါ"

"တော်ပါပြီ၊ ရှုတင်မှာပဲစားလိုက်တော့မယ်၊ အစားတစ် လုတ်နဲ့အပင်ပမ်းခံမလာချင်တော့ဘူး၊ ဒါပဲလား"

"ဟင့် ... အင်း၊ မ မဟုတ်သေးဘူး သရဖိ၊ ကိုယ်က နွားနို့လည်းသောက်ချင်နေတာ၊ ပြီးတော့ ဆေးလည်းသောက်မှ ဖြစ်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာခက်လဲ၊ ဦးရဲဆွေကြီးရှိသားပဲ"

"အဲ ... ရဲဆွေက တုတ်ကွေးလားမသိဘူး၊ ချမ်းဖျားတွေ တက်နေတယ်"

"ကျွတ်"

ရဲဆွေက သူ့ကို မျက်လုံးကြီးပြူးပြီးကြည့်သည်။ သရဖီက စုတ်တစ်ချက်သပ်ပြီး ဖုန်းချသွားပုံထောက်တော့ မကြာခင်ရောက် လာပေတော့မည်။

"သူ ကူလီကူမာလုပ်တာနဲ့ ငါကပါ ချမ်းဖျားတက်ရတဲ့ အဖြစ်၊ ဒေါ်လုံးလည်းသတိထား၊ သူ့ကောင်မလေးချက်တဲ့ထမင်း စားချင်တာနဲ့ ဒေါ်လုံးကို မီးယပ်ရောဂါတွေ ရခိုင်းနေဦးမယ်"

"ဟဲ့ ... ဘယ်ကလာ၊ ငါ့အသက်ပဲခြောက်ဆယ်နားနီးနေ ပြီ၊ မီးယပ်ရောဂါဘယ်လို ဖြစ်ပါတော့မလဲ"

"သိဖူးလေ"

"စကားများမနေနဲ့ ရဲဆွေ၊ ဟိုကလာရင် အခန်းထဲသွား စောင်လေးဘာလေးခြုံနေ"

"ဩော် ... ဒုက္ခ၊ ငါက နေရင်းထိုင်ရင်း ပူကပူ၊ အိုက်က အိုက်နဲ့ စောင်ခြုံရဦးမယ်"

"မပိုနဲ့ အဲကွန်းဖွင့်ရင် အေးနေတာပဲ"

"ဉာဏ်ကြီးရှင်၊ ချမ်းဖျားတက်နေတဲ့သူ ဘယ်သူ အဲကွန်း ဖွင့်ပြီးနေမလဲ"

"ဟီး ... ဒါဆိုလည်း ဒီတိုင်းလေးခြုံနေကွာ"

"ဩော် ချစ်ဒုက္ခ ချစ်ဒုက္ခ"

"အောင်မာ၊ ငါ သရဖီကိုချစ်နေတာ မင်းသိတယ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား ရဲဆွေ"

"သိသားပဲ၊ ငါတင်မကဘူး၊ ဒေါ်လုံးတောင်သိတယ်"

"ဒါနဲ့များကွာ"

သူ ရဲဆွေကို တော်တော်အမြင်ကပ်သွားသည်။ ဒေါ်လုံးကတော့ရယ်နေ၏။

သူ့မှာတော့ သရဖီနှင့်အရင်လိုမတွေ့ရ၍ လွမ်းအားပိုနေသည်။ ယခင် သူတို့နှစ်ယောက်စလုံး အားနည်းချက်တွေရှိစဉ်က စားစား၊ သွားသွား၊ နေ့နေ့ညည အတူရှိရင်း လေ့ကျင့်ခဲ့ကြတာတွေကို သတိရသည်။

ယခုချိန် သူ စကားပြန်ထစ်ပြလျှင်ကော သရဖီ အရင်လို ဖေးမကူညီပါဦးမလား။ ကိုယ့်လမ်းကိုယ်လျှောက်သွားပြီမို့ သူ့ကို ဂရုစိုက်ပါဦးမည်လား။

"တီ"

"ဟော"

ကားဟွန်းသံကြား၍ ဒေါ်လုံးက ခြံတံခါးပြေးဖွင့်ပေးသည်။ ရိုက်ကွင်းကလာရတာဆိုသော်လည်း မှန်လုံ **Air Con** ကားနှင့်မို့ ရွှေမင်းသမီး ပင်ပန်းမည်မထင်ပါ။ သရဖီက ကျော့ကျော့လေး ဆင်းလာ၏။ ခွါညိုဝမ်းလက်ထဲတွင်တော့ နွားနို့ထုတ်ကို တွေ့ရသည်။

"ရှင့်ဗိုက်က ဘာတွေ မတဲ့တာစားလို့အောင့်ရတာလဲ"

အိမ်ထဲ ဝင်လျှင်ဝင်ခြင်း သရဖီက ဆီးဟောက်တော့သည်။ ဩော် သူ့မှာ သရဖီနှင့်များ ချစ်သူဖြစ်လျှင် ဒီထက်ပိုဆိုးပေလိမ့်မည်။ ဆိုးလည်း သူက ခံနိုင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com


"ပြောလေ ... ဘာတွေမတဲ့တာစားသလဲ"

"အဲ ... ဟို ... ဟို၊ ရှမ်းချဉ်"

"အစာအိမ်သမားက လက်လုပ်ချဉ်တွေနဲ့မတော်ဘူးဆိုတာ မသိတာလည်းမဟုတ် ... ဘာလို့သွားစားလဲ"

"ရဲဆွေပေါ့၊ ဝယ်လာပြီး ကိုယ့်ကိုမတဲ့မှန်းသိရဲ့နဲ့ တမင်ကျွေးတာ"

အခန်းထဲဝင် စောင်ခြုံကြီးနှင့်ရဲဆွေတစ်ယောက် သူ့ကိုမေတ္တာပို့နေလောက်ပြီ။

"နွားနို့နဲ့တဲ့တယ်ဆိုတာတော့မဝယ်လာဘဲနဲ့ ရှမ်းချဉ်ကျဒီ ဦးရဲဆွေက ဝယ်လာရသလား၊ ဟွန်း အသက်တွေကဖြင့် ကြီးနေပြီ၊ ဘာမှ နားမလည်ဘူး"

သရဖီက ပြောရင်းဆိုရင်း ရေခဲသေတ္တာဆီ လျှောက်သွားသည်။ ဒေါ်လုံးက ...

"ရေသောက်မှာလား၊ အအေးသောက်မှာလား ဒေါ်လုံးယူပေးပါ့မယ်"

"ရတယ် ဒေါ်လုံး၊ သရဖီ့ဖာသာယူသောက်ပါ့မယ်၊ နွားနို့ယူပြီးသာ မြန်မြန်ကြိုတိုက်လိုက်၊ ဟင်' ဒီထဲမှာ နွားနို့တွေရှိသားနဲ့"

"အဲ ... အဲဒါ မကောင်းတော့ဘူး၊ ကြာနေပြီ၊ ဒေါ်လုံးကသွန်မှ မသွန်တာ"

"ဟော့ တော်"

ဒေါ်လုံး မျက်လုံးပြူးသွားသည်။ အဲဒီနွားနို့ မနေ့ကမှဒေါ်လုံး ဈေးကဝယ်လာတာ။ သူ့ကို တစ်မနက်လုံးတိုက်သော်


www.burmeseclassic.com

www.burmeseclassic.com


လည်း မသောက်ချင်၍ ရန်လုပ်နေမိသေးသည်။ သရဖီက ...

"ခု မနက်စာဘာစားပြီးပြီလဲ? ဟင် ရှင့်ဆီက ဆိတ်သား ဟင်းနံ့တွေ ရနေပါလား လက်ဆောင်"

မိန်းမတွေများ တော်တော့်ကို အနံ့ခံကောင်းလွန်းလှပေသည်။ ဆေးလိပ်လေးတစ်ဖွာလောက်ဖွာထားမိလျှင်လည်း သူတို့သိသည်။ ဘီယာလေးတစ်ခွက်တစ်ဖလားခိုးသောက်ထားလျှင်လည်း သူတို့အနံ့ရသည်။ ယုတ်စွအဆုံး အိမ်ကကြောင်ကလေးချီးပါ၍ ကျုံးထားပြီးလျှင်တောင် အိမ်ထဲဝင်လိုက်သည်နှင့် ကြောင်ချေးနံ့ နံ့သည်ဟု ပြောတတ်သည်။

"အမဲသားတို့၊ ဆိတ်သားတို့က အစာမကြေလွယ်ဘူးဆိုတာ သိရဲ့နဲ့၊ ပြော ... ရှင် ဆိတ်သားနဲ့ထမင်းစားထားတယ်မဟုတ်လား ဟင်"

"ဟင့် ... အင်း သရဖီ၊ ဒေါ်လုံးက သရဖိတို့ကို ထမင်းကျွေးဖို့ရှုးခပ်ရင်း ဆိတ်သားပန်းကန်ကြီးနဲ့ ကိုယ့်ကို ဝင်တိုက်ထားလို့ပါ"

"ဟယ်"

— ရာ ရာ —


www.burmeseclassic.com

www.burmeseclassic.com

## ၇ --- (၁၅) --- ၇

သူ, သရဖီကို ချစ်ခွင့်ပန်ဖို့ ကျားချောင်းသလို ချောင်းတယ်ပဲပြောပြော၊ ကြောင်ချောင်းသလို ချောင်းတယ်ပဲဆိုဆို အခါကောင်းအခွင့်ကောင်းကို စောင့်နေခဲ့သည်။

အရင်လို သရဖီနှင့် အမြဲတွေ့ရဖို့က မလွယ်တော့ပေ။ သရဖီအားချိန်ကို သူ, ဂရုစိုက်၍စောင့်ကြည့်ရသည်။ ကားရိုက်ဆက်၍ လုံးဝအားချိန်မရှိလျှင်လည်း ထမင်းစားနားချိန်တွေ့ရအောင် ကူလီကူမာဉာဏ်များနှင့်အမြဲကြံဖန်ရသည်။

"မနက်ဖြန်နေ့ကောင်းတယ်ကွ၊ ငါ သရဖီကို ဖွင့်ပြောလိုက်တော့မယ်"

"ရည်းစားစကားပြောတာများကွာ၊ နေ့ကောင်းရက်သာ



www.burmeseclassic.com

www.burmeseclassic.com



ရွေးနေရသေးတယ်"

"နေ့ကောင်းတယ်ဆိုတာ ပြဿဒါး၊ ရက်ရာဇာကိုပြော တာမဟုတ်ဘူး ရဲဆွေရ၊ ညနေတစ်ခင်းလုံး သူရော၊ ငါရော ရှုတင် မရှိဘဲ အားတာကိုပြောတာ"

"အေးပါ၊ မင်းအိမ်နဲ့မင်းရဲ့ နောက်ဆက်တွဲဖြစ်လာမယ့် ကိစ္စတွေနိုင်ရင်လုပ်လေ၊ ပြီးမှ ငါ သတိမပေးဘူးမပြောနဲ့"

"အောင်မာ၊ ဘာဖြစ်ရဦးမှာလဲ"

ပြောသာပြောလိုက်ရသော်လည်း သူ့စိတ်ထဲ တစ်ချက် တော့ တွန့်သွား၏။ သို့သော် ချက်ချင်းခေါင်းထဲက ထုတ်ပစ်လိုက် သည်။ ပြီး ... ပေါ့ပေါ့ပါးပါးဖြစ်စေရန် လေတစ်ချက်ပင် ချွန်လိုက် သေးသည်။

"ရှိ ရှိ"

သူသည် အတိတ်မှာကျန်ခဲ့သော အကြောင်းကိစ္စကြီးငယ် တွေကို ခေါင်းထဲမထားချင်တော့ပေ။ သူ့ခေါင်းထဲမှာရော သူ့ ရင်ထဲမှာပါ သရဖီက နေရာယူစိုးမိုးထားလေသည်။ ယခုအချိန် တွင် သရဖီကလွဲ၍ သူ့အတွက် ဘာမှအရေးမကြီးပါ။

"မနက်ဖြန်ကျရင် ခွါညိုဝမ်းကို ဆွဲထုတ်သွားပေါ့၊ မင်းတို့ နှစ်ယောက်စားချင်တာသာသွားစား ... ကြားလား ရဲဆွေ"

"အေးပါကွာ၊ အေးပါကွာ၊ မင်းဖာသာ လုပ်ချင်သလိုသာ လုပ် ... မင်းသဘောပဲ"

သူ ရဲဆွေကို ငေးကြောင်၍သာကြည့်နေမိသည်။ ရဲဆွေ ပုံစံမှာ ဖြစ်ချင်ရာဖြစ်ဆိုသောလက်လျှော့သည့်ပုံစံမျိုးသက်ရောက် နေသည်။ ဘာပဲဖြစ်ဖြစ် သူကိုယ်တိုင်လည်း နောင်ခါလာနောင်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဈေးဟုသဘောထားကာ နေလိုက်သည်။

နောက်တစ်နေ့ညနေတွင် သရဖီ့ကို ပေါ့ပါးလန်းဆန်းသောအသွင်ဖြင့်တွေ့ရ၏။

"ဝါး ... မင်္ဂလာရှိသောနေ့ပါပဲ၊ ဒီတစ်ကြောလုံး မနားမနေနဲ့ ဇာတ်ကားတွေရိုက်ခဲ့ရတာ ခုမှပဲ နားချိန်လေးရတော့တယ်"

သရဖီက သူ့ကိုတွေ့တော့ ရွှင်လန်းစွာ ဆိုသည်။ သူက

"ကိုယ်တို့ ဒီအချိန်လေးကို အကျိုးရှိရှိအသုံးချရမယ်၊ စားချင်ရာစား၊ သွားချင်ရာသွား၊ မကောင်းဘူးလား"

"တော်ပြီ၊ အိမ်မှာပဲ နားနားနေနေနဲ့နားတော့မယ်၊ အပြင်ဘယ်မှ မသွားချင်ဘူး"

သူ့ရင်ထဲ 'ဟိုက်'ခနဲဖြစ်အောင်ပင် ထိတ်လန့်သွားသည်။ ဒီပုံအတိုင်းဆို သူ့အစီအစဉ်တွေ ပျက်ရချေတော့မည်။ သူသည် ဦးချိုတူးမျက်နှာ၊ ခွါညိုဝမ်းနှင့် အင်ကြင်းဝမ်းမျက်နှာ၊ ရဲဆွေမျက်နှာတို့ကို အားကိုးတကြီး တစ်ယောက်ချင်းလိုက်ကြည့်နေမိလေသည်။

"အနားယူတာများ တစ်ညလုံးယူပါလေ့၊ မသရဖိနဲ့ကိုကြီးတို့အားတဲ့ရက်ဆုံဖို့ဆိုတာ ခဲယဉ်းတယ်၊ ကိုကြီးပြောတဲ့အတိုင်းတစ်နေရာရာသွားအနားယူရင်း စားချင်တာစားပေါ့၊ မသရဖီကမသွားချင်ဦးတော့ မခွါညိုနဲ့ဦးရဲဆွေအတွက် ထည့်တွက်လေ"

အင်ကြင်းဝမ်းက ထိုသို့အကြံဉာဏ်ကောင်းမျိုးပေးတတ်သည်။ ကလေးဆိုပြီး လူရာမသွင်းဘဲနေလျှင် အမှားကြီးမှားသွားပေလိမ့်မည်။ သရဖီ့အချစ်ကိုသာ ပိုင်ဆိုင်ခွင့်ရပြီးလျှင် ခယ်မငယ်လေးအား ဂိမ်းစက်အသစ်တွေလဲပေးလိုက်ဦးမည်။



www.burmeseclassic.com

www.burmeseclassic.com


"အချိန်အားရတာနဲ့ ဟော့ပေါ့စားဖို့ပြောနေတာပဲကြာလှပြီ၊ သရဖီမအားတာနဲ့ ငါလည်း မစားရတော့ဘူး၊ ဒီအတိုင်းသာ သေသွားလို့ကတော့ စားချင်တာလေးတောင် စားလိုက်ရမှာမဟုတ်ဘူး၊ ဟာင်း"

ခွါညိုဝမ်းကထိုသို့ဝင်ပူဆာသည်။ သူ ကျေးဇူးတင်ရပြန်သည်။ အလိုက်သိလွန်းပေစွတကား။

ဦးချိုတူးက ...

"လေဆိပ်က စားသောက်ဆိုင်မှာ သွားစားကြလေ၊ အစားအသောက်လည်းကောင်းတယ်၊ အနားယူဖို့လည်းကောင်းတာပဲ"

"ဟုတ်တယ်၊ အဲဒါကောင်းတယ်"

ရဲဆွေက ထောက်ခံလိုက်သည်။ သူလည်း သဘောကျသည်။ စားသောက်ခန်းက ကျယ်ဝန်းပြီး အအေးမျိုးစုံနှင့်အဖျော်ယမကာဘားလည်း သီးသန့်ရှိသည်။ လက်ဖက်ရည်ဆိုင်နှင့်အသုပ်၊ မုန့်ဟင်းခါးတွဲလျက်ဆိုင်လည်း ခြံဝင်းထဲမှာပဲရှိသည်။ အပျင်းပြေကစားရန် ဘိလိယက်ခုံရှိသည်။ ဆိုင်အနောက်အောက်ဖက်တွင် ငါးမျှား၍ရသော ရေအိုင်လည်းရှိသည်။ ပန်းခြံ၊ ငှက်လှောင်အိမ်၊ ငါးမွေးကန်တို့ဖြင့် တိတ်တိတ်ဆိတ်ဆိတ် သီးသီးသန့်သန့်ရှိသောဆိုင်ဖြစ်သည်။

"နင် သိပ်လျှာရှည်တာပဲ ကလေးစုတ်"

သရဖီက အဝတ်အစားလဲရန် အခန်းထဲဝင်စဉ် အင်ကြင်းလိုက်လာ၍ အပြစ်တင်စကားကိုဆိုလိုက်သည်။ အင်ကြင်းက ...

"မဟုတ်ဘူး မမရဲ့၊ ဒီနေ့က မင်္ဂလာရှိတဲ့နေ့ပါဆို ... မွေမင်းသားက ဒီနေ့တော့ မမကို ရည်းစားစကားပြောလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"အံ့မယ်၊ နင်နော် အင်ကြင်း ... ကလေးက ကလေးစကား မပြောဘဲနဲ့ ... ဟင်း"

"ရော် ... အဲဒီကလေးစကားက သွေးထွက်အောင် မှန်နေရင် မမ ဘာပေးမလဲ"

"အင်"

သရဖီ နည်းနည်းတော့တွန့်သွားသည်။ အရင်အဖြစ်အပျက်တွေက နမူနာပြထား၍ အင်ကြင်းကို လျှော့တွက်၍မရပါ။

"ကိုကြီးက မမငြင်းပယ်ရမယ့်လူမျိုးမဟုတ်ဘူးလေ၊ မမတို့နှစ်ယောက်က နေနဲ့လ၊ ရွှေနဲ့မြပဲဟာ ဦးကြီးကိုယ်တိုင်လည်း သဘောကျတယ်"

"အင်း ... လေ"

"မငြင်းဘူးမဟုတ်လား"

"ဟယ် ... ဒီကောင်မလေး"

သရဖီ ညီမဖြစ်သူကို ရှက်သွားသည်။ ကာယကံရှင်က ဘယ်သို့ရှိသည်မသိ။ သရဖီမှာ အိပ်ခန်းထဲက ထွက်လာရတာပင် ရှိုးတိုးရှန့်တန့်ဖြစ်နေရ၏။

"ဟာ"

သူက အခန်းထဲကထွက်လာသော သရဖီကိုကြည့်ပြီး အံ့သြသွားသည်။ ပြောရမည်ဆိုလျှင် သရဖီသည် အံ့သြစရာ မဟုတ်ပါ။ အံ့သြစရာကား သရဖီဝတ်ထားသောဝတ်စုံ အဖြူရောင်ပင်ဖြစ်သည်။ သူ့အချစ်ကို သရဖီလက်ခံမည်ဆိုပါက အဖြူရောင်ဝတ်လာပါစေဟု မကြာခင်ကပင် အစီအမံဖွင့်ပြခဲ့သည် မဟုတ်ပါလား။ ခုတော့ ...



www.burmeseclassic.com

www.burmeseclassic.com


"တစ်ခါတလေ အပျင်းပြေလိုက်သွားပါလား ကလေး"

"လိုက်ချင်ပါဘူး ဦးကြီးရယ်၊ အဲသလိုလိုက်ရတာကို ကျွန်တော်က ပိုပျင်းတယ်၊ အဲ စားစရာတစ်ခုခုသာဝယ်လာခဲ့"

အင်ကြင်းက ပြောရင်းဖြင့် သူ့ကို မျက်စိတစ်ဖက်လှမ်း မှိတ်ပြသည်။ သူ ကျေနပ်သွားရပြန်၏။ ဒါ အခြေအနေကောင်း သည့်သဘောပင်။

"ဟဲ့ ... သွားမယ်"

ရသည့်အချိန်လေးကို သီချင်းခွေဖွင့်၍ လိုက်ဆိုနေသော ခွါညို့ကို သရဖီက လှမ်းအော်သည်။ တဖြည်းဖြည်း ဆင်ခန္ဓာနှင့် တူလာသော ခွါညိုမှာ အလုံးလိုက်ကြီးလိုမ့်လာသည်နှင့်တူလှ၏။

"ဧည့်သည်တွေရှိရင် သီချင်းဖွင့်ပြီး လိုက်မဆိုနဲ့လို့ မခွါညို ကို ပြောထားရတယ်၊ ဒါလည်း အမှတ်မရှိဘူး"

"ဟင်! ဘာဖြစ်လို့လဲကလေးရဲ့"

"နောက်မလာတော့မှာစိုးလို့"

သူတို့အားလုံး ရယ်မောလိုက်ကြလေသည်။

--- ဏ ဏ ---


www.burmeseclassic.com

www.burmeseclassic.com

## ❀ --- (၁၆) --- ❀

တစ်နေ့။

ထိုတစ်နေ့က ရာသီဥတုသာယာပါ၏။

သို့သော် ... ရာသီဥတုသာယာလျက် ... မုန်တိုင်းက ဝင်ရောက်မွှေနှောက်လာခဲ့လေသည်။

သူသည် အကြောင်းမကြားဘာမကြားနှင့်ရောက်လာကြသော ဖေဖေနှင့်မေမေ၊ အန်တီကြီးကိုမြင်တော့ အံ့ဩသွားသည်။

ထို့နောက် ကားပေါ်မှ ပစ္စည်းပစ္စယပေါင်းများစွာ သယ်ချနေတာမြင်သောအခါ ပို၍ အံ့ဩရလေသည်။

"ဖေဖေတို့မေမေတို့ကလည်း လာမယ်ဆို ဖုန်းလေး တစ်ချက်တောင် မဆက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ကိုယ့်အိမ်ကိုယ်လာတာ ဘာဖုန်းဆက်စရာလိုသကဲကွ၊ ငါတို့ဆီမှာ ဝင်းတံခါး၊ အိမ်တံခါး သော့ပိုတွေရှိနေတာပဲ"

"အမ်"

"ကျွန်တော်က ကြိုတင်ပြီး ဝမ်းသာချင်လို့ပါဗျာ"

"ပြောလို့မရဘူးလေ၊ ဖုန်းဆက်လို့ တို့တွေလာမယ်မှန်း သိရင် မင်းက ရှောင်ချင်ရှောင်နေမှာကိုးကွယ့်"

"ဗျာ"

မေမေ ဘာကိုဆိုလိုတာပါလိမ့်။ ကြည့်ရတာ သိပ်တော့ မဟုတ်။ ဖေဖေ့ပုံစံကလည်း တစ်ခုခုကို ပြတ်ပြတ်သားသားလုပ်တော့မည့်ပုံစံ။ အန်တီကြီးကတော့ ဒရိုင်ဘာနှင့်အတူ ပစ္စည်းတွေ နေရာချနေသည်။ ဒေါ်လုံးပါ ကူနေရ၏။ အခြေအနေကြည့်ရတာ အထာတစ်ဖြုတ်နေကြမည့်ပုံမပေါ်။ တစ်ခုခုတော့ တစ်ခုခုပါပဲ။

"ကဲ၊ ထိုင်စမ်းပါဦး လက်ဆောင်ရ ... မင်းက ဘယ်လို အချိုးမျိုးတွေ ချိုးနေသလဲ၊ မင်းကို ငါတို့က လုပ်ချင်ရာ လုပ်ခွင့် ပေးထားတယ်ဆိုတာ စီးပွားရေးနဲ့ မင်းဝါသနာကွ၊ တခြားကိစ္စ မပါဘူး"

ဖေဖေက ရောက်ရောက်ချင်းဆောက်နှင့်ထွင်းဆိုသလို ဧည့်ခန်းတွင်ထိုင်မိသည်နှင့်ဘီလူးဆိုင်း စ,တီးတော့သည်။

"မင်းလည်း ပညာစုံပြီ၊ အောင်မြင်မှုလမ်းကြောင်းပေါ် တည်းရောက်ပြီ၊ ဒီတော့ ..."

သူ့ရင်သည် ထိတ်ခနဲခုန်လေ၏။ အတိတ်တစ္ဆေက သူ့ကို ခြောက်တော့မည်ထင်သည်။

"ဒီတော့ကွာ ... လွန်ခဲ့တဲ့နှစ်တွေက လူကြီးချင်းပြောဆို


www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ သျှားအိနဲ့ ကိစ္စပြောချင်တာပဲ"

"ခင်ဗျာ"

သူ့ငယ်ထိပ်ကို မိုးကြိုးအကြိမ်တစ်ရာပစ်သလို ခံစားလိုက်ရသည်။ ဒီကိစ္စကြီးက သူ့အဖို့ ကာလများစွာမေ့လျော့နေခဲ့သော ကိစ္စ။

"သားကိုယ်တိုင်လည်း မငြင်းဘဲ ခေါင်းညိတ်လက်ခံခဲ့ပြီး သားလုပ်ချင်ရာသာလုပ်ခွင့်ပေးပါလို့ ကတိခံခဲ့တယ်မဟုတ်လား"

မေမေကပါ ဖေဖေ့ဘက်က ဝင်ထောက်ခံပြောသည်။ သူ ရေငုံနှုတ်ပိတ်နေလိုက်သည်။ မေမေကဆက်ပြီး ...

"ခု တို့များက မင်္ဂလာကိစ္စကို အမြန်ဆုံးဆောင်ရွက်ချင်ပြီကွယ့်"

"ဟာ ... ဒါ ဒါ တော့ ဘယ် ဘယ်ဖြစ်နိုင်ဦးမလဲ မေမေရယ်၊ ကျွန်တော်က ခုမှ အောင်မြင်ခါစရှိသေးတာ ... အိမ်ထောင်ပြုလိုက်ရင် နာမည်ကျသွားမှာပေါ့"

"အိုး ... ဟိုး၊ ဒီလိုဆင်ခြေမျိုးတော့ ဖေဖေတို့ကိုမပေးနဲ့ အနုပညာလောကမှာ အိမ်ထောင်သည်မင်းသားတွေမှ အများကြီးပဲ၊ သူတို့ကိုယ်တိုင် လျှမ်းလျှမ်းတောက် အောင်မြင်နေကြတာ အားလုံးသိတယ်"

"သားဖေဖေပြောတာဟုတ်တယ်၊ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်လှတဲ့သားရဲ့အနုပညာကို ဘယ်အရာကမှ အဟန့်အတားမဖြစ်နိုင်ဘူးဆိုတာ မေမေတို့တောင်နားလည်တယ်"

"ဘာပဲဖြစ်ဖြစ် စောလွန်းပါသေးတယ်ဗျာ"

"မစောလို့လည်းမဖြစ်ဘူးလေ၊ မင်းသတင်းတွေက တယ်



www.burmeseclassic.com

www.burmeseclassic.com


မွေးသကိုးကွ၊ တော်ကြာ ငါတို့လူကြီးချင်းမျက်နှာပျက်နေရဦးမယ်၊ မဟုတ်ဖူးလား"

"ဟုတ်တယ်၊ ငါ့တူလေးရေ ... သျှားအိလေးက ငါ့တူနဲ့ အသင့်တော်ဆုံးပဲ"

အန်တီကြီးကပါ ဝင်ပြောပြန်သည်။ ဒါ အကြောင်းတစ်ခုခုတော့ရှိရမည်ဟု သူထင်ခဲ့တာ မှန်နေပြီ။

"ဟော့ကောင်ရဲဆွေ၊ မင်း ငါ့အကြောင်းတွေ အိမ်ကို ဘာချွန်ထားသလဲ"

သူက ရဲဆွေဘက် လှည့်မေးလိုက်သည်။

"ဟော' မင်းက ဘာမဟုတ်တာလုပ်ထားတာရှိလို့ ငါက ဘာချွန်ရမှာလဲ"

"မောင်ရဲဆွေကို ဘာမှပြောမနေနဲ့ မင်းသတင်းတွေ ငါတို့ ဖာသာကြားတာ"

သူ တွေသွား၏။ စိတ်လည်းရှုပ်သွားသည်။ ဒုက္ခနှင့်လှလှတော့တွေ့ကြပြီ။

ဟိုစဉ်က အချစ်ဆိုတာ ဘာမှန်း မသိ၊ မမြင်၊ မခံစားရခင်တုန်းက ကိုယ်လုပ်ချင်ရာလုပ်ရဖို့ ... ပြီးပြီးရော ခေါင်းညိတ်ခဲ့မိတာ ခုတော့ ... ကိုယ့်ရှူးကိုယ်ပတ်ပြီ။

"သျှားအိတို့မိသားစုလည်း အတူပါလာကြတယ်၊ သူတို့လည်း ဒီမှာ အခြေချဖြစ်ဖို့များတယ်၊ ဒါကြောင့် မင်္ဂလာပွဲကို ဒီမှာတစ်ပွဲ၊ မန္တလေးမှာတစ်ပွဲလုပ်မယ်"

"ရီးတီးယားတားတော့မလုပ်နဲ့ကွ၊ မင်းရဲ့ဘာလိုလို ညာလိုလိုဇာတ်လမ်းတွေရှိရင်လည်း ခု ဖြတ်တော့"


www.burmeseclassic.com

www.burmeseclassic.com


မုန်တိုင်းက အလုံးအရင်းနှင့်ဝင်လာသည်။ အားပျော့ပျက်ပြယ်သွားဖို့ရန် လမ်းမမြင်။ ဆက်လက်အားကောင်းဖို့သာဖြစ်နိုင်သည်။

ဒီကြားထဲ သျှားအိမ်တို့သားအမိ ရန်ကုန်ရောက်ကတည်းက သူတို့အိမ်တွင် နေ့နေ့ညညရောက်နေတတ်သည်။ သူ, ရှူတင်က ပြန်လာလျှင် တစ်ကြိမ်မဟုတ်တစ်ကြိမ် ဆုံသည်ပင်။

"နင်နဲ့အတူ ညစာစားပြီးမှ ပြန်မလို့စောင့်နေတာ၊ ဒီလိုမှမဟုတ်ရင် နင့်ကိုတွေ့ရဖို့မလွယ်ဘူးလေ ... အဟင်း ဟင်း"

သျှားအိနှင့်မျက်နှာချင်းဆိုင်တိုင်း သူ ခပ်အမ်းအမ်းဖြစ်ရသည်။ အားနာတာလား၊ မျက်နှာပူတာလား ဘာမှန်းကို မသိတော့ပေ။

"နင်က အရင်လိုမဟုတ်တော့ဘူးနော် လက်ဆောင်"

"ဟင်' ငါက ဘယ်လိုဖြစ်နေလို့လဲ"

"မန္တလေးမှာနေတုန်းက နင့်ပုံစံက ဒီလိုမဟုတ်ဘူး၊ ခုကနာမည်ကြီးမင်းသား၊ မိန်းကလေးတွေဝိုင်းဝိုင်းလည်နေတော့ မာနကြီးသွားပြီထင်တယ်"

"မဟုတ်တာဟာ၊ ဒါ မာနကြီးစရာမှမဟုတ်ဘဲ၊ နင် ထင်လို့ပါ"

"ငါ့ဘက်ကတော့ အရင်တိုင်းပဲ၊ ဘာမှမပြောင်းလဲဘူးလက်ဆောင်၊ အင်းလေ ... နင့်ဘက်ကလည်း ပြောင်းလဲလိမ့်မယ်လို့ မထင်ပါဘူး၊ ပြောင်းလဲလို့လည်း မရဘူး၊ ငါတို့ကိစ္စကို မိဘအသိုင်းအဝိုင်းကလည်း အကုန်သိတယ်၊ တို့တွေအပေါင်းအသင်းအားလုံးလည်း သိကြတယ်၊ အဲဒီတော့ ..."


www.burmeseclassic.com

www.burmeseclassic.com


သျှားအိ ဘာကိုဆိုလိုမှန်း သူ ကောင်းကောင်းသိသည်။ သိသော်လည်း သူ ဘာလုပ်ရမည်နည်း။ ဆိတ်ဆိတ်သာ နေလိုက်ရသည်။

"နင် ကကြိုးကကြောင်လုပ်လို့ ငါတို့ကိစ္စအလွဲလွဲ အချော်ချော်မှားယွင်းသွားရင် ငါ့အမေအရင်သေမှာ၊ ငါ့အမေက နှလုံးရောဂါနဲ့၊ ပြီးတော့ အရက်နဲ့ ဂုဏ်သိက္ခာနဲ့ နေလာတာ၊ တစ်သက်လုံ ဘဝကို အမှားအယွင်းမရှိနေလာခဲ့တယ်ဆိုလည်း မမှားဖူး၊ နင့်ကို ငါ ယုံကြည်စိတ်ချပါရစေ"

ခုတော့ ခက်ပြီ။ သျှားအိပြောသမျှ တစ်ခုမှ အမှားမပါပါ။ မှားခဲ့တာက သူသာဖြစ်သည်။ သို့သော် သူ့အမှားကို သူလည်း မပြင်နိုင်တော့။ သရဖို့ကို သူ သိပ်ချစ်သည်။ သရဖိနှင့်ခွဲရဖို့က မဖြစ်နိုင်ပါ။ သျှားအိကို ရက်စက်လိုက်ပြန်လျှင်လည်း ပတ်ဝန်းကျင်တွင် ခေါင်းမဖော်ရဲဘဲ ရှက်တာနှင့်သျှားအိမိခင် အမှန်တကယ်ပင် သေလိမ့်မည်။

သူသည် တစ်သက်နှင့်တစ်ကိုယ် စိတ်မညစ်စဖူး အကြီးအကျယ် ညစ်ညူးနောက်ကျိရှုပ်ထွေးသွားလေ၏။

"ကယ်တော်မူကြပါဗျို့"ဟုသာ ဟစ်အော်လိုက်ချင်ပါတော့သည်။

--- ဂု ဂု ---


www.burmeseclassic.com

www.burmeseclassic.com

## ဏ --- (၁၇) --- ဏ

"ဟာင်' နင် တကယ်ပြောတာလား ရွှန်းရွှန်း"

"ဟဲ့ ... ငါက မဟုတ်တာဘဲပြောပါ့မလား၊ ဒီမှာ ငါကဖြင့် မအားတဲ့ကြားကလာခဲ့ရတာ၊ နင့်ကိုတွေ့ရဖို့ကလည်း ခက်လိုက်တာလွန်ရော သရဖီရယ်"

ရွှန်းရွှန်းဆိုတာက သရဖီ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ဖြစ်သည်။ စတိတ်ကျောင်းကတည်းက တက္ကသိုလ်နောက်ဆုံးနှစ်အထိ တတွဲတွဲရှိခဲ့ရာမှ ကျောင်းပြီးပြီးချင်း ရွှန်းရွှန်းက နိုင်ငံခြားထွက်သွားသည်။ ယခု ရွှန်းရွှန်းအလုပ်ကလည်း နိုင်ငံခြားကို အိမ်ဦးနှင့်ကြမ်းပြင်လို ဝင်ထွက်နေရသည်။

ထို့ကြောင့် သရဖီနှင့် မတွေ့ဖြစ်တာကြာပြီ။ လူချင်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဖြစ်သော်လည်း ဖုန်းဆက်၍ မကြာခဏစကားပြောဖြစ်ကြသည်။ ခုလည်း ရွှန်းရွှန်းက ဖုန်းဆက်၍ပြောစရာရှိသည်ဆိုသောကြောင့် ရှုတင်ပြီးပြီးချင်း အိမ်သို့တန်းပြန်လာခဲ့ရသည်။

ရွှန်းရွှန်းနှင့်တွေ့တော့ မေ့နေခဲ့တာကြာပြီဖြစ်သောအတိတ်ကို ပြန်သတိရမိသည်။ ရွှန်းရွှန်းသည် အတိတ်ထဲကအကြောင်းအရာတို့ကို သယ်ဆောင်လာခဲ့သည်။

"ငါနဲ့လေဆိပ်မှာတွေ့တာ ... နှင့်ကို ဖုန်းမဆက်ဘဲနောက်မှ အံ့သြသွားအောင် အိမ်ကိုလာမလို့တဲ့"

"နှင့်ကို အဲသလိုပြောသွားတာပေါ့ ဟုတ်လား ရွှန်းရွှန်း"

"အင်းပေါ့၊ အဲဒါ နင် ဘယ်လိုလုပ်မလဲ သရဖီ၊ အစကတည်းက နင်နဲ့ထွန်းထွန်းက ပြတ်ပြတ်သားသားမှ မဟုတ်တာ"

သရဖီ သက်ပြင်းကို မှုတ်ထုတ်ရင်း စိတ်ပျက်လက်ပျက်ခေါင်းကိုခါရမ်းမိသည်။ တကယ်တော့ သရဖီနှင့်ထွန်းသက်တင်မှာ တက္ကသိုလ်ကတည်းက တတွဲတွဲနေလာသူ ဖြစ်သည်။

အဲဒီနောက် အချစ်ဆိုတာ ဘာမှန်းညာမှန်းမသိနားမလည်ဘဲ ထွန်းသက်တင် နိုင်ငံခြားမသွားခင် ချစ်သူဘဝ ရောက်ခဲ့သည်။ အစဦးကာလများ၌ တစ်ခါနှစ်ခါလောက်သာ ဖုန်းဆက်စာရေး ရှိခဲ့သော်လည်း နောက်ပိုင်းတွင် သူရော၊ ကိုယ်ရော မေ့မေ့ပျောက်ပျောက်၊ ပြီးပြီးပျောက်ပျောက်ဖြစ်သွားကြသည်။ သရဖီ့ခေါင်းထဲလည်း ထွန်းသက်တင်မရှိတော့သလို၊ ထွန်းသက်တင်ခေါင်းထဲလည်း သရဖီရှိတော့မည်ဟု မထင်ပါ။

အရာရာပြီးဆုံးပြီး ခေါင်းထဲဘာမှမရှိတော့သည့်အချိန်ကျမှပြဿနာက အလစ်အငိုက်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ! ရွှန်းရွှန်းပါလား၊ အောင်မလေး မတွေ့ရတာကြာလို့ လူတောင်မှားတယ် ငါ့တူမရယ်၊ ဦးကြီးတို့ကို သတိတော့ရသေးတယ်ပေါ့"

အပြင်မှပြန်လာသော ဦးချိုတူးက ရွှန်းရွှန်းကို မြင်သည်နှင့်အားရဝမ်းသာပြောသည်။

"အံမယ်၊ ဦးကြီးက ရွှန်းရွှန်းကိုသာပြောနေတယ်၊ ဦးကြီးတူမကရော ဖုန်းလေးတစ်ချက်တောင်ဆက်အားလို့လား"

"ဟေ ဟား ဟား ဟား၊ အေးကွာ ညည်းတို့သူငယ်ချင်းနှစ်ယောက်က ကမ္ဘာမှာ အလုပ်အများဆုံးသူတွေပဲ၊ အေးအေးဆေးဆေးပဲ မဟုတ်လား၊ ထမင်းစားပြီးမှပြန်၊ ဒါမှမဟုတ်"

"ရွှန်းရွှန်း ဒီမှာ ညအိပ်မှာဦးကြီး"

"ကောင်းတယ် ကောင်းတယ်၊ လွတ်လွတ်လပ်လပ်နေ စားချင်တာပြော ဦးကြီးသွားဝယ်ပေးမယ်၊ ကြားလား ကဲ … ဦးကြီး ခဏနားဦးမယ်"

"ဟုတ်"

ဦးချိုတူးက သူ့အခန်းထဲသူ ဝင်သွားသည်။ ထိုအခါမှ ရွှန်းရွှန်းက စကားဆက်သည်။

"နင် ဟင့်အင်းမင်းသားကို ဟုတ်ကဲ့ဆိုတဲ့အဖြေပေးလိုက်ပြီမဟုတ်လား သရဖီ"

သရဖီက ခပ်မဲ့မဲ့လေးဖြင့် ခေါင်းကို အသာညိတ်ပြလေသည်။ ပြီးမှ …

"သူ့ ငါ့ကို ချစ်ရေးဆိုထားတာကြာပြီ၊ ဟိုတစ်ပတ်ကမှ အဖြေပြန်ပေးလိုက်တာ … ငါလေ … သူ့ကို တကယ်ချစ်သွား



www.burmeseclassic.com

www.burmeseclassic.com


တာပါဟာ ... သူ့ မရှိရင် ငါ့ဘဝ မပြည့်စုံဘူးဆိုတာ ... ငါ့ကိုယ် ငါသိတယ်၊ ထွန်းထွန်းကိုကျ တကယ်ချစ်ခဲ့တာမှ မဟုတ်ဘဲ၊ အတူ ရှိနေရင်း အချစ်ဆိုတာကို နားမလည်ဘဲ အလွယ်တကူ အမှတ် တမဲ့ ခေါင်းညိတ်ခဲ့မိတာ..."

"အင်းလေ ... ဒါကို ငါက နားလည်တယ်၊ ယောကျ်ား တွေက နားလည်ပါ့မလား၊ လက်ဆောင်က နင်နဲ့ သင့်တော် လိုက်ဖက်တာတော့အမှန်ပဲ၊ ငြင်းစရာလည်း မရှိဘူး၊ ခက်တာက နင့်, အချစ်ကိုတွေ့တာ နောက်ကျသွားတာပဲ"

"အေးပေါ့ဟာ၊ မိန်းမတစ်ယောက်အနေနဲ့ ယောကျ်ား တစ်ယောက်ရဲ့အချစ်ကို သေချာမစဉ်းစား၊ မဆင်ခြင်ဘဲ ခေါင်း ညိတ်ခဲ့မိတာက မဟာအမှားကြီးပဲပေါ့ ရွှန်းရွှန်းရယ်၊ ငါ, ဘာလုပ် ရမလဲဟင်"

"ခက်တာပဲဟာ၊ နင်တို့လို အနုပညာသမားတွေကို နဂိုက မှ ဘာမဟုတ်တဲ့အရာလေးတောင်ပုံကြီးချဲ့ ပြောချင်ကြတာ"

"ထွန်းထွန်းကို ပွင့်ပွင့်လင်းလင်းပြောပြလိုက်ပြီး ပြတ် ပြတ်သားသားလုပ်ရအောင်ကလည်း မိန်းကလေးတစ်ယောက် အနေနဲ့ သိပ်ပြီး မျက်နှာပြောင်ရာကျမှာပဲနော် ရွှန်းရွှန်း"

"ဒါတော့ အမှန်ပဲ သရဖီ၊ အရမ်းတော့ စွတ်မလုပ်လိုက် နဲ့ ... တဖြည်းဖြည်းချင်းရှောင်ပြီး မသိမသာဖြတ်လိုက်တာကောင်း မယ်ထင်တယ်၊ အဲဒါဆိုရင် စိတ်ပျက်ပြီး သူ့ဟာသူ နောက်ဆုတ် သွားလိမ့်မယ်"

"နင် ပြောသလိုမဖြစ်ရင်ရော ရွှန်းရွှန်း"

"အင်းနော်၊ ဒါလည်း မသေချာဘူး၊ ထွန်းထွန်းက ပြန်


www.burmeseclassic.com

www.burmeseclassic.com



မလာရင်လည်း ဖြစ်နိုင်ပေမယ့် အခု ဒီမှာ ရှိနေတော့ ခက်တယ်၊ ပြီးတော့ ... နင်က သိပ်လှတယ်လေ"

"ဟူး ... ဒုက္ခပါဘဲ ရွှန်းရွှန်းရယ်၊ ငါ့အဖြစ်ကြီးက ရှက်စရာကြီး၊ အဲဒီ ထွန်းထွန်းကလည်းလေ ... ခုချိန်မှ ဘာလို့ ပေါ်လာရတာတဲ့လဲ၊ ပြောတော့ဖြင့် ဟိုမှာပဲ အခြေချတော့မလိုလိုနဲ့"

သရဖီက ပြောပြီး သက်ပြင်းရှည်ကြီးကိုချသည်။ ထွန်းသက်တင်ဆိုတာကလည်း အဖက်ဖက်က ပြည့်စုံပြီး ငြင်းပယ်စရာမရှိသူပေမယ့် ... သရဖီ့ရင်ထဲက အမှန်တကယ်ချစ်မြတ်နိုးသူကိုသာ ထာဝရ လက်တွဲဖော်အဖြစ် ရွေးချယ်ချင်ပါသည်။

"လက်ဆောင်နဲ့နင်နဲ့က ဘယ်လိုအစီအစဉ်တွေ ဆွဲထားသလဲ သရဖီ"

"ရှေ့ရေးနဲ့ပတ်သက်လို့ ဘာမှ တိတိပပမပြောရသေးပါဘူးဟာ၊ သူနဲ့ငါက ရှုတင်နားချိန်လေးလောက်သာ အပြေးအလွှားတွေ့ကြရတာ ... သူနဲ့ငါနဲ့တွဲရိုက်ရတဲ့ ဇာတ်ကားဆိုရင်တော့ ရှုတင်မှာတင် တွေ့ချိန်ပိုရတာပေါ့"

"အင်း .... လေ"

ရွှန်းရွှန်းလည်း ရှေ့ဆက် ဘာပြောရမှန်း မသိတော့ပေ။

"မနက်ဖြန် ညဦးပိုင်းလောက်တော့ ထွန်းထွန်းရောက်လာမှာပဲ၊ နင် ရှောင်နေမှာလား သရဖီ"

"မရှောင်တော့ပါဘူး ရွှန်းရွှန်းရယ်၊ နောင်လည်း တွေ့နေရဦးမယ့်ဟာ"

သရဖီက စိတ်ကို အလုံးစုံလျှော့လိုက်သည်။ လောလောဆယ် ဘာမှလည်း မစဉ်းစားချင်ပါ။ လာမည့်အေးပြေးတွေ့



www.burmeseclassic.com

www.burmeseclassic.com


ဆိုသောစကားက အပြောသာလွယ်သည်။ တကယ့်လက်တွေ့တွင် မလွယ်ကူမှန်း ခုမှ သိသည်။။

နောက်တစ်နေ့ ရွှန်းရွှန်းပြန်သွားတော့ သရဖီ အားငယ်ပြီးကျန်ခဲ့သည်။ စိတ်မပါဘဲ ရှုတင်ကို ထွက်လာခဲ့ရသော်လည်း အလုပ်ထဲနစ်သွားတော့ အားလုံးကို ခေတ္တမေ့သွားသည်။ သရဖီက ညရိုက်ကူးရေးမရှိသော်လည်း လက်ဆောင်က ရိုက်ကွင်းပေါ် ရောက်နေ၍ မတွေ့ဖြစ်တော့ဘဲ အိမ်သို့တန်းပြန်ခဲ့သည်။ အိမ်ကိုရောက်သည်နှင့်ရင်မောစရာက ဆီးကြိုနေသည်။

"ဟိုင်း ... သရဖီ၊ တို့ရောက်နေတာ တစ်နာရီလောက်ရှိပြီ၊ ဒီမှာ အန်ကန်တူးနဲ့စကားလက်ဆုံကျနေကြတာ"

ထွန်းသက်တင်က ဆီးကြိုပြောသည်။ နိုင်ငံခြားမှာ အနေကြာလာ၍ လူကိုနှုတ်ဆက်သံက 'ဟိုင်း'တွေဘာတွေနှင့် နိုင်ငံခြားဆန်နေသည်။

"ဒီမှာလေ ... ထွန်းထွန်းက နိုင်ငံခြားအတွေ့အကြုံတွေပြောပြနေတာသမီးရဲ့"

ဦးကြီးဖြစ်သူဦးချိုတူးက ထွန်းသက်တင်ရောက်နေတာကို သဘောကျပျော်ရွှင်နေပုံရသည်။ အင်းလေ ... ထွန်းသက်တင်ဆိုတာ ကျောင်းကတည်းက ပျော်ပျော်နေတတ်၍ ဦးကြီးဖြစ်သူက သဘောကျခဲ့သည်။

"နင် အရမ်းနာမည်ကြီးနေတာ တို့ကြားတယ် သရဖီ၊ ဟဲ ... ပြော အခု ဘာလိုက်ကျွေးမလဲ"

သရဖီ အတော်စိတ်အိုက်သွားသည်။ လူတစ်ကိုယ်လုံးနွမ်းနေကာ စကားပြောချင်စိတ်ပင် မရှိတော့ပေ။


www.burmeseclassic.com

www.burmeseclassic.com



"သရဖီက တစ်နေကုန် ပူပူလောင်လောင်နဲ့အလုပ်လုပ်လာတာ ပင်ပမ်းနေပြီလေ၊ ပြီးတော့ အရင်လို အပြင်ကို သွားချင်တိုင်းသွားလို့ ဘယ်ရမလဲ"

ခွါညိုဝမ်းက ဝင်ပြော၍သာ တော်တော့သည်။ မကောင်းတတ်၍ သရဖီ ဝင်ထိုင်လိုက်သော်လည်း ယခုချိန်ထိ သရဖီ စကားတစ်လုံးမှ မပြောဖြစ်သေးပါ။

"ကိုထွန်းထွန်းကြီး နိုင်ငံခြားမှာ မိန်းမရနေပြီလို့ကြားပါတယ်"

အထက်ပါစကားကို အင်ကြင်းဝမ်းက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သရဖီတို့တောင် မသိသော ထိုစကားမျိုးကို ကလေးက ဘယ်လိုသိပြီး ပြောလိုက်ပါသနည်း။ မည်သို့ပင်ဖြစ်စေ ထွန်းသက်တင်ရဲ့ မျက်နှာ ကွက်ခနဲပျက်သွားတာတော့ အမှန်ပင်။

"ဟဲ ဟဲ ညီမလေးကလည်း နောက်နေပြန်ပြီ၊ ဒါတွေက အလကား ကောလဟာလတွေပါ၊ ဟဲ ဟဲ ဟဲ ဟဲ"

"တချို့ ကောလဟာလတွေက မှန်တတ်တယ် မဟုတ်လား၊ ညီမက အမှန်အကန်အတိအကျကို ကြားထားတာ"

"ဟား၊ သရဖီ့ညီမလေးက မလွယ်ပါလား၊ လုပ်ပါဦး သရဖီရဲ့ ... စကားလေးဘာလေးပြောပါဦး၊ ရောက်ကတည်းက စကားကိုမပြောသေးဘူး"

"ဘာပြောရမှာလဲ' နေကောင်းလား၊ စားပြီးပြီလား၊ အဲသလိုလား"

"သရဖီက နောက်နေပြန်ပြီ၊ ကဲပါ ဒီနေ့ ပင်ပမ်းလာတယ်ဆိုလည်း နောက်နေ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိနဲ့ထွန်းထွန်း၊ ဒီတစ်နှစ်လုံး ငါအားမှာမဟုတ်ဘူး ကားရိုက်ရက်တွေ ဆက်နေတာ"

"နာမည်ကြီးမင်းသမီးဖြစ်နေပြီပဲ၊ တစ်ခါတလေလည်း ကားရိုက်ဖျက်ပေါ့ ဘယ်သူဘာပြောရဲမလဲ"

"ငါအလုပ်အပေါ် အဲသလိုအခွင့်အရေးမျိုး ဘယ်တော့မှ မယူဘူးသိလား"

"သရဖီကလည်းဟာ၊ တို့ပြန်လာတဲ့အချိန်လေးကို ... ဒါဆိုလည်း ရိုက်ကွင်းလိုက်ခဲ့မယ်"

ထွန်းသက်တင်စကားကြောင့် သရဖီ လန့်ဖြန့်သွားသည်။ ခွါညိုဝမ်းက ...

"အောင်မလေး မောင်မင်းကြီးသားရယ်၊ အနုပညာသမား ဆိုတာ နဂိုကတည်းကမှ လူပြောသူပြောများချင်ရတဲ့အထဲ အဲသလိုတော့ မလုပ်လိုက်ပါနဲ့"

"ဒါတော့ ဟုတ်တယ် မောင်ထွန်းထွန်းရေ၊ သူတို့ အလုပ်က မလွယ်ဘူး"

ဦးချိုတူးကပါ ဝင်ပြော၍ ထွန်းသက်တင် ငြိမ်သွားသည်။ "အိမ်လာလည်တာတောင် လွန်လှပြီ" ဟူသော အင်ကြင်းဝမ်း နောက်ဆက်တွဲစကားကြောင့် ပို၍ ငြိမ်သွားသည်။

သရဖီက အိမ်ရှင်ဝတ္တရားအရ ထမင်းစားသွားဖို့ လောက ဝတ်ပြုသော်လည်း ကော်ဖီတစ်ခွက်သာသောက်ပြီး ထွန်းသက် တင် ပြန်သွားသည်။

ထွန်းသက်တင် ပြန်သွားမှ အင်ကြင်းဝမ်းက ...

"ကြောင်သူတော် ကြွက်သူခိုး၊ မိန်းမရနေတယ်လို့ အစ်



www.burmeseclassic.com

www.burmeseclassic.com


လိုက်တာ ဟုတ်လိမ့်မယ်၊ မျက်နှာပျက်သွားတာ ကြည့်ပါလား"

သရဖို့မှာ 'အိုးဂေါ့'ဟု အော်၍သာ ကိုယ့်နဖူးကိုယ် ရိုက်လိုက်ချင်ပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


ဂု --- (၁၈) --- ဂု

အလုံးအရင်းနှင့်ဝင်ရောက်လာသော ပြဿနာကြီးကြောင့် သူ တော်တော်စိတ်ညစ်နေမိသည်။ ဤကိစ္စကို သရဖီသာ သိသွားပါက မလည်ရှုပ်လုပ်သည်ဟုထင်ကာ ပူပူနွေးနွေးရရှိထားသော တရားဝင်ရည်းစားဖြစ်ခွင့်ပါမစ်ကလေး အသိမ်းခံသွားရနိုင်သည်။ ဒါမှမဟုတ် သျှားအိနှင့်ကိစ္စကို အကျိုးအကြောင်းဦးစွာ ရှင်းပြလိုက်ရလျှင် ကောင်းမလားဟုလည်း ဝေခွဲမရစွာတွေးသည်။

"ခုတလော ကို မျက်နှာမကောင်းပါလား၊ ဘာတွေဖြစ်နေတာလဲ"

သူနှင့်တွေ့စဉ် သရဖီက ထိုသို့မေးလာသည်။ ဒါကို သူက ...

"ဟင်း ... ကိုယ့်ကိုသာပြောနေတယ်၊ သရဖီကရော


www.burmeseclassic.com

www.burmeseclassic.com



ခုတလော မျက်နှာမကောင်းသလိုပဲ"

"ကို ထင်လို့ပါ"

နှစ်ယောက်သား ငြိမ်သွားကြပြန်သည်။ ပြီးမှ သူက မထူးဟု သဘောထားကာ ...

"ကိုယ် သရဖီ့ကို တစ်ခု ဝန်ခံစရာရှိတယ်၊ အဲသလို ဝန်မခံခင် တစ်ခုလောက် ကြိုပြောချင်တာက ဘယ်လိုပဲဖြစ်ဖြစ် ကိုယ် သရဖီ့ကို သိပ်ချစ်တယ်ဆိုတာပါပဲ"

သူ့စကားကြောင့် သရဖီ့မျက်လုံးကလေးတွေ ဝိုင်းဝိုင်းလည်သွားတာကိုတွေ့ရသည်။ သူ့ကို သရဖီ ခွင့်မလွှတ်ပါ့မလားဟူ၍လည်း စိုးရိမ်မိသည်။

"ပြောလေ ကို၊ ဘာပြောမှာလဲ"

"ဟင့် ... အင်း"

"ဘာ ... ဟင့်အင်းလဲ၊ မပြောတော့ဘူးလား"

"ဟင့် ... အင်း၊ ပြောမှာပါ"

"အဲဒီ အကျင့်ကြီးက မပျောက်သေးဘူးလား"

"ဟင့် ... အင်း၊ အဲ ... ပျောက်ပါပြီ၊ ကိုယ်က စိတ်လှုပ်ရှားလာရင်၊ စိုးရိမ်ပူပန်မှုတွေရှိလာရင် အဲသလိုပဲ ဖြစ်လာတတ်လို့ပါ"

သူက ချောင်းတစ်ချက်ဟန့်လိုက်ပြီးမှ စကားစသည်။ သျှားအိနှင့်လူကြီးချင်း၊ လူငယ်ချင်းရင်းနှီးခဲ့သည်မှစ၍ သူ့ဘက်က ခပ်ပေါ့ပေါ့ပြီးစလွယ်ခေါင်းညိတ်ခဲ့မိသည်ကို ပြောပြလိုက်တော့သည်။

"သရဖီနဲ့တွေ့မှ အချစ်ဆိုတာကို ခံစားနားလည်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်အတွက် ခုတော့ သိပ်စိတ်ဆင်းရဲနေရတယ် သရဖီရယ်"

သူ သရုပ်ဆောင်နေခြင်းမဟုတ်ပါ။ တကယ်ကို ခံစားချက်နှင့်ပြောနေခြင်းဖြစ်သည်။

"သရဖီရယ်၊ ကိုယ်လေ သိပ်စိတ်ညစ်တယ်၊ အဲဒီပြဿနာကို ဘယ်လိုဖြေရှင်းရမှန်းလည်းမသိဘူး၊ ကိုယ် သရဖီကလွဲရင် ဘယ်မိန်းကလေးကိုမှ လက်မထပ်နိုင်ဘူး"

"သရဖီလည်း ကိုကလွဲရင် ဘယ်သူ့ကိုမှ မချစ်ဘူး၊ လက်မထပ်နိုင်ပါဘူး"

သူ သရဖီ့တုန့်ပြန်မှုကြောင့် အံ့သြသွားသည်။ သူ့စကားကြောင့် သရဖီစိတ်ဆိုးပြီး အထင်လွဲသွားလိမ့်မည်ဟု ထင်ထားခဲ့သည်။ သရဖီက ...

"သရဖီနဲ့ကိုနဲ့က အဖြစ်အပျက်ချင်းတူနေတယ်၊ သရဖီလည်း ကို့ကို ဝန်ခံစရာရှိတယ်"

"ဟုတ်လား၊ ဘာများလဲ"

"သရဖီလည်း အခု သိပ်စိတ်ညစ်နေတယ်"

"ဟင်! ဘာဖြစ်လို့လဲ"

သူမေးလိုက်တော့မှ သရဖီ့မျက်ဝန်းတွင် မျက်ရည်စတွေဝဲလာသည်။ ပြီးမှ သနားစဖွယ်ရှိုက်သံလေးဖြင့် ဇာတ်ကြောင်းကို ပြောပြသည်။

"သရဖီလေ ကိုနဲ့မတွေ့ခင်က အချစ်ဆိုတာ ဘာမှန်းမသိဘဲ မိုက်မှားခဲ့မိတဲ့အမှားပါ၊ ခုတော့ ဒုက္ခရောက်နေရပြီ၊ သရဖီလေ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူး ကိုရယ်"

သရဖီ့စကားကြောင့် သူလည်း တော်တော်ကို စိတ်ရှုတ်


www.burmeseclassic.com

www.burmeseclassic.com


သွားသည်။

သူတို့နှစ်ယောက်ရဲ့အဖြစ်က တကယ့်ကို ဆုပ်လည်းစူး စားလည်းရူးရမည့်အခြေအနေ။

"ခေါင်းအေးအေးထား သရဖီ၊ သိပ်လည်း စိတ်ညစ်မနေပါနဲ့၊ ပြီးတော့ ဟိုတစ်ယောက်ကို ခုလောလောဆယ်တော့ အလိုက်အထိုက်ဆက်ဆံပြီးနေလိုက်၊ ကိုယ်လည်း ဒီလိုပဲ အလိုက်အထိုက်ဆက်ဆံနေရတယ်၊ ပြီးမှ ... ကိုယ်တို့ နည်းလမ်းရှာကြတာပေါ့"

"အရမ်းလုပ်လို့လည်း မဖြစ်ဘူးနော်"

"ဒါပေါ့ သရဖီရယ်၊ ကြမ်းလို့တော့ ဘယ်ဖြစ်မှာလဲ၊ ပညာသားပါပါနဲ့ ကြိုးစားကြံစည်ကြည့်ရမှာပေါ့၊ သူတို့ဖာသာနောက်ဆုတ်သွားကြရင်တော့ အကောင်းဆုံးပဲ"

"လွယ်မယ်တော့မထင်ဘူး ကိုရယ်"

"စိတ်ရှည်သည်းခံရမှာပေါ့ အချစ်ရယ်၊ ကိုယ်တို့က တစ်ယောက်နဲ့တစ်ယောက်သိပ်ချစ်တယ်မဟုတ်လား"

"အင်း"

သူ့ရဲ့အားပေးစကားကြောင့် သရဖီစိတ်အေးချမ်းသာသွားပုံရသည်။ အဲဒီနောက် ... သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပိုပြီးနားလည်ခဲ့ကြသည်။ အလုပ်မအားတာကိုအကြောင်းပြု၍ သူ့ မင်္ဂလာပွဲကိစ္စကို အချိန်ဆွဲထားနိုင်ခဲ့သလို သရဖီကလည်း ထွန်းသက်တင်ကို အတော်အတန်ရှောင်နိုင်ခဲ့သည်။

ဤသို့ဖြင့် နေ့ရက်လအချို့ကုန်လွန်ခဲ့သည်။ ဒီထက်ကြာလျှင် ခက်ကုန်တော့မည်။ တစ်ခုခုတော့ ပြတ်ပြတ်သားသား ဆုံး


www.burmeseclassic.com

www.burmeseclassic.com


ဖြတ်မှ ဖြစ်ပေတော့မည်။

ဆုံးဖြတ်ဆို ယခုတစ်ခေါက်ပြင်ဦးလွင်ရိုက်ကွင်းရေးမှ ပြန်လာလျှင် ပြီးပြတ်ဖို့လိုသည်။

အကြောင်းမှာ သျှားအိန္ဒင့်လက်ထပ်ဖို့ မိဘတွေက နောက်ဆုံးအကြိမ် ရာဇသံချမှတ်လိုက်ပြီမဟုတ်လား။

ထို့အတူ သရဖီကလည်း မပြီးပြတ်ခဲ့သောဇာတ်လမ်းတစ်ခုကို ရေရှည်အချိန်ဆွဲ၍ မကောင်းတော့ပြီ။

သြော် ... အနိစ္စ၊ ဒုက္ခ၊ အနတ္တ။

--- ဂုဂု ---



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

"စာစောင်တွေ၊ စာစောင်တွေ၊ ယခုတစ်ပတ်ထွက်တဲ့ စာစောင်အသစ်တွေ၊ တစ်ချိန်တည်းတစ်ပြိုင်တည်း အောင်မြင်မှုရ ခဲ့တဲ့ အချောတကာ့ထိပ်ခေါင် ရွှေမင်းသားနဲ့ ရွှေမင်းသမီးလေး တို့ရဲ့ ကြေကွဲဖွယ်ဖြစ်ရပ်"

ဂျာနယ်သမားလေးကပဲ အအော်ကောင်း၍လား၊ ဖြစ်ရပ် ကပဲ ဆန်း၍လားမသိ။ လူတွေအားလုံး စိတ်ဝင်စားကုန်ကြသည်။

"ပြင်ဦးလွင်ကနေ ရုပ်ရှင်ရိုက်ပြီးအပြန် ကားအက်စီးဒင့် ဖြစ်ခဲ့တဲ့ ဟင့်အင်းမင်းသားနဲ့အိုးဂေါ်မင်းသမီးဆိုပြီး စတင်နာမည် ကြီးခဲ့တဲ့ မင်းသားလက်ဆောင်နဲ့ မင်းသမီးသရဖီဝမ်းတို့အကြောင်း စုံစုံလင်လင်ပါတဲ့ ဆည်းဆာဂျာနယ်ထွက်နေပါပြီ၊ သူတို့ အခုတွေ ဘယ်လိုဖြစ်သွားကြသလဲဆိုတာ သိချင်ရင် ဝယ်ဖတ်ကြည့်ပါ"



www.burmeseclassic.com

www.burmeseclassic.com

လူအများက တအံ့တသြစုတ်သပ်ကြပြီး စာစောင်တွေ အလုပ်အယက်ဝယ်ကြသည်။

"ဟယ် ... ဘာများဖြစ်သွားလဲ"

"သေသွားပြီတဲ့လား"

"ဘုရား ဘုရား၊ ခုမှ အောင်မြင်ခါစ ငယ်ငယ်လေးတွေ ရှိသေးတယ်"

"သူတို့အတွဲလေးက သိပ်ပြီးလိုက်ဖက်တာ နှစ်ယောက်စလုံးက မှုံနေအောင်ချောတာ"

ပြည်သူချစ်သော အနုပညာရှင်တွေမို့ ပရိသတ်က စိုးရိမ်ကြသည်။ ကြားရသော သတင်းစကားကလည်း ထိတ်လန့်တုန်လှုပ်စရာကောင်းလွန်းလှသည်။

"ဟဲ့ ... ငါဖတ်ပြီးပြီ၊ မင်းသားက မျက်စိနှစ်ဖက်စလုံး မမြင်ရတော့ဘူးတဲ့၊ မင်းသမီးက ခေါင်းဒဏ်ရာကြောင့် အာရုံကြောထိပြီး စကားမပြောနိုင်တော့ဘူးတဲ့၊ အတိတ်လည်း မေ့သွားပြီဆိုပဲ"

"ဟယ် ... ဖြစ်မှဖြစ်ရလေ၊ သနားလိုက်တာ"

"ဒုက္ခပါပဲ၊ ကျွတ် ကျွတ် ကျွတ်"

ထိုသတင်းသည် တစ်မဟုတ်ချင်း တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့လေသည်။

"ကောလဟာလများလား၊ မင်းသား၊ မင်းသမီးတွေ ဒီလိုပဲ သတင်းထွက်နေကျပဲဟာ"

"ကောလဟာလမဟုတ်ဘူး၊ တကယ် ... ငါ ဖုန်းဆက်မေးကြည့်ပြီးပြီ၊ သူတို့အိမ်က မိသားစုတွေကိုယ်တိုင်ပဲ အခု

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တော့ ဒီသတင်းအမှန်ပဲလို့ဖြေကြတယ်"

"ဩော်"

ဟုတ်သည်။ ဒီသတင်းကို ဖုန်းဆက်မေးသော ပရိသတ်တွေက နေ့စဉ် ဒုနဲ့ဒေးရှိသည်။ တစ်နေ့တစ်နေ့ လာလိုက်သည့်ဖုန်း၊ လာလိုက်သည့်သတင်းထောက်တွေက နည်းမှမနည်းပဲ။

သို့သော် မင်းသားကိုရော မင်းသမီးကိုပါ တွေ့ခွင့်မပေးပါ။ ဖြေစရာများကို ရဲဆွေနှင့်ခွါညိုဝမ်းတို့က ဒိုင်ခံဖြေပေးလေသည်။

"မင်းသားနဲ့မင်းသမီးကို နိုင်ငံခြားမှာ ဆေးသွားမကုဘူးလား"

"ပျောက်မယ်ဆိုရင်တော့ သွားကုရမှာပေါ့"

"ဒီက ဆရာဝန်တွေက ဘာပြောသလဲ"

"လုံးဝပြန်မကောင်းနိုင်ဘူးလို့ပြောပါတယ်"

"အိုး ... ဘုရား ဘုရား၊ အခု သူတို့တွေ အိမ်မှာပဲပေါ့"

"ဟုတ်ပါတယ်၊ နားနားနေနေနဲ့အနားယူနေကြပါတယ်၊ ဘယ်သူမှတွေ့ခွင့်မပေးနိုင်ပါဘူး"

— ဏှ ဏှ —



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် အချိန်တွေ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသည်။ အခြေအနေတွေအားလုံးလည်း ငြိမ်သက်အေးဆေးစပြုပြီ။ လူတွေအားလုံးလည်း ကိုယ့်အလုပ်ကိုယ်လုပ်ကြရင်း ဒီအဖြစ်အပျက်ကို မေ့လျော့စပြုလာကြလေသည်။

— ၇၇ —

"လူတွေရဲ့အတွာဟာ သိပ်ပြီးကြောက်စရာကောင်းလှပါလားကွယ်"

သူ့မိခင်၏ မျက်ရည်တစမ်းစမ်းနှင့်ပြောနေသံကို ကြားရသည်။

"ငယ်ကတည်းက ပေါင်းသင်းလာတဲ့မိတ်ဟောင်းဆွေဟောင်းတွေ ... သားလေးမျက်စိကွယ်သွားပြီဆိုတာနဲ့ တာ့တာပြလက်ခါပြီး ထွက်သွားလိုက်ကြတာ ... ဟင်း"

"ဒါတော့ကွာ၊ အဲဒါကိုက လူ့သဘောပဲမဟုတ်လား၊ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်သားသမီးကို အကန်းနဲ့တော့ ဘယ်သူက ပေးစားချင်ကြမှာလဲ"

"အိုတော် ... အဖေကြီးကလဲ ... သားကို အကန်းလို့မပြောပါနဲ့ ... အဟင့် ဟင့်"

မေမေက ငိုလေပြီ။ သူ မိဘတွေ စိတ်ဆင်းရဲနေတာကို မမြင်ချင်ပါ။ ထို့ကြောင့်လည်း ဧည့်ခန်းက ခုံတစ်ခုံတွင် ဝင်ထိုင်


www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တည့်တည့်မတ်မတ်ဝင်ထိုင်လာသော သူ့ကို ဖေဖေနှင့်မေမေက တအံ့တဩကြည့်လာသည်။ သူက ...

"အဲဒီအကန်းကိုယူမယ့်သူရှိပါတယ်"

"ဘာ"

"ဘယ်လိုကွယ့်"

"သရဖီပါ၊ ကျွန်တော့် သူ့ကို လက်ထပ်ချင်ပါတယ်"

"အလိုတော် ... ဟိုက ဆွံ့အပြီးအတိတ်မေ့နေတဲ့ဟာကို"

"မင်းကလည်း အခု ဒီလိုဖြစ်နေတာ"

"ကျွန်တော်တို့နှစ်ယောက်စလုံး အရင်ကလို အကောင်းပကတိအတိုင်းပဲဆိုရင် ဖေဖေနဲ့မေမေတို့က ပေးစားမှာလား"

"ဟော"

"ဘာပြောတယ်"

— ၈ ၈ —



www.burmeseclassic.com

www.burmeseclassic.com

"ဆည်းဆာဂျာနယ်တွေ၊ သတင်းထူးပါတယ်၊ သတင်းထူးတွေပါတယ်၊ ဟင့်အင်းမင်းသားနဲ့အိုးဂေါ်မင်းသမီး အရင်အတိုင်းကျန်းမာကောင်းမွန်ပြီး မကြာခင်လက်ထပ်တော့မယ့်သတင်းတွေ"

အိမ်ရှေ့လမ်းမကြီးပေါ်မှ ဂျာနယ်ရောင်းသမားလေးအော်သံကြောင့် သူရောသရဖီပါ ပြုံးမိကြသည်။ ခုဆို သူတို့ ချစ်ခရီးလမ်းက ဖြောင့်ဖြူးသာယာခဲ့ပြီမဟုတ်ပါလား။

"သရဖီလည်း အတိတ်မေ့ပြီး ဆွံ့အ,သွားတယ်ဆိုရော ကိုယ်တော်ချောက နိုင်ငံခြားကို တစ်ခါတည်း လစ်ပြေးသွားတော့တာပဲ၊ ဟင်း ဟင်း"

"ကိုယ်တို့ရဲ့ဟန်ဆောင်အလိမ်အညာတွေကြောင့် လူကြီးတွေတော့ တော်တော်စိတ်ဆင်းရဲခဲ့မှာပဲနော်"

"ဒါတင် ဘယ်ကမလဲ ကိုရဲ့၊ ပရိသတ်တွေလည်း စိတ်ထိခိုက်ဝမ်းနည်းကြရတာ စိတ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ အကောင်းဆုံး ကြိုးစားသရုပ်ဆောင်ပြီး ပရိသတ်တွေကို ပြန်လည်ပေးဆပ်ကြရအောင်နော် သရဖီ"

"အင်းပေါ့"

ပရိသတ်တွေကတော့ ဆေးကုသ၍ ပြန်လည်ကောင်းမွန်သွားသည်ဟု ထင်ကြပေလိမ့်မည်။ တကယ်တော့ သူတို့နှစ်ယောက်သည် ပိပိရိရိဟန်ဆောင်လိမ်ညာခဲ့ကြရင်း ရွှေရည်စိမ်လက်ထပ်မင်္ဂလာပွဲမျိုးကို တော်လှန်ခဲ့ကြခြင်းပင်ဖြစ်လေသည်။

— ဂုဏ ဂုဏ —



www.burmeseclassic.com

www.burmeseclassic.com

ခုတော့လည်း သူနှင့်သရဖီတို့ရဲ့ချစ်ခရီးလမ်းက သာယာဖြောင့်ဖြူး၍ နေသည်။ သူနှင့်သရဖီက မခွဲမခွာအမြဲသာ တပူးတွဲတွဲရှိနေခဲ့ကြသည်။ ပျော်မဆုံးမော်မဆုံးနှင့်အပြုံးတွေလှိုင်လှိုင်ဝေရင်း ရင်ခုန်လှုပ်ရှားနေကြသည်။

ဒီနေ့က သူနှင့်သရဖီတို့ရဲ့ မင်္ဂလာဆွမ်းကျွေးတဲ့နေ့။ ခြံဝင်းကြီးတစ်ခုလုံးရော အိမ်ထဲမှာပါ ဧည့်ပရိသတ်တွေ၊ သတင်းထောက်တွေ၊ ဆွေတော်မျိုးတော်တွေ တလှုပ်လှုပ်တရွရွဖြင့် စည်ကားနေသည်။

မင်္ဂလာဆွမ်းကနေ့ဆွမ်းဖြစ်၍ သတို့သမီးမှာ အလှပြင်နေဆဲဖြစ်သည်။

"ဟဲ့ ...သရဖီ၊ နင် တော်တော်လည်းတတ်နိုင်တာပဲနော်"

"ဘာလဲ ရွှန်းရွှန်းရဲ့"

ရွှန်းရွှန်းက သရဖီအလှပြင်နေတဲ့ဘေးမှာထိုင်ရင်း စကားတွေ ဖွတ်ထိုးနေသည်။

"ထွန်းထွန်းကို သူ့စရိတ်နဲ့သူ ဆုတ်ခွာပြေးသွားအောင် အကြံကောင်းတာကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

သရဖီက နှုတ်ခမ်းကို လက်ညှိုးနှင့်တေ့၍ ရွှန်းရွှန်းကို တိတ်တိတ်နေရန် အချက်ပြသည်။ ရွှန်းရွှန်းက ...

"ငါ ဘာမှမပြောပါဘူး၊ သိပြီးသားတွေပဲဟာ"

ဘာမှမပြောဘူးဆိုသော်လည်း ရွှန်းရွှန်းသည် ခဏကလေးသာငြိမ်၍ ပြောမြဲပြောလာပြန်သည်။

"လက်ဆောင်ကိုလည်း အံ့ဩတာပါပဲ၊ နင်တို့ဟာလေ သရုပ်ဆောင်တွေလို့ မပြောရဘူး၊ ပိပိရိရိသရုပ်ဆောင်ပြသွားခဲ့ကြတာပဲ"

ရွှန်းရွှန်း ဘာကိုဆိုလိုမှန်း သရဖီက နားလည်သော်လည်း အလှဖန်တီးရှင်မာမီကတော့ သူ့ဟာသူ ဘယ်လို နားလည်သည် မသိ။ ပြုံးနေသည်။

"သရဖီ၊ မပြီးသေးဘူးလား"

သူက အခန်းတံခါးကိုဟပြီး ခေါင်းဝင်လျှိုမေးလိုက်သည်။ သရဖီက ...

"ကိုရော ပြီးပြီလား"

"အင်း"

"မင်းသမီးလည်းပြီးပြီ မင်းသားရေ၊ အခု အဝတ်လဲရုံပဲ ကျန်တော့တယ်"

"ကောင်းပါပြီ မာမီရယ်၊ ကျွန်တော် သွားပါတော့မယ်၊ မဝင်ပါဘူး"

သူသည် ဧည့်ခန်းသို့ထွက်ခဲ့ကာ ဟိုဒီလျှောက်ကြည့်နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးကြွလာတော့မယ်တဲ့နော်"

သရဖီအဒေါ်စိမ်းမြက လှမ်းအော်သတိပေးသည်။ သူ သရဖီအခန်းထဲပြန်ဝင်ခဲ့တော့ အဝတ်အစားလဲပြီးနေပြီ။

"ဘယ်လိုလဲ မင်းသား၊ သတို့သမီးလေးလှရဲ့လား"

"ဘယ့်နှယ်ပြောလိုက်ပါလိမ့်မာမီရယ်၊ လှလွန်းလို့ ပြောစရာစကားတောင် မရှိတော့ဘူး"

"ဒါ မာမီ ဘာမှသိပ်ပြင်ပေးရတာမဟုတ်ဘူး၊ ရိုက်ကွင်းမှာလည်း ဒီလိုပဲ နည်းနည်းပါးပါးလိမ်းရင် ပြည့်စုံနေပြီ"

သူက သူ့ချစ်သူလေးအတွက် ကျေနပ်ဂုဏ်ယူမိသည်။

"ဘုန်းကြီးကြွလာပြီ"ဟူသောအသံကြောင့် သူနှင့်သရဖီ အခန်းထဲကထွက်ပြီး နေရာယူသည်။ တဖျပ်ဖျပ်လင်းနေသော ကင်မရာမီးများက မျက်စိပင်ကျိန်းလာသည်။

ဘုန်းကြီးက ဦးချိုတူးနှင့်ဆရာရင်း၊ ဒကာရင်းမို့ ဆွမ်းအရင်ဘုဉ်းပေးပြီးမှ အေးအေးဆေးဆေးတရားဟော၊ ဩဝါဒစကားပြောရန်မိန့်သည်။

ထို့ကြောင့် ဆွမ်းအရင်ကပ်သည်။ ထို့နောက် တရားဟောပြောပြီးပြန်ကြွဖို့ပြင်သည်။ ဘုန်းဘုရားတွေနှင့်အတူ ဆက်ကပ်လှူဒါန်းထားသော လှူဖွယ်ဝတ္ထုနှင့်လှူဖွယ်ပစ္စည်းကန်တော့ပွဲများကို ကားပေါ်တစ်ခါတည်းတင်ပေးဖို့ ဒါယိကာတွေက ပြင်ဆင်ကြ၊ ဆွဲကြ၊ မ,ကြသည်။

ထိုအချိန်မှာပဲ မမျှော်လင့်သော ကိုးရိုးကားယားနိုင်မှုကြီးတစ်ခု ဖြစ်သွားခဲ့လေသည်။

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com


"အမေ့ ... ငါ့ကန်တော့ပွဲတွေပြန်ပေး"

ရှီးကေ့(စ်)ဘီ ရိုပေါ်တက်အိပ်နေသော ကြောင်က အောက်ကိုခုန်ချလိုက်သောအခါ ရေဘူးနှင့်ရေခွက်ထည့်ထားသော လင်ဘန်းပေါ်တဲ့တဲ့ကျသွားသည်။ မမျှော်လင့်သောအချိန် မမျှော်လင့်သော အသံကြီးကြောင့် သရဖီ့ခမျာ အလွန်အမင်းထိတ်လန့်သွား၏။

ထိုအခါ အကျင့်ဟောင်းက ပြန်ပေါ်လာပြီး မဟုတ်တယုတ်ပေါက်ကရယောင်အော်မိတော့သည်။

"ဟေ ... မင်းသမီးက သူ့ကန်တော့ပွဲပြန်တောင်းနေပါလား မင်းသားရဲ့ ... ဟား ဟား ဟား ဟား"

ဘုန်းဘုန်းကပြောပြီးရယ်သည်။ သူလည်း ဘာပြန်ပြောရမှန်းမသိဘဲ အားတုန့်အားနာဖြင့် စပ်ဖြဲဖြဲသာ လုပ်နေလိုက်ရသည်။ သရဖီက ...

BURMESE CLASSIC

"ကန်တော့ ... ကန်တော့ပါအရှင်ဘုရား ... တပည့်တော်က အရမ်းယောင်တတ်လို့ပါ ဘုရား"

သူက သူ့နဖူးသူ လက်ဝါးနှင့်ရိုက်၍ "အိုးဂေါ့"ဟု မြည်တမ်းလိုက်မိသည်။

ပတ်ဝန်းကျင်ရှိလူများလည်း တသောသော တအုန်းအုန်းရယ်မောကြလေသည်။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်


www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ထိချက်ပြင်းတဲ့မြား

၂။ ပန်းနုအားလည်တဲ့လိပ်ပြာလေး

၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို

၄။ ဆွဲလက် (Power King) ဗွီဒီယို

၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်

၆။ အချစ်ကယ် (Power King) ဗွီဒီယို

၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို

၈။ မမီမကမ်းနဲ့ မလွမ်းချင်ဘူး

၉။ ဖွ ... ဟဲ့

၁၀။ နှလုံးသားချင်းဆိုင်

၁၁။ ကြောင်ခြစ်တဲ့ဖူးစာ

၁၂။ နှင်နဲ့ငါ (Power King) ဗွီဒီယို

၁၃။ ကဲ

၁၄။ ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



၁၅။ အချစ်ရှာ (အောင်တိုင်းကျော်) ဗွီဒီယို
၁၆။ အလင်းရောင်ရဲ့ကျွန်း
၁၇။ ဖန်ဆင်းရိုပ်
၁၈။ ဝှစာ
၁၉။ ချစ်ရတာ အဆင်ပြေလား
၂၀။ ဗလာမပါ ချစ်ကံစမ်းမဲ (လပ်ကီးပလေ့) ဗွီဒီယို
၂၁။ ချစ်လက်ခုပ်
၂၂။ အလွမ်းလား နားထား
၂၃။ နှစ်သက်နှင်းဆီ
၂၄။ ကတ်သီးလေး

---

ယခုလ

---

၂၅။ ဟင့်အင်းမင်းသားနှင့် အိုးဝေါ်မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com

# အမိမေတ္တာနဲ့ သမီးမိုက်

ရင်ဝယ်ပိုက်ကာ
သမီးအမိုက်ကို
လျစ်လျူမရှု
သားပြုမထား
ချစ်ပျူစွာဖြင့်
ရင်ဝယ်အေးစေ
ချစ်သမီးလေးကို
မြှုစုပျိုးထောင်
အချစ်တံခွန်တောင်
လွှင့်ထူထောင်စေသော
သမီးချစ်မေမေ
တရုဏ်ဘာရှင် ဒီအမေကို
ပြစ်မှား အမိုက်
သမီးမိုက်ကို
မွေးခဲ့အမေက
မရက်စက်စွာ
မေတ္တာတရားနဲ့
ကျွေးမွေးမပျက်
ဒီသမီးကို
မသက်မငဲ့
အရှက်မဲ့စွာ

ဒီသမီးအတွက် ရှေ့ရေးကို
စိမ်ခဲ့တဲ့အမေ
အခု ...
သမီးအသိနောက်ကျ
သမီးမိုက်က (အမေ) ကို
ဘယ်လိုကျေးဇူးဆပ်ရမလဲ
အမေ
အမေကိုဦးညွှတ်
တမ်းတမှုပေါင်းများစွာနဲ့
အမေတစ်ယောက်
ကောင်းရာသုခ ဘုံဘဝကို
ရောက်ရှိပါစေ

အမေ

[illegible]

ရွှေကျင်မြို့

BURMESE CLASSIC
www.burmeseclassic.com